www.burmeseclassic.com

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့

၁၃၆၆ ခုနှစ်

# မြန်မာနိုင်ငံ စာဆိုတော်နေ့

## အခမ်းအနား

ကန်တော့ခံ သက်ကြီးစာပေပညာရှင်များ၏
အတ္ထုပ္ပတ္တိအကျဉ်း

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံစာဆိုတော်နေ့
သက်ကြီးစာပေပညာရှင်များအား ကန်တော့ပွဲအခမ်းအနားတွင်
အခမဲ့ ဝေငှပါသည်။

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ ၁၀၀၀

ဦးမျိုးသန့် (၃၇၅၂)
(ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊
မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့)
အမှတ် ၅၂၉၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့က
ထုတ်ဝေ၍

ကန်တော့ခံ ဖခင်ကြီးဦးသောင်းညွန့်(သတင်းစာဆရာ)နှင့်
ကန်တော့ခံ စာပေပညာရှင်ကြီးများအား ဦးထိပ်ထားလျက်

ဒေါ်တင်ရည် ( မြဲ-၀၅၄၀၇ )
ပြည့်မြန်မာပုံနှိပ်တိုက်
အမှတ်(၈၀)၊ ကျိုက္ကဆံလမ်း(အလုပ်သမားဆေးရုံကြီးအနီး)
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၉၃၁၀၃၊ ၂၉၁၇၉၇
က စာအုပ်ပုံနှိပ်ခလျှုဒါန်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

စာမျက်နှာ


၁။ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏ ၁၃၆၆ ခုနှစ်၊ စာဆိုတော်နေ့သဝဏ်လွှာ — က

၂။ စာဆိုတော်နေ့ သမိုင်းအကျဉ်း — ၁

၃။ ကန်တော့ပွဲအစဉ်အလာ — ၅

၄။ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ၁၃၆၆ ခုနှစ်၊ မြန်မာနိုင်ငံစာဆိုတော်နေ့တွင် ပူဇော်ကန်တော့ခံမည့် အသက်(၈၀)နှင့် အထက် သက်ကြီးစာပေပညာရှင်များ — ၇

၅။ ၁၃၆၆ ခုနှစ်၊ ပူဇော်ကန်တော့ခံသက်ကြီးစာပေ ပညာရှင်များ အတ္ထုပ္ပတ္တိအကျဉ်း — ၁၅

၆။ ၁၃၆၆ ခုနှစ်၊ စာဆိုတော်နေ့အခမ်းအနားနှင့် စာပေဟောပြောပွဲများ ကျင်းပရာတွင် စနစ်တကျ စီစဉ်ဆောင်ရွက်ရန် ညွှန်ကြားချက် — ၂၀၂

၇။ ၁၃၆၆ ခုနှစ်တွင် ကန်တော့ခံမည့်သက်ကြီးစာပေပညာရှင်များ (အသစ်တိုးစာရင်း) — ၂၀၈

၈။ ၁၃၆၅ ခုနှစ်၊ ကန်တော့ခံစာပေပညာရှင်ကြီးများအနက် ကွယ်လွန်သူများစာရင်း — ၂၀၉


www.burmeseclassic.com

www.burmeseclassic.com

# ၁၃၆၆ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့

# သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နတ်တော်လဆန်း (၁)ရက်နေ့ကို 'စာဆိုတော်နေ့'အဖြစ် သတ်မှတ်ခဲ့ပေသည်။ နှစ်စဉ် နတ်တော်လဆန်း (၁)ရက်နေ့သို့ရောက်လျှင် စာဆိုတော်နေ့ကို အကြောင်းပြု၍ အမျိုးသားစာပေဆုနှင်းသဘင်၊ စာပေဗိမာန် စာမူဆုပေးပွဲ၊ အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲများကို နိုင်ငံတော်က ကြီးမှူး၍ ခမ်းနားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်လေသည်။

အမှန်စင်စစ်စာဆိုတော်နေ့သည်စာပေနှင့်စာနယ်ဇင်းဆိုင်ရာလောကသားအားလုံး၏ ဂုဏ်ယူဖွယ် အထိမ်းအမှတ်နေ့ကြီးတစ်ရပ်ဖြစ်ပေသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် စာဆိုတော်နေ့ကို ဂုဏ်ပြုလျက် သက်ကြီးစာပေပညာရှင်များကန်တော့ပွဲကို စည်ကားခမ်းနားစွာ နှစ်စဉ်ကျင်းပခဲ့သည်။ ကျင်းပရာတွင် စာပေနှင့်နိုင်ငံအကျိုး

www.burmeseclassic.com

ပြည်သူ့အကျိုးတို့ကို ဆောင်ရွက်ခဲ့သည့် စာပေပညာရှင်ကြီးများ၏ စာပေဂုဏ်တို့ကိုပူဇော်ရန်၊ အသက်အရွယ်ကြီးရင့်၍ အိုမင်းမစွမ်း ရှိနေသည့် စာပေပညာရှင်ကြီးများအား တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေရန်၊ နိုင်ငံတော်အတွင်း၌ စာပေပညာရှင်များနှင့် စာကောင်းပေမွန်တို့ကို မြတ်နိုးတန်ဖိုးထားသော စိတ်ဓာတ်ပြန့်ပွား၍ စာပေဖြင့်နိုင်ငံဖွံ့ဖြိုးအောင် ပြုစုပျိုးထောင်နိုင်ခြင်းအနှစ်သာရကို ပေါ်လွင်စေရန်၊ ခေတ်ပြိုင်စာရေးဆရာ၊ သတင်းစာဆရာများ၏ ချစ်ကြည်ရင်းနှီးစည်းလုံးပေါင်းစည်းမှုကို အထောက်အကူဖြစ်စေရန်နှင့်ပြည်သူတို့စာပေတန်ဖိုးနှင့် အကျိုးကျေးဇူးကို အစဉ်သတိရစေရန် ရည်ရွယ်ပါသည်။

ဤကဲ့သို့ စာပေပညာရှင်ကြီးများ၊ စာရေးဆရာ၊ သတင်းစာဆရာကြီးများအား စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုချီးမြှင့်ပူဇော်ကြခြင်းမှာ စာပေပညာရှင်ကြီးများသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာစာပေအမွေအနှစ်များကို ဆက်ခံထိန်းသိမ်းပြုစုကြရင်း မြန်မာစာပေထွန်းကားဖွံ့ဖြိုးမှုနှင့် မျိုးဆက်သစ်များထံလက်ဆင့်ကမ်းပေးသွားရမည့် သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သူများဖြစ်ခြင်းကြောင့်ဖြစ်ပေသည်။

စာပေသည် အမျိုးသားယဉ်ကျေးမှုအမွေပင် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို အကဲဖြတ်ရာ၌ စာပေသည် အဓိက အခြေပြုရသော ယဉ်ကျေးမှုကဏ္ဍတစ်ရပ်ပင်ဖြစ်သည်။ 'အလိမ္မာ စာမှာရှိသည်'၊ 'စာပေမြင့်မှ လူမျိုးတင့်မည်'ဟူသော ညွှန်းဆိုချက်များသည် နိုင်ငံနှင့်လူမျိုးအတွက် အမျိုးသားစာပေ၏ လေးနက်သော အခန်းကဏ္ဍကို မီးမောင်းထိုးပြလျက်ရှိပေသည်။

ထို့အတူ မျက်မှောက်ခေတ် စာပေပညာရှင်များကလည်း အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်ရင်း အမျိုးသားရေးလိုအပ်ချက်၊ သမိုင်း၏တောင်းဆိုချက်နှင့်အညီ မြန်မာစာပေရေး



www.burmeseclassic.com

www.burmeseclassic.com

သောက်မြစ်ကြီးနှင့်တကွ အကိုင်းအခက် အရွက်အလက် အပွင့် အသီးများဖြင့် ကြီးမားစည်ပင်ဖွံ့ဖြိုးလာစေရန် လိပ်ပြာနှိုး၍ဝတ်မှုန် ကူးကာ စာပေသစ္စာဖြင့် မဆုတ်မနစ် ကြိုးပမ်းအားထုတ်သွားကြရန် အလေးအနက် တိုက်တွန်းလျက် ဤစာသဝဏ်ကိုပါးလိုက်ရပေသည်။

ဦးလှမြိုင်(ကိုဆောင်း)
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့

ရက်စွဲ။ ။၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်



www.burmeseclassic.com

# စာဆိုတော်နေ့သမိုင်းအကျဉ်း

ဂျပန်ခေတ်၊ ပညာတံခွန်အသင်းသည် ကွမ်းခြံကုန်းမြို့၌ အဘိဓာန်နှင့် ပညာစွယ်စုံကျမ်းများ ပြုစုရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် ဦးပုညနေ့ ကျင်းပရေးအစီအစဉ်တစ်ရပ် ချမှတ်လုပ်ဆောင်ခဲ့ကြ၏။ ထိုအကြောင်းကို ရန်ကုန်မြို့ရှိ ပညာတံခွန်အသင်းကြီးသို့အကြောင်းကြားခဲ့သည်။ ထိုအခါ ပညာတံခွန်အသင်းကြီးက စာဆိုတော်တစ်ဦးတည်းအတွက် နေ့တစ်နေ့သတ်မှတ်ကျင်းပသည်ထက် စာဆိုတော်အများနှင့် သက်ဆိုင်သောနေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့်သတ်မှတ်ကျင်းပရန် စာပေပညာရှင်များ၊ ပညာတံခွန်အသင်းက ပုဂ္ဂိုလ်ကြီးများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းက ပုဂ္ဂိုလ်များသည် ၁၉၄၄ ခုနှစ်၊ မေလ(၈)ရက်တွင် စာဆိုတော်နေ့ကျင်းပရေး အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးကြီးက ဦးပုညနေ့အစား "ဗမာ့စာဆိုတော်နေ့"အဖြစ်ကျင်းပရန်နှင့် စာဆိုတော်နေ့ကို နှစ်စဉ် မြန်မာနှစ် နတ်တော်လဆန်း ၁ရက်နေ့တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ကြ၏။

ထိုဆုံးဖြတ်ချက်အရ ပထမအကြိမ် စာဆိုတော်နေ့ အခမ်းအနားကို ၁၉၄၄၊ နိုဝင်ဘာ ၁၅ (၁၃၀၆ ခုနှစ်)မှ စတင်ကျင်းပသည်။ ရန်ကုန်မြို့တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းက ဝိဇယပြဇာတ်ကခဲ့သည်။ အနယ်နယ်အရပ်ရပ်၌ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲများ၊ စကားရည်လုပွဲများ၊ စာပေသရုပ်ဖော်ပွဲများ၊ စာပေပြိုင်ပွဲများ၊ စာပေဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။

ထိုအခါမှစ၍ နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့တိုင်း စာဆိုတော်နေ့အခမ်းအနားများ ကျင်းပခဲ့သည်။ စာဆိုတော်နေ့အခမ်းအနားများကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ဦးစီးကျင်းပသည်။ စာဆိုတော်နေ့ အခမ်းအနား၌ သက်ကြီးဝါကြီးစာရေးဆရာကြီးများကို ကန်တော့ခဲ့ကြ၏။ စာပေဟောပြောမှုများ လုပ်ခဲ့၏။



www.burmeseclassic.com

ညပိုင်းတွင်မူ ရှေးစာဆိုတစ်ဦးဦး၏ အတ္ထုပ္ပတ္တိကို ဇာတ်အိမ်ဖွဲ့ကာ ပြဇာတ်ကခဲ့ကြ၏။ ယင်းသို့ ပြဇာတ်ကခြင်းမှာ စာပေသဘောအရ စာဆိုတော်ကြီးများကို ဂုဏ်ပြုခြင်းဖြစ်သည်။ နေ့ပိုင်းအခမ်းအနားများမှာ စာရေးဆရာများသာ ပါဝင်ဆင်နွှဲနိုင်သော အခမ်းအနားသက်သက်သာဖြစ်ခဲ့ပြီး၊ ညပိုင်းပြဇာတ်များမှာမူ ပြည်သူအများကြည့်နိုင်သော ပြဇာတ်များဖြစ်၏။ ထို့အပြင် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် 'စာရေးဆရာ'၊ 'စာပေ'စသည့် စာစောင်များ၊ မဂ္ဂဇင်းများ ထုတ်ခဲ့ကြ၏။

၁၃၁၂ စာဆိုတော်နေ့ (၁၀-၁၂-၅၀)တွင် စာဆိုတော်နေ့အခမ်း အနားကို လူထုအစည်းအဝေးအခမ်းအနားကြီးအဖြစ် လှုံ့ဆော်စည်းရုံးကျင်းပခဲ့၏။ ထိုအခါမှစ၍ စာဆိုတော်နေ့ကို တစ်မျိုးသားလုံးနှင့် သက်ဆိုင်သောနေ့တစ်နေ့အဖြစ် ကျင်းပနိုင်ရန် စတင်ဆောင်ရွက်ခဲ့ကြ၏။

စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာဆိုတော်တစ်ဦးဦးအကြောင်းကို ပြဇာတ်ကပြခဲ့သော အစဉ်အလာကို ၁၃၀၆မှစ၍၁၃၁၇ အထိ ဆက်လက်ကျင့်သုံးခဲ့၏။ ၁၃၁၉ မှစ၍ ပြဇာတ်ကခဲ့သော အစီအစဉ်ကို ဖျက်ခဲ့သည်။

BURMESE CLASSIC .com

ထို့သို့ ရန်ကုန်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းက စာဆိုတော်နေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပသည့်နည်းတူ နိုင်ငံအနယ်နယ်အရပ်ရပ်တွင်လည်း စာဆိုတော်နေ့အခမ်းအနားများ ကျင်းပခဲ့ကြ၏။ နယ်စာဆိုတော်နေ့အခမ်းအနားများကို စာပေဝါသနာရှင်များ၊ ကျောင်းသားလူငယ်များ၊ သတင်းထောက်များနှင့် ပညာရေးဆိုင်ရာပုဂ္ဂိုလ်များက ဦးစီးကျင်းပလေ့ရှိ၏။ ထိုစာဆိုတော်နေ့ အခမ်းအနား၌ စာပေပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ဟောပြောပွဲများနှင့် ရန်ကုန်နည်းတူ ပြဇာတ်များ၊ ပဒေသာကပွဲများပါဝင်လေ့ရှိသည်။ အချို့ဒေသများ၌ စာအုပ်ပြပွဲများ ကျင်းပခဲ့ကြ၏။

နောက်ပိုင်းတွင် နယ်များ၌ ကျင်းပသော စာဆိုတော်နေ့အခမ်းအနားများ အသွင်ပြောင်းလာ၏။ အထူးသဖြင့် ရန်ကုန်ရှိ



www.burmeseclassic.com

စာရေးဆရာများကို ဖိတ်ကြား၍ စာပေဟောပြောပွဲများကျင်းပသော အလေ့အထထွန်းကားလာ၏။ စာပေဟောပြောပွဲများမှတစ်ဆင့် တက်ကာ စာရေးသူ၊ စာဖတ်သူ ဒူးတိုက်တွေ့ဆုံဆွေးနွေးသော စာပေဆွေးနွေးပွဲများပါ ပြုလုပ်လာကြ၏။ ထိုအခါ စာဆိုတော်နေ့စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများကျင်းပမှု အစဉ်အလာထွန်းကားလာ၏။

စာဆိုတော်နေ့ အခမ်းအနားကျင်းပသောကာလမှာ ရက်သတ္တတစ်ပတ်ကာလထက် ပိုမိုရှည်လျား၏။ နတ်တော်လ တစ်လလုံးလုံး ကျင်းပရသည်အထိ နယ်များပိုများလာ၏။ အချိန်ကာလလည်း ပိုရှည်လာ၏။ စာဆိုတော်နေ့အထိမ်းအမှတ်ပွဲကျင်းပသောကာလသည် စာဆိုတော်နေ့အကြိုနှင့် စာဆိုတော်နေ့ နောက်ပိုင်းကာလအထိ တစ်လကျော်ကျော်ကျင်းပသည်အထိ အချိန်ကာလရှည်လျားလာခဲ့သည်။ ဟောပြောပွဲ၊ ဆွေးနွေးပွဲလုပ်ငန်းများအပြင် လေ့လာရေးလုပ်ငန်းများကိုပါ ပူးတွဲလုပ်ဆောင်လာကြသည်။

(မလိခရေးသားပြုစုသည့် မြန်မာစာပေအဘိဓာန် (၂)မှ ကောက်နုတ်ဖော်ပြပါသည်။)



www.burmeseclassic.com

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
## သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ
## အစဉ်အလာ

သက်ကြီးစာပေပညာရှင်များအား စာဆိုတော်နေ့ အနီးကပ်ဆုံးဝန်းကျင်တွင် ကန်တော့လေ့ရှိသော အစဉ်အလာကို ပြည်ထောင်စုမြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကြီးက စတင်ခဲ့ခြင်းဖြစ်ပါသည်။ ပထမဦးစွာ စတင်ကန်တော့ခဲ့သော မြန်မာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ ကမ္ဘာသုံးနှစ် ၁၉၈၀ ပြည့်နှစ်က ကန်တော့ခံ သက်ကြီးစာပေပညာရှင် ၁၀ဦးသာ ရှိခဲ့ပါသည်။ ထိုစဉ်က ရန်ကုန်တိုင်းအတွင်းရှိ သက်ကြီးစာပေပညာရှင်များကိုသာ ကန်တော့ခြင်းဖြစ်ပါသည်။ စာပေလုပ်သားအဖွဲ့ကြီးက သက်ကြီးစာပေပညာရှင်များအား ကန်တော့ခဲ့သောအကြိမ်ပေါင်း ကန်တော့ခဲ့သည့် ခုနှစ်နှင့် နှစ်အလိုက် ကန်တော့ခံ စာပေပညာရှင်ကြီးများ၏ အရေအတွက်တို့ကို အောက်တွင် ဖော်ပြအပ်ပါသည်-

| အကြိမ် | မြန်မာသက္ကရာဇ် | ကမ္ဘာသုံးနှစ် | ကန်တော့ခံသက်ကြီး စာပေပညာရှင်ဦးရေ |
|---|---|---|---|
| ၁ | ၁၃၄၂ | ၁၉၈၀ | ၁၀ |
| ၂ | ၁၃၄၃ | ၁၉၈၁ | ၁၀ |
| ၃ | ၁၃၄၄ | ၁၉၈၂ | ၉ |
| ၄ | ၁၃၄၅ | ၁၉၈၃ | ၉ |
| ၅ | ၁၃၄၆ | ၁၉၈၄ | ၂၁ |
| ၆ | ၁၃၄၇ | ၁၉၈၅ | ၂၅ |
| ၇ | ၁၃၄၈ | ၁၉၈၆ | ၂၇ |
| ၈ | ၁၃၄၉ | ၁၉၈၇ | ၂၅ |

၁၉၈၉ ခုနှစ်တွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးကို ပြန်လည်ဖွဲ့စည်းပြီးနောက် ရန်ကုန်တိုင်းအတွင်းရှိ အသက် (၈၀)နှင့်



www.burmeseclassic.com

အထက် သက်ကြီးစာပေပညာရှင်များအား ကန်တော့သည့်အစဉ်အလာကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးက မြန်မာသက္ကရာဇ် ၁၃၅၆ခုနှစ် (၁၉၉၄ခုနှစ်)နှင့် ၁၃၅၇ခုနှစ် (၁၉၉၅ ခုနှစ်) တွင် ပြန်လည်ပြုလုပ်ခဲ့ပါသည်။ထို့နောက်ပိုင်းတွင် ရန်ကုန်တိုင်းအဆင့် ကန်တော့ခြင်းမှ မြန်မာတစ်နိုင်ငံလုံးအဆင့်ဖြင့် သက်ကြီးစာပေပညာရှင်များအား ကန်တော့ခဲ့ပါသည်။ မြန်မာသက္ကရာဇ် ၁၃၈၅ခုနှစ် (၁၉၉၆ခုနှစ်)တွင် ကျင်းပသော တတိယအကြိမ် သက်ကြီးစာပေပညာရှင်များအားကန်တော့ပွဲမှစ၍ အောက်ပါစာရင်းအတိုင်း ကန်တော့ခဲ့ကြပါသည်။

| အကြိမ် | မြန်မာသက္ကရာဇ် | ကမ္ဘာသုံးနှစ် | ကန်တော့ခံသက်ကြီး စာပေပညာရှင်ဦးရေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၃၅၆ | ၁၉၉၄ | ၃၆ | ရန်ကုန်တိုင်း |
| ၂ | ၁၃၅၇ | ၁၉၉၅ | ၄၂ | ရန်ကုန်တိုင်း |
| ၃ | ၁၃၅၈ | ၁၉၉၆ | ၆၆ | တစ်ပြည်လုံး |
| ၄ | ၁၃၅၉ | ၁၉၉၇ | ၈၂ | တစ်ပြည်လုံး |
| ၅ | ၁၃၆၀ | ၁၉၉၈ | ၉၅ | တစ်ပြည်လုံး |
| ၆ | ၁၃၆၁ | ၁၉၉၉ | ၁၀၈ | တစ်ပြည်လုံး |
| ၇ | ၁၃၆၂ | ၂၀၀၀ | ၁၁၈ | တစ်ပြည်လုံး |
| ၈ | ၁၃၆၃ | ၂၀၀၁ | ၁၂၇ | တစ်ပြည်လုံး |
| ၉ | ၁၃၆၄ | ၂၀၀၂ | ၁၂၂ | တစ်ပြည်လုံး |
| ၁၀ | ၁၃၆၅ | ၂၀၀၃ | ၁၁၉ | တစ်ပြည်လုံး |

ယခုမြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ ကမ္ဘာသုံးနှစ် ၂၀၀၄ ခုနှစ်တွင် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို အစဉ်အလာမပျက် ဆက်လက်ကျင်းပမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့
## ၁၃၆၆ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့တွင်
## ပူဇော်ကန်တော့ခံမည့်
## အသက်(၈၀)နှင့်အထက် သက်ကြီးစာပေပညာရှင်များ

| စဉ် | အမည် | မွေးသက္ကရာဇ် | မြို့နယ် | စာမျက်နှာ |
|---|---|---|---|---|
| ကယားပြည်နယ် | | | | |
| ၁။ | ဆရာကြီးဦးကြည်ညို | ၃-၁၂-၁၉၂၃ | လွိုင်ကော် | ၁၇ |
| စစ်ကိုင်းတိုင်း | | | | |
| ၂။ | ဆရာကြီးဦးအုန်းရွှေ (သတင်းထောက်အုန်းရွှေ) | ၁၇-၁၂-၁၉၁၄ | မုံရွာ | ၁၉ |
| ၃။ | ဆရာကြီးဦးကျောင်း (ချစ်လှ) | ၃-၅-၁၉၂၃ | စစ်ကိုင်း | ၂၀ |
| ၄။ | ဆရာကြီးဦးသောင်းညွန့် (သတင်းထောက်သောင်းညွန့်) | ၂၂-၆-၁၉၂၃ | စစ်ကိုင်း | ၂၁ |
| ၅။ | ဆရာကြီးဦးညွန့်ရင် (စစ်ကိုင်းဦးညွန့်ရင်) | ၉-၃-၁၉၁၆ | စစ်ကိုင်း | ၂၃ |
| ပဲခူးတိုင်း | | | | |
| ၆။ | ဆရာကြီးဦးအေးလွင် (ဇီးကုန်းဆရာလွင်) | ၂၂-၉-၁၉၁၇ | ဇီးကုန်း | ၂၄ |
| ၇။ | ဆရာကြီးဦးအောင်ညဏ် (ဥဿာဆရာအို) | ၁၉-၃-၁၉၁၉ | ပဲခူး | ၂၆ |
| ၈။ | ဆရာကြီးဦးဟန်တင် (သတင်းထောက်) | ၁၉-၉-၁၉၂၀ | ဖြူး | ၂၇ |
| ၉။ | ဆရာကြီးဦးရွှေဝိုင်း (ရွှေငယ်ဝိုင်း-ကြို့ပင်ကောက်) | ၂၂-၂-၁၉၂၂ | ကြို့ပင်ကောက် | ၂၈ |
| ၁၀။ | ဆရာကြီးဦးသန်းဖေ (ဦးသန်းဖေ-ဇီးကုန်း) | ၃၀-၃-၁၉၁၇ | ဇီးကုန်း | ၃၀ |



www.burmeseclassic.com

www.burmeseclassic.com

## မကွေးတိုင်း


| | | | |
|---|---|---|---|
| ၁၁။ ဆရာကြီးဦးထွန်းရှည် (နတ်မောက်ထွန်းရှည်) | ၁-၈-၁၉၁၄ | နတ်မောက် | ၃၂ |
| ၁၂။ ဆရာကြီးဦးအုံးဖေ (ပခုက္ကူဦးအုံးဖေ) | ၂၀-၅-၁၉၁၇ | ပခုက္ကူ | ၃၃ |
| ၁၃။ ဆရာကြီးဦးစံခ (ရွှေစွန်ညို) | ၉-၂-၁၉၁၉ | တောင်တွင်းကြီး | ၃၅ |


## မန္တလေးတိုင်း


| | | | |
|---|---|---|---|
| ၁၄။ ဆရာမကြီးဒေါ်အမာ (လူထုဒေါ်အမာ) | ၂၉-၁၁-၁၉၁၅ | မန္တလေး | ၃၇ |
| ၁၅။ ဆရာကြီးဦးကြည်မြ (ဦးကြည်မြ) | ၂၃-၈-၁၉၁၈ | မန္တလေး | ၃၉ |
| ၁၆။ ဆရာမကြီးဒေါ်ခင်စော (ပါမောက္ခ) | ၁၃-၅-၁၉၁၉ | မန္တလေး | ၄၁ |
| ၁၇။ ဆရာကြီးဦးသန်းထွန်း (သတင်းထောက်) | ၂၀-၄-၁၉၂၀ | ကျောက်ဆည် | ၄၂ |
| ၁၈။ ဆရာကြီးဦးညိမ်းမောင် (ကျောက်ဆည်-ဦးညိမ်းမောင်) | ၂၀-၇-၁၉၂၀ | ။ | ၄၃ |
| ၁၉။ ဆရာကြီးဦးဖေမြင့် (သတင်းထောက်-ဖေမြင့်) | ၉-၈-၁၉၂၂ | ။ | ၄၄ |
| ၂၀။ ဆရာမကြီးဒေါ်မေသန်းတင် (ပြင်ဦးလွင်သဇင်) | ၁၄-၆-၁၉၁၈ | ပြင်ဦးလွင် | ၄၅ |
| ၂၁။ ဆရာကြီးဦးညွန့်လွင် (ခ)ဦးသန်းမောင် | ၃-၁-၁၉၂၂ | ရမည်းသင်း | ၄၇ |


## မွန်ပြည်နယ်


| | | | |
|---|---|---|---|
| ၂၂။ ဆရာကြီးပါမောက္ခ ဒေါက်တာလှဘေ | ၈-၁-၁၉၁၃ | မော်လမြိုင် | ၄၉ |




www.burmeseclassic.com

www.burmeseclassic.com

## ရန်ကုန်တိုင်း


| | | | |
|---|---|---|---|
| ၂၃။ ဆရာမကြီးဒေါ်အုန်းခင် (အင်းလျားကြည်ရွှင်) | ၄-၄-၁၉၁၅ | ကမာရွတ် | ၅၁ |
| ၂၄။ ဆရာကြီးဦးသာလှ (သာလှ) | ၃၀-၁၁-၁၉၁၇ | ။ | ၅၂ |
| ၂၅။ ဆရာမကြီးဒေါ်ရင်ရင် (စောမုံညင်း) | ၈-၁၀-၁၉၂၀ | ။ | ၅၃ |
| ၂၆။ ဆရာကြီးဦးကျော်ဆန်း (သုခိအောင်) | ၁၇-၇-၁၉၂၂ | ။ | ၅၅ |
| ၂၇။ ဆရာကြီးဦးကြည်ခင် (ကြည်ခင်-လျှပ်စစ်စွမ်းအား) | ၃၀-၉-၁၉၂၀ | ။ | ၅၇ |
| ၂၈။ဆရာမကြီးဒေါ်နီနီယဉ် (ဏီဏီယဉ်) | ၃-၅-၁၉၂၄ | ။ | ၅၉ |
| ၂၉။ ဆရာကြီးဦးတင်စိုး (တင်စိုး-တိုင်းလုံးကျော်) | ၂၄-၆-၁၉၂၄ | ကျောက်တံတား | ၆၁ |
| ၃၀။ ဆရာကြီးဦးချစ်လှစိန် (ဒဂုန်နွယ်ကသစ်) | ၂၅-၃-၁၉၁၂ | ။ | ၆၂ |
| ၃၁။ ဆရာကြီးဦးမြင့်ထူး (ပုသိမ်-ဟာလဝါ) | ၂၃-၉-၁၉၂၀ | ကြည့်မြင်တိုင် | ၆၃ |
| ၃၂။ ဆရာကြီးဦးသန်းလွင် (မြို့မ-သန်းလွင်) | ၂၂-၃-၁၉၁၈ | စမ်းချောင်း | ၆၅ |
| ၃၃။ ဆရာကြီးဦးမောင်မောင်မိုး (တက္ကသိုလ်-ညိုညိုလေး) | ၂၉-၉-၁၉၁၉ | စမ်းချောင်း | ၆၆ |
| ၃၄။ ဆရာမကြီးဒေါ်ခင်စိန် (တင်တင်ခိုင်-ကေအက်စ်) | ၆-၂-၁၉၂၂ | ။ | ၆၈ |
| ၃၅။ ဆရာကြီးသခင်လှကွန်း (မိုးညို) | ၃၀-၈-၁၉၂၂ | ။ | ၇၀ |
| ၃၆။ ဆရာကြီးဦးစိန်ဝင်း (ဂါးဒီးယန်းဦးစိန်ဝင်း) | ၁၂-၂-၁၉၂၂ | ။ | ၇၂ |
| ၃၇။ ဆရာမကြီးဒေါ်ခင်ခင်စိန် (ယုဝတီရွှေဝါစိန်) | ၂၆-၅-၁၉၂၄ | ။ | ၇၄ |




www.burmeseclassic.com

www.burmeseclassic.com

| | | | |
|---|---|---|---|
| ၃၈။ ဆရာကြီးဦးတင်မောင် (ဦးတင်မောင်-သင့်ဘဝ) | ၁-၁-၁၉၁၆ | တာမွေ | ၇၆ |
| ၃၉။ ဆရာကြီးသူရိယ ဦးချစ်ဆွေစုံ (စိန်မြား) | ၄-၁၂-၁၉၁၆ | တာမွေ | ၇၇ |
| ၄၀။ ဆရာကြီးဦးမြင့်သိန်း (ဦးအုန်းကျော်) | ၁၀-၅-၁၉၁၈ | ။ | ၇၉ |
| ၄၁။ ဆရာကြီးဦးသာဒင် (မင်းသိဒ္ဓိ) | ၁၂-၁၀-၁၉၂၃ | ။ | ၈၀ |
| ၄၂။ ဆရာကြီးဦးမောင်ကလေး (သောကြာ-ဦးမောင်ကလေး) | ၂၄-၁-၁၉၂၄ | ။ | ၈၂ |
| ၄၃။ ဆရာကြီးဦးစန်းမောင် (ရွှေတည်စံ) | ၁၆-၁၁-၁၉၁၆ | တောင်ဥက္ကလာပ | ၈၄ |
| ၄၄။ ဆရာကြီးဦးအုန်းမောင် (ရွှေတည်လျှောင်) | ၂၆-၁၂-၁၉၁၇ | ။ | ၈၆ |
| ၄၅။ ဆရာကြီးဦးထွန်းတင် (တက္ကသိုလ်သက်ပန်) | ၂၇-၁-၁၉၂၃ | ။ | ၈၇ |
| ၄၆။ ဆရာကြီးဦးစံငွေ (တွံတေး-စံငွေ) | ၂၈-၁၁-၁၉၂၂ | တွံတေး | ၈၉ |
| ၄၇။ ဆရာမကြီးဒေါ်သိန်းဆိုင် (မမြတ်လေး) | ၁၈-၉-၁၉၁၄ | ဒဂုံ | ၉၀ |
| ၄၈။ ဆရာမကြီးဒေါ်နုယဉ် (နုယဉ်) | ၁၀-၁၀-၁၉၁၆ | ။ | ၉၂ |
| ၄၉။ ဆရာကြီးဦးဟိန်စိုး (ကြည်စိုး-ဒဂုန်) | ၉-၅-၁၉၁၉ | ။ | ၉၄ |
| ၅၀။ ဆရာမကြီးဒေါ်ခင်အုန်းမြ (မြမာလာ) | ၁၆-၁၀-၁၉၂၂ | ။ | ၉၅ |
| ၅၁။ ဆရာကြီးဦးအေးနိုင် (ဓမ္မာစရိယ-ဦးအေးနိုင်) | ၂၄-၁၂-၁၉၂၂ | ။ | ၉၇ |
| ၅၂။ ဆရာကြီးဦးမျိုးညွှန့် (ရန်အောင်မျိုးညွှန့်) | ၂၉-၁၁-၁၉၁၇ | ဒဂုံ (တောင်) | ၉၉ |
| ၅၃။ ဆရာကြီးဦးစံသိန်း (သီဟဆွေ) | ၁၄-၅-၁၉၁၈ | ။ | ၁၀၁ |



www.burmeseclassic.com

www.burmeseclassic.com


| | | | |
|---|---|---|---|
| ၅၄။ ဆရာကြီးဦးအုန်းကြည် (မောင်ကြည်လွင်-စမ်းချောင်း) | ၁၀-၁၂-၁၉၁၈ | ဒဂုံ (မြောက်) | ၁၀၃ |
| ၅၅။ ဆရာမကြီးဒေါ်ရင်ရင်မော် (ရင်ရင်မော်-အာမခံ) | ၁၈-၁၀-၁၉၂၂ | ॥ | ၁၀၄ |
| ၅၆။ ဆရာကြီးဦးဗကလေး (ကာတွန်းဆရာကြီးဦးဗကလေး) | ၁၂-၁၂-၁၉၁၈ | ပုဇွန်တောင် | ၁၀၅ |
| ၅၇။ဆရာမကြီးဒေါ်မြင့်သန်း (ကထိက ဒေါ်မြင့်သန်း) | ၁၇-၁-၁၉၂၄ | ॥ | ၁၀၇ |
| ၅၈။ ဆရာကြီးဦးကျော်ဝင်းမောင် (ဝမ်းအိုဝမ်း ကျော်ဝင်းမောင်) | ၁၆-၂-၁၉၂၀ | ပန်းဘဲတန်း | ၁၀၉ |
| ၅၉။ ဆရာမကြီးဒေါ်စောရင် (ကြီးကြီးစော) | ၁၃-၃-၁၉၀၆ | ဗဟန်း | ၁၁၁ |
| ၆၀။ ဆရာကြီးဦးခင်သန်း (တိုင်းပညာဝန် ဦးခင်သန်း) | ၉-၃-၁၉၀၉ | ॥ | ၁၁၃ |
| ၆၁။ ဆရာကြီးဦးလှကြိုင် (ပါရဂူ) | ၁၀-၁၁-၁၉၂၁ | ॥ | ၁၁၅ |
| ၆၂။ ဆရာမကြီးဒေါ်မြတင် | ၂၀-၄-၁၉၁၈ | ॥ | ၁၁၇ |
| ၆၃။ ဆရာကြီးဦးတင်ဦး (မြောင်) | ၂၉-၉-၁၉၂၃ | ॥ | ၁၁၈ |
| ၆၄။ ဦးစန်ဝင်း | ၃-၃-၁၉၂၅ | ဗိုလ်တထောင် | ၁၂၀ |
| ၆၅။ ဆရာကြီးဦးသော်ဇင် (ဦးသော်ဇင်-သီဟဗလ) | ၁၀-၁-၁၉၀၈ | မရမ်းကုန်း | ၁၂၂ |
| ၆၆။ ဆရာကြီးဦးသန်းဦး (ရွှေဥဩ) | ၂၄-၁၁-၁၉၁၈ | မရမ်းကုန်း | ၁၂၄ |
| ၆၇။ ဆရာမကြီးဒေါ်ခင်သိန်း | -၁၀-၁၉၁၉ | ॥ | ၁၂၆ |
| ၆၈။ ဆရာကြီး ဒေါက်တာမောင်မောင်ခ | ၂၅-၁၁-၁၉၁၉ | ॥ | ၁၂၈ |
| ၆၉။ ဆရာကြီးသိရိဘုန်းထွဋ် (သိရိဘုန်းထွဋ်) | ၄-၁-၁၉၁၉ | ॥ | ၁၃၀ |
| ၇၀။ ဆရာကြီးဗိုလ်မှူးချုပ်ခင်အုန်း(ငြိမ်း) (သုတေသီ ရာမညကိုကိုနိုင်) | ၁၇-၄-၁၉၂၃ | မရမ်းကုန်း | ၁၃၆ |




www.burmeseclassic.com

www.burmeseclassic.com


| | | | |
|---|---|---|---|
| ၇၁။ ဆရာကြီးဦးတင်မောင် (သိပ္ပံမျိုးတင်) | ၂၄-၅-၁၉၂၄ | မရမ်းကုန်း | ၁၃၃ |
| ၇၂။ ဆရာကြီးဦးစဝ်ထွန်းမှတ်ဝင်း (အရှင်ဝဏ္ဏဓဇသိရိ) | ၁၂-၈-၁၉၂၅ | ။ | ၁၃၅ |
| ၇၃။ ဆရာကြီးဦးမောင်စိုး (ပွင့်လင်း) | ၁၀-၁၁-၁၉၂၁ | မြောက်ဥက္ကလာပ | ၁၃၇ |
| ၇၄။ ဆရာကြီးဦးရဲလွင် (သင့်ဘဝဦးရဲလွင်) | ၂၇-၉-၁၉၂၂ | ။ | ၁၃၈ |
| ၇၅။ ဆရာကြီးဦးသန်းရှိန် (အောင်ကျော်မင်း) | ၂၂-၅-၁၉၂၄ | ။ | ၁၄၀ |
| ၇၆။ ဆရာကြီးဦးလေးမြိုင် (လေးမြိုင်) | ၂၁-၉-၁၉၂၄ | ။ | ၁၄၁ |
| ၇၇။ ဆရာကြီးဦးဘသိ (ဘာရတီ) | ၁၃-၁-၁၉၂၁ | မင်္ဂလာ တောင်ညွန့် | ၁၄၃ |
| ၇၈။ ဆရာကြီး ဦးသိန်းမောင် (သုခ) | ၁၄-၁-၁၉၁၀ | ရန်ကင်း | ၁၄၄ |
| ၇၉။ ဆရာကြီးဦးအေးဖေ (ဦးအေးဖေ-တိုင်းရင်းမေ) | ၂၃-၁၁-၁၉၁၃ | ။ | ၁၄၇ |
| ၈၀။ ဆရာကြီးဦးဖေအောင် (ဦးဖေအောင်-အမ်အေ၊အမ်အက်စ်) | ၉-၄-၁၉၁၇ | ။ | ၁၄၉ |
| ၈၁။ ဆရာကြီးဦးဘုန်းကျော် (နတ်မောက်-ဘုန်းကျော်) | ၂၀-၉-၁၉၂၀ | ။ | ၁၅၀ |
| ၈၂။ ဆရာကြီးဦးခင်မောင်အေး (တိမ်မိုးလှိုင်) | ၂၇-၁၀-၁၉၂၀ | ။ | ၁၅၂ |
| ၈၃။ ဆရာမကြီး ဒေါ်သန်းမြင့် (ခင်သန်းမြင့်) | ၂၉-၆-၁၉၁၇ | ။ | ၁၅၃ |
| ၈၄။ ဆရာကြီးဦးထိန်လင်း (အယ်ဒီတာချုပ်-ငြိမ်း) | ၂၀-၃-၁၉၂၂ | ။ | ၁၅၅ |
| ၈၅။ ဆရာကြီးဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) (မျိုးသမိန်) | ၁၅-၁၂-၁၉၂၂ | ။ | ၁၅၇ |




www.burmeseclassic.com

www.burmeseclassic.com

| | | | |
|---|---|---|---|
| ၈၆။ ဆရာကြီး ဦးအောင်သန်း (မင်းသန့်ခေါင်) | ၁၄-၃-၁၉၂၀ | ရန်ကင်း | ၁၆၀ |
| ၈၇။ ဆရာကြီး ဦးအောင်စိမ့် (ဒေးဒရဲအောင်စေ) | ၁၇-၁-၁၉၂၄ | ။ | ၁၆၂ |
| ၈၈။ ဆရာကြီးဦးထင်အောင် (ထင်အောင်-ကာယပညာ) | ၂-၉-၁၉၂၂ | ။ | ၁၆၄ |
| ၈၉။ ဆရာကြီးဦးကျော်ဝင်း (ညိုဝင်း) | ၁၁-၂-၁၉၂၄ | ။ | ၁၆၆ |
| ၉၀။ ဆရာကြီးဦးမြင့်အောင် (ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ စီးပွားရေးစီမံကိန်းဒီပလိုမာ) | ၁၉-၄-၁၉၂၄ | ။ | ၁၆၈ |
| ၉၁။ ဆရာကြီးဦးလှမြိုင် (ကိုဆောင်း) | ၂-၄-၁၉၂၅ | ။ | ၁၆၉ |
| ၉၂။ ဆရာကြီးဦးဝမ်းတင် (ဟင်္သာ) | ၂၃-၁၀-၁၉၁၆ | ရွှေပြည်သာ | ၁၇၂ |
| ၉၃။ ဆရာကြီးဦးဆိုက်ကျင် (ဆိုက်ကျင်-သတင်းထောက်) | ၁၉-၃-၁၉၂၀ | သုံးခွ | ၁၇၃ |
| ၉၄။ ဆရာကြီးဦးဘဝိုင် (ရွှေဘူးမင်းဇေယျာ) | ၁၂-၄-၁၉၁၆ | သင်္ကန်းကျွန်း | ၁၇၄ |
| ၉၅။ ဆရာကြီးဦးထွန်းမြိုင် (ချစ်ဒါလီ) | ၁၉-၈-၁၉၂၂ | ။ | ၁၇၆ |
| ၉၆။ ဆရာကြီးဦးလှအောင် (ဘကြီးအောင်) | ၁၂-၄-၁၉၁၆ | လှိုင် | ၁၇၇ |
| ၉၇။ ဆရာကြီးဒဂုန်ဦးဟံစိန် (ဒဂုန်ဦးဟံစိန်) | ၁၂-၇-၁၉၁၈ | ။ | ၁၇၈ |
| ၉၈။ ဆရာကြီးနာဂဦးတင်ဦး (နာဂတင်ဦး) | ၉-၃-၁၉၁၈ | ။ | ၁၇၉ |
| ၉၉။ ဆရာကြီးဦးဆွဲ (မောင်သစ္စာ-သမိုင်းသုတေသန) | ၃၁-၉-၁၉၂၀ | ။ | ၁၈၀ |
| ၁၀၀။ ဆရာမကြီးဒေါ်ကြန် (မကြန်) | ၁-၇-၁၉၁၉ | ။ | ၁၈၂ |



www.burmeseclassic.com

www.burmeseclassic.com


| | | | |
|---|---|---|---|
| ၁၀၁။ ဆရာကြီးဒေါက်တာသန်းထွန်း | | | |
| (ဒေါက်တာသန်းထွန်း) | ၆-၄-၁၉၂၃ | လှိုင် | ၁၈၄ |
| ၁၀၂။ ဆရာကြီးဦးထွန်းရှိန် | ၂၇-၆-၁၉၁၇ | လှိုင်သာယာ | ၁၈၆ |
| (တက္ကသိုလ်စန်း) | | | |
| ၁၀၃။ ဆရာကြီးဗိုလ်ကလေးတင့်အောင် | | | |
| (ဗိုလ်ကလေးတင့်အောင်) | ၃-၆-၁၉၂၂ | လမ်းမတော် | ၁၈၇ |
| ၁၀၄။ ဆရာမကြီးဒေါ်အုန်းကြည် | ၉-၁၁-၁၉၂၄ | အလုံ | ၁၈၉ |
| (စာပေဗိမာန်) | | | |
| ၁၀၅။ ဆရာကြီးဦးထင်ဖတ် | ၂၁-၃-၁၉၀၉ | အင်းစိန် | ၁၉၁ |
| (မောင်ထင်) | | | |
| ၁၀၆။ ဆရာကြီးဦးချစ်ကိုကို | ၂၃-၄-၁၉၁၇ | ။ | ၁၉၃ |
| (ချစ်ကိုကို) | | | |
| ၁၀၇။ ဆရာကြီးဦးတင်မောင် | ၈-၃-၁၉၂၃ | ။ | ၁၉၅ |
| (တက္ကသိုလ်ဇော်မင်း) | | | |


## ရခိုင်ပြည်နယ်


| | | | |
|---|---|---|---|
| ၁၀၈။ ဆရာကြီး ဦးမွေးလှအောင် | ၂၂-၉-၁၉၂၂ | စစ်တွေ | ၁၉၆ |
| (ရွှေဝ) | | | |


## ရှမ်းပြည်နယ်


| | | | |
|---|---|---|---|
| ၁၀၉။ ဆရာကြီး ဦးငွေးမြိုင် | ၁၀-၅-၁၉၁၉ | ကလော | ၁၉၇ |
| (ဒဂုန်တာရာ) | | | |


## ဧရာဝတီတိုင်း


| | | | |
|---|---|---|---|
| ၁၁၀။ ဆရာကြီးဦးထွေးမောင် | ၁၄-၁-၁၉၁၈ | ဘိုကလေး | ၂၀၀ |
| (ဦးအောင်နိုင်) | | | |
| ၁၁၁။ ဆရာကြီးဦးအောင်ကြိုင် | ၁၇-၁၁-၁၉၂၅ | မြောင်းမြ | ၂၀၁ |
| (သတင်းထောက်) | | | |




www.burmeseclassic.com

www.burmeseclassic.com

# သက်ကြီးစာပေပညာရှင်များ

# အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးကြည်ညို

အဖ ဦးဖြိုးသာ၊ အမိဒေါ်ယုတို့မှ ၁၂၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက် (၃-၁၂-၁၉၂၃)နေ့တွင် မွေးဖွားသည်။ တိုင်းရင်းသား ရှမ်း(အင်းသား)လူမျိုးဖြစ်သည်။ ဆယ်တန်းအောင်မြင်သည်။ ၁၉၄၃-၄၄ခုနှစ်တွင် လွိုင်ကော်မြို့ အာရှလူငယ်အစည်းအရုံး ကာယဗလမှူးအဖြစ် ဆောင်ရွက်ပြီး လူငယ်များအား မျိုးချစ် ဗမာ့တပ်မတော်သို့ဝင်ရန် စည်းရုံးခဲ့သည်။ ထို့နောက် ဖက်ဆစ် ဆန့်ကျင်ရေးကာလတွင် မြေအောက်စည်းရုံးရေးတာဝန်များ ဆောင်ရွက်ခဲ့သည်။ ၁၉၄၆-၄၇ ခုနှစ်တွင် ပြည်သူ့ရဲဘော်စစ်ခေါင်းဆောင်အဖြစ် ကယားပြည်နယ်နှင့် မြန်မာပြည်မပူးပေါင်းရေးအတွက် ပင်လုံညီလာခံသို့ တက်ရောက်ခဲ့သည်။ နိုင်ငံတော်မှ လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်) ချီးမြှင့်ခံရသည်။

၁၉၄၈ ခုနှစ်တွင် ပဒေသရာဇ် ဆန့်ကျင်ရေးလှုပ်ရှားမှုကြောင့် နိုင်ငံရေးအရ ဖမ်းဆီးခြင်းခံရသည်။ ကယားပြည်နယ် လူငယ်များအစည်းအရုံး၊ လယ်သမားသမဂ္ဂ၊ ခရိုင်လက်ကားသမဝါယမတို့တွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၅၁ ခုနှစ်တွင် ရန်ကုန်ခရိုင် ငြိမ်းချမ်းရေးဝန်ထမ်းမှူးအဖြစ်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် ကယား



www.burmeseclassic.com

ပြည်နယ်လုံးဆိုင်ရာ အမျိုးသားအဖွဲ့ချုပ် အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ လမ်းစဉ်ပါတီခေတ်တွင် ရှမ်းပြည်နယ် ဒေသပါတီကော်မတီဝင်နှင့် ကယားပြည်နယ် ဒေသပါတီ ကော်မတီ အတွင်းရေးမှူးတာဝန်များ အဆင့်ဆင့် ထမ်းဆောင်ခဲ့သည်။

ဆရာကြီးသည် လွတ်လပ်ရေးခေတ်၊ လမ်းစဉ်ပါတီခေတ်မှ ယနေ့ကာလအထိ စာနယ်ဇင်းကိုယ်စားလှယ်နှင့် သတင်းထောက်အဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည်။ စာပေလုပ်သားကာလတစ်လျှောက်လုံးတွင် စာပေလုပ်သားအဖွဲ့ဝင်၊ ဒေသဆိုင်ရာစာပေလုပ်သားရေးရာ ဦးဆောင်အဖွဲ့ကို တာဝန်ယူခဲ့ပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ပြန်လည်ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်။ ယခုအခါ လွိုင်ကော်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ညီလာခံကိုယ်စားလှယ်၊ ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ်တာဝန်ယူလျက် စာပေနှင့် စာနယ်ဇင်းဆိုင်ရာ စာပေတာဝန်များထမ်းဆောင်လျက်ရှိသည်။

**နေရပ်လိပ်စာ**-ပြည်သူ့စာပေ၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးအုန်းရွှေ (သတင်းထောက်)

ဆရာကြီးဦးအုန်းရွှေကို အဖ ဦးဘညို၊ အမိ ဒေါ်ယဉ်တို့မှ ၁၂၇၆ ခုနှစ်၊ ပြာသိုလဆန်း (၂)ရက်နေ့ (၁၇-၁၂-၁၉၁၄)တွင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ ရှမ်းတောရပ်ကွက်တွင် မွေးဖွားသည်။

၁၉၃၈ ခုနှစ်တွင် သတင်းစာလောကသို့ ဝင်ရောက်ခဲ့သည်။ စစ်ကြိုခေတ်မန္တလေး 'သူရိယ' သတင်းစာအကျိုးဆောင်၊ သတင်းထောက်၊ 'ဒီးဒုတ်' သတင်းစာအထူးသတင်းထောက် လုပ်ခဲ့သည်။ စစ်ပြီးခေတ် ၁၉၅၄ ခုနှစ်မှစ၍ ထွန်းနေ့စဉ်၊ မဏ္ဍိုင်၊ ရန်ကုန်၊ ပြည်တော်စိုး၊ ဟစ်တိုင်၊ ပြည်သူ့အိုးဝေနှင့် လူထုသတင်းစာတို့တွင် သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။

မုံရွာခရိုင်သတင်းထောက်များအသင်း၏ ဒုတိယဥက္ကဋ္ဌ၊ မြို့နယ်စာပေလုပ်သားအဖွဲ့၏ နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ ယခု အခါ မုံရွာမြို့ရွှေစည်းခုံဘုရားဂေါပကအဖွဲ့ နာယကကြီးနှင့် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယကအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**နေရပ်လိပ်စာ** - ရုံးကြီးရပ်ကွက်၊ မုံရွာမြို့။

www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးကျောင်း (ချစ်လှ)

၁၂၈၅ခု၊ ကဆုန်လပြည့်ကျော် ၄ရက် (၃-၅-၁၉၂၃)တွင် ပခုက္ကူ မြို့၌ အဖဦးစံဖေ၊ အမိဒေါ်လှမယ်တို့မှ မွေးဖွားသည်။ ၁၉၃၀-၃၅တွင် ပခုက္ကူမြို့ ရွှေကူအရှေ့ရပ် မူလတန်းကျောင်း၊ ၁၉၃၅-၄၁တွင် ဝက်စလီ အထက်တန်းကျောင်း၊ ၁၉၄၈ခုနှစ်တွင် မန္တလေးမြို့ ဥပစာကောလိပ်နှင့် ၁၉၅၃ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်တို့၌ ပညာသင်ကြားခဲ့သည်။ ဝိဇ္ဇာ၊ ပညာရေးဝိဇ္ဇာဘွဲ့များရရှိခဲ့သည်။ တိုင်းပညာရေးမှူးအဖြစ် တာဝန် ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့သည်။

၁၉၄၁ခုနှစ်'ဂျာနယ်ကျော်'တွင် "ဥပစာ မောင်စံဝ"အမည်ဖြင့် "မြန်မာကိုဖျက်ဆီးနေသောကြာသပတေးနံများ"ဆောင်းပါးဖြင့် စာ စတင်ရေးသားသည်။စစ်ပြီးခေတ်တွင်'ပြည်ညွှန့်'မဂ္ဂဇင်း၌ 'စောယု အောင်' အမည်ဖြင့်' ပင်တိုင်နန်းဝယ်'ဝတ္ထုတိုနှင့်ဆောင်းပါးကဗျာများ ရေးသားသည်။ သွေးသောက်မဂ္ဂဇင်းတွင် 'အေးမြ 'အမည် ဖြင့် 'သုံးမှတ်တိုင်'နှင့်ဝတ္ထုတိုများရေးသားခဲ့သည်။ 'ချစ်လှ'အမည်ဖြင့် မြဝတီမဂ္ဂဇင်းတွင်'နာမည်ကိုတောင် မခေါ်ရက်လို့'ဝတ္ထုမှ စတင်သုံးစွဲ သည်။ မြဝတီနှင့် ရှုမဝမဂ္ဂဇင်းများတွင်ဝတ္ထုတိုနှင့်ဆောင်းပါးများရေး သားခဲ့ပြီးပညာတန်ဆောင်စာစောင်တွင်ဆောင်းပါးများရေးသားခဲ့သည်။ စစ်ကိုင်းမြို့နယ်၊စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယကတစ်ဦး ဖြစ်သည်။

**နေရပ်လိပ်စာ** - နန္ဒဝန်ကွက်သစ်ရပ်၊ ၄ လမ်း၊ စစ်ကိုင်းမြို့ ။



www.burmeseclassic.com



# ဆရာကြီး ဦးသောင်းညွန့်
# (သတင်းထောက်သောင်းညွန့်)

၁၂၈၅ ခုနှစ် ပထမဝါဆိုလဆန်း ၁၀ ရက် (၂၂-၆-၁၉၂၃) တွင် စစ်ကိုင်းမြို့ ဆားတောင်ရွာတွင် အဖ ဦးဖေခန့်၊ အမိ ဒေါ်မုန်း တို့မှ မွေးဖွားသည်။ မွေးချင်းညီအစ်ကို မောင်နှမ ခြောက်ဦးရှိသည်။ အသက် ငါးနှစ်ကျော်တွင် ဆားတောင်ရွာ မစိုးရိမ် ပရိယတ္တိကျောင်း ဆရာတော်ထံတွင် စတင်ပညာသင်ကြားသည်။ ထို့နောက် သာမဏေဝတ်ပြီး ဘာသာရေးစာပေများကို သင်ရိုးကုန် သင်ယူခဲ့ သည်။ သာမဏေလေးဝါအရတွင် လူထွက်ပြီး မန္တလေးညောင်ပင် ဈေးရပ်နေ ဆရာကြီးဦးသာကြွယ်ထံတွင် အင်္ဂလိပ်စာ အလွတ်ပညာ သတ္တမတန်းအထိ ပညာသင်ယူခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် ၁၉၄၂ ခုနှစ်တွင် ဒေါ်ဆိုး နှင့်အိမ်ထောင်ကျသည်။ ဂျပန်ခေတ် ၁၉၄၃-၄၅ ခုနှစ်များတွင် ဂျပန် ကာနီမတ်ဆုကုမ္ပဏီဌာနခွဲ ဆားတောင် ဆားဝယ်ယူရေးဌာန၌ စာရေးအဖြစ်လုပ်ကိုင်ခဲ့သည်။ ဆားတောင်ရွာဒို့ဗမာစာကြည့်အသင်း အတွင်းရေးမှူးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။၁၉၄၆ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့ ဘိလပ်သွားရန် ရန်ပုံငွေရရှိရေးကို ဆားတောင်ရွာ ဒို့ဗမာ စာကြည့်အသင်းအတွင်းရေးမှူးအဖြစ် ဦးဆောင်ကာ အလှူခံ ဆောင်ရွက်ပေးခဲ့သည်။ ထိုခေတ်က ဟုမ္မဂါတ်(Home Guard ) အဖွဲ့ တွင်ပါဝင်၍ စစ်သင်တန်းများတက်ကာ ရပ်ရွာကာကွယ်ရေး၊ လုံခြုံ ရေးကိစ္စများကို ဆောင်ရွက်ခဲ့သည်။

ဆရာကြီးသည် စစ်ကိုင်းခရိုင်လေးမြို့နယ် သတင်းထောက်များ အသင်းအတွင်းရေးမှူးအဖြစ် နှစ်နှစ်၊ ဥက္ကဋ္ဌအဖြစ် နှစ်နှစ်၊ ၁၉၅၆ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ သတင်းထောက်များညီလာခံ ကိုယ်စား လှယ်၊ စစ်ကိုင်းမြို့နယ် စာပေလုပ်သားအဖွဲ့ အမှုဆောင် ညီလာခံ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၆၂ခုနှစ်တွင် သတင်းထောက်သင်တန်း ရက်တိုသင်တန်းတက်ရောက်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှစ၍ မန္တလေးသူရိယ၊ မန္တလေး မြန်မာ့လမ်းစဉ်၊ မန္တလေး ဟစ်တိုင်၊ မန္တလေးလူထု၊ မန္တလေးဗဟိုစည်၊ မန်းခေတ်သတင်းစာများ နှင့် ရန်ကုန်မြို့မမောင်၊ အထောက်တော်၊ မြန်မာ့အလင်း၊ ဗမာ့ခေတ်၊ စီးပွားရေး၊ ဗိုလ်တထောင်၊ ကြေးမုံနှင့် လုပ်သား (မြန်မာ၊ အင်္ဂလိပ်) သတင်းစာတိုက်ကြီးများ၏ နယ်သတင်းထောက် (ကော်လံစား) အဖြစ် ဆောင်ရွက်ခဲ့သည်။

ယခုအထိမြန်မာ့အလင်း၊ ကြေးမုံနှင့် မန္တလေးနေ့စဉ်၊ ရတနာပုံ သတင်းစာများတွင်နယ်သတင်းထောက်အဖြစ်ဆောင်ရွက်ဆဲဖြစ်သည်။

သားသမီးလေးဦးရှိ၍ မိသားစုနှင့်အတူ ဆားတောင်ရွာ ရေကြည်ရပ်၌ နေထိုင်လျက်ရှိသည်။

**နေရပ်လိပ်စာ** - ဆားတောင်စံပြရွာ၊ ရေကြည်ရပ်၊ စစ်ကိုင်းမြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



## ဆရာကြီး ဦးညွန့်ရင် (စစ်ကိုင်းဦးညွန့်ရင်)

မန္တလေးတိုင်း၊တောင်သာမြို့နယ်၊ခြံကြီးအနောက်ရွာဦးဘိုးဘ (ရဲအမှုထမ်း)၊ ဒေါ်ဖွားရှင်တို့မှ ၁၂၇၇ ခုနှစ်၊ တပေါင်းလဆန်း ၆ရက် (၉-၃-၁၉၁၆)နေ့တွင်မွေးဖွားခဲ့သည်။

၁၂နှစ်သားတွင် ရှင်သာမဏေပြု၍စစ်ကိုင်းတောင်ရိုးရတနာရံသီ ရေကန်ချောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကစာချ ဆရာတော်ကြီး အရှင်ဉာဏိန္ဒထံတွင် ပရိယတ္တိစာပေများကိုသင်ကြားသည်။အစိုးရ ပထမကြီးတန်းကိုအောင်မြင်၍ မိုးကောင်းမြို့၊ ကျောက်စိမ်း ကုန်သည် ဦးစီလင့်၊ဒေါ်သောင်းရင် တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဖြစ်ခဲ့သည်။ ရဟန်း ၅ဝါ အရတွင် ပရိသုဒ္ဓပြု လူဝတ်လဲခဲ့ပါသည်။

ပါဠိပိဋကတ်ပုံနှိပ်တိုက်များတွင် စာပြင်ဆရာကြီးပြုလုပ်ခဲ့ပြီး သတင်းစာတိုက်များတွင် ကြော်ငြာကိုယ်စားလှယ်၊ သတင်းထောက် လုပ်ခဲ့သည်။ စစ်ကိုင်းမြို့တွင် ညွန့်စာပေတိုက်ဖွင့်လှစ်ပြီး စာအုပ်ထုတ် ဝေရေးလုပ်ငန်းလုပ်ခဲ့သည်။ ဒီပါဠမြေဆရာတော်ထေရုပ္ပတ္တိ၊ စစ်ကိုင်း ဘုရားများသမိုင်း၊ညွန့်ပေါင်းကျမ်း၊ကောင်းမှုတော်ဘုရားကြီးသမိုင်း၊ထူပါရုံ ဘုရားကြီးသမိုင်း၊ဆင်များရှင်ဘုရားကြီးသမိုင်း၊မြန်မာ့ရိုးရာအဘိသေ ကမင်္ဂလာအလင်းပြစသော ကျမ်းပေါင်း ၁၆ ကျမ်းကို ရိုက်နှိပ်ခဲ့ပါသည်။ ဆရာကြီးသည် ယခုအခါ မန္တလေးဘုရားစုံသမိုင်းပေါင်းချုပ်ကျမ်းနှင့် ကံတလူဘုရားသမိုင်းကျမ်းကြီးတို့ကို ပြုစုလျက်ရှိသည်။

**နေရပ်လိပ်စာ** - စစ်ကိုင်းမြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးအေးလွန်း (ဇီးကုန်းဆရာလွန်း)

ပဲခူးတိုင်း၊ ဇီးကုန်းမြို့နယ်၊ လေးမျက်နှာရွာမှ အဖဦးဖူး၊ အမိ ဒေါ်မယ်တင် မှ ၁၂၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၇) ရက် (၂၂-၉-၁၉၁၇)နေ့တွင် ဖွားမြင်ခဲ့သည်။

ဇီးကုန်းမြို့ အစိုးရအထက်တန်းကျောင်းမှ ၁၀တန်းအောင်မြင်ခဲ့ပြီး၊ ရန်ကုန်မြို့ ပုဇွန်တောင်ဆရာဖြစ်သင်ကျောင်းမှ ဟိုက်ယားဂရိတ် အထက်တန်းဆရာဖြစ် စာမေးပွဲအောင်မြင်ခဲ့သည်။ လေးမျက်နှာရွာ အစိုးရအထက်တန်းကျောင်းဆရာလုပ်ခဲ့ပြီး ဇီးကုန်းမြို့ အထူးဆရာဖြစ် သင်ကျောင်းတွင် နော်မန်ဆရာအဖြစ် လုပ်ဆောင်ခဲ့သည်။

သူရိယ၊ ဗမာ့ခေတ်၊ မဏ္ဍိုင်၊ အထောက်တော်၊ ရွှေပြည်စိုး၊ ဂါးဒီးယန်းသတင်းစာများ၏ သတင်းစာဆရာအဖြစ်လည်းကောင်း၊ ဇီးကုန်းမြို့နယ် သတင်းထောက်အသင်းဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၅၃ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ သတင်းထောက်အသင်း ဗဟိုအမှုဆောင်အဖွဲ့ စာရင်းစစ်မှူးအဖြစ်လည်းကောင်း၊ ဇီးကုန်းမြို့နယ်စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၈၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံတွင်ကျင်းပသော ကမ္ဘာ့ဆိုရှယ်လစ်လူငယ်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့



www.burmeseclassic.com

ဝင်အဖြစ်တက်ရောက်ရင်း အဆာပဟီရှင်ဘွန်းသတင်းစာတိုက်၏ ဖိတ်ကြားချက်အရ သတင်းစာတိုက်သို့ ရောက်ရှိခဲ့ရာ ဂျပန်စစ်လျော်ကြေးကိစ္စများကို သတင်းစာဆရာတစ်ဦးအနေဖြင့် တောင်းဆိုခဲ့ရာ အဆာပဟီရှင်ဘွန်းသတင်းစာကဖော်ပြပေးခဲ့သည်။ ဇီးကုန်း ဆရာလွန်းအမည်ဖြင့် ဆောင်းပါးများစွာ ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - ၇၅၁၊ ကုန်သည်လမ်း၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်း။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးအောင်ညက် (ဥဿာဆရာအို)

၁၂၈၀ ပြည့်နှစ်၊ တပေါင်းလဆုတ် (၄) ရက် (၁၉-၃-၁၉၁၉) နေ့တွင် ဟံသာဝတီခရိုင်၊ ကျောက်တန်းမြို့နယ်၊ ပုတ္တလုပ်ကျေးရွာတွင် ဦးဘဆိုင်၊ ဒေါ်နက်တို့မှ ဖွားမြင်သည်။

မြန်မာ ၁၀ တန်းနှင့် ဟိုက်ယားဂရိတ်ဆရာဖြစ်အောင်မြင်ပြီး အရေးပေါ်တက္ကသိုလ်တွင် ၂ နှစ်ဆက်လက်ပညာဆည်းပူးခဲ့သည်။ အထက်တန်းပြဆရာနှင့် လူထုပညာရေးမှူးတာဝန်များကို ထမ်းဆောင်ပြီး အထက်တန်းပြဆရာအဖြစ်နှင့် အငြိမ်းစားယူခဲ့သည်။

ပဲခူးမြို့နယ် မြန်မာစာအဖွဲ့ဥက္ကဋ္ဌ၊ ပဲခူးမြို့ မြို့မသာသနာပြု အဖွဲ့၏ ဒုဥက္ကဋ္ဌ၊ ပဲခူးမြို့နယ် သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ နိကာယ်သာသနာပြန့်ပွားရေးအဖွဲ့၏ ဥက္ကဋ္ဌ၊ ပဲခူးမြို့ ကလျာဏီသိမ်တော်ကြီး ဂေါပကအဖွဲ့၏ အတွင်းရေးမှူး၊ ပဲခူးမြို့ မဟာစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ အလှည့်ကျသဘာပတိ၊ မဟာစေတီတော်မြတ်ကြီး၏ သမိုင်းပြုစုရေးအဖွဲ့ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

ဆရာကြီး ပြုစုရေးသားသော လက်ရွေးစဉ်ဝေါဟာရများ ကျမ်းကို စတင်ရိုက်နှိပ်လျက်ရှိသည်။

**နေရပ်လိပ်စာ** -အမှတ် ၁၅/၁၊ အောင်မြန်မာထမင်းဆိုင်၊ ဇိုင်းဂနိုင်း မင်းလမ်း၊ ပဲခူးမြို့။



www.burmeseclassic.com



# ဆရာကြီး ဦးဟန်တင် (သတင်းထောက်)

၁၂၈၂ ခုနှစ်၊ တော်သလင်းလဆန်း (၇) ရက် (၁၉-၉-၁၉၂၀) နေ့တွင် ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့တွင် အဖ ဦးထယ်၊ အမိ ဒေါ်သန်းတင်တို့မှ မွေးဖွားသည်။ ကညွတ်ကွင်း အလယ်တန်း ကျောင်း၌ (၇) တန်းအထိ ပညာသင်ကြားခဲ့သည်။ အသက် ၁၈နှစ် တွင် ဒို့ဗမာအစည်းအရုံးနှင့် အာရှလူငယ်အသင်းတို့တွင် ပါဝင်လှုပ်ရှားခဲ့သည်။ နိုင်ငံတော်က လွတ်လပ်ရေးမော်ကွန်းဝင် (တတိယ အဆင့်) တံဆိပ်ချီးမြှင့်ခဲ့သည်။ အသက် ၂၅ နှစ်မှစ၍ ဗမာ့ခေတ်၊ ရန်ကုန်၊ အိုးဝေ၊ ဟံသာဝတီ၊ မဏ္ဍိုင်သတင်းစာများနှင့် အခြား သတင်းစာများတွင် နယ်သတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့ပြီး၊ ယနေ့ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများတွင် နယ်သတင်းထောက် အဖြစ် လုပ်ကိုင်ဆဲဖြစ်ပါသည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၈ ခုနှစ်ထိ ဖြူးမြို့နယ် စာပေလုပ်သားအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် (၂) ကြိမ် တာဝန် ထမ်းဆောင်ခဲ့ပြီး ယခုဖြူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် နာယကအဖြစ်ဆောင်ရွက်လျက်ရှိသည်။

**နေရပ်လိပ်စာ** - ဈေးမြောက်ရပ်၊ (၃) လမ်း၊ ကညွတ်ကွင်းမြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးရွှေဝိုင်း (ရွှေငယ်ဝိုင်း-ကြို့ပင်ကောက်)

၁၂၈၃ ခုနှစ်၊ တပို့တွဲလဆုတ် ၁၁ရက် (၂၂-၂-၁၉၂၂)နေ့တွင် ကြို့ပင်ကောက်မြို့၊တောင်သဲကုန်းရွာ၌ အဖဦးဘိုးထင်၊ အမိဒေါ်ဖွားသိုက်တို့မှမွေးဖွားခဲ့သည်။ ငယ်စဉ်ကပန်းတင်အလယ်တန်းကျောင်း၊ ကျွန်းကုန်းကြီး ဗုဒ္ဓဘာသာအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ တိုင်းရင်းမြန်မာအထက်တန်းဆရာစာမေးပွဲကို ၁၉၄၁ ခုနှစ်တွင် ရန်ကုန်မြို့မှအောင်မြင်ခဲ့သည်။ ဇီးကုန်းနော်မန်ဆရာဖြစ်သင်တန်းကျောင်း၊ စစ်ကွင်းအစိုးရအထက်တန်းကျောင်း၊ ကြို့ပင်ကောက်အစိုးရအထက်တန်းကျောင်းတို့တွင် အထက်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ရွှေငယ်ဝိုင်း- ကြို့ပင်ကောက် ကလောင်အမည်ဖြင့် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကို ဒီဒုတ်ဇာသက်စောင့်မဂ္ဂဇင်း၊ ဒဂုန်၊ သွေးသောက်၊ ရှုမဝ၊ သက်လျာ၊ ရွှေသမင်၊ မှူခင်းရှုထောင့်မဂ္ဂဇင်းတို့တွင် ယနေ့ထိ ရေးသားလျက်ရှိပါသည်။ သက်လျာမဂ္ဂဇင်းတွင် 'သစ္စာ' မဟာလေးချိုးကဗျာဖြင့် မြန်မာတစ်ပြည်လုံးတွင် ပထမဆုရခဲ့သည်။ နေ့စဉ်မှတ်တမ်း သစ္စာလမ်းဟူသော သစ္စာ(၄)ပါး ဓမ္မစာပေကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဓမ္မဥပသကာ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာတော် ဦးဥတ္တမသာရ ထေရုပ္ပတ္တိစာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။



www.burmeseclassic.com

အငြိမ်းစားယူပြီးနောက် မြို့နယ်များ၏ ဘာသာရေးအခမ်းအနားများတွင် ဓမ္မလင်္ကာရတုများ ရေးသားပူဇော်ခြင်း၊ စေတီတော်အဆူ (၄၀) တွင် ရွှေထီးတင်လှူခြင်းနှင့် သံဃာတော် အရှင်သူမြတ်အပါး (၃၀) ကျော်တို့ကို စာပေရတုများဖြင့် ပူဇော်ခဲ့သည်။ ကြို့ပင်ကောက်မြို့နယ် စာပေလုပ်သား အဖွဲ့ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ပြီး၊ ကြို့ပင်ကောက်မြို့၏ ရာပြည့်အထိမ်းအမှတ် ကျောက်စာတိုင်မှာ ကျောက်စာမော်ကွန်းကို ရေးထိုးခဲ့ပါသည်။ ယခုအချိန်အထိ မြို့နယ်စာနယ်ဇင်းအဖွဲ့ နာယကအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**နေရပ်လိပ်စာ-** လမ်းသစ်တန်း၊ ကြို့ပင်ကောက်မြို့၊ သာယာဝတီ ခရိုင်၊ ပဲခူးတိုင်း။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးသန်းဖေ-ဇီးကုန်း

ပဲခူးတိုင်း၊ သုံးဆယ်မြို့၌အဖ ဦးဖိုးရင်၊ အမိ ဒေါ်နန်းစိန်တို့မှ ၁၂၇၈ ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၃၀-၃-၁၉၁၇) ရက်တွင် မွေးဖွားခဲ့သည်။ ဇီးကုန်းမြို့ ဆရာကြီးဦးသာဇံ မြန်မာအစိုးရ အလယ်တန်းကျောင်းမှ သတ္တမတန်း အောင်မြင်ခဲ့သည်။ ထို့နောက် နတ္တလင်းမြို့၊ ဆရာကြီး ဦးချစ်မောင် အင်္ဂလိပ်-မြန်မာအစိုးရ အလယ်တန်းကျောင်း၌ ဆက်လက်ပညာသင်ကြားပြီး အင်္ဂလိပ် မြန်မာ သတ္တမတန်းအောင်မြင်ခဲ့သည်။

၁၉၄၇ ခုနှစ်မှစ၍ ဇီးကုန်းပြည်သူ့ဆေးရုံတွင် စာရေးကြီးအဖြစ် အမှုထမ်းခဲ့သည်။ ဟံသာဝတီသတင်းစာနှင့် ထွန်းနေ့စဉ်သတင်းစာများတွင် သတင်းထောက်အဖြစ် တိုက်ပိတ်သည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၃ ခုနှစ်အထိ မြို့နယ်သတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သတင်းဆောင်းပါးများကိုလည်း ရေးခဲ့သည်။

ဇီးကုန်းမြို့နယ်အသင်း၏ ငွေရတုသဘင်အထိမ်းအမှတ်၊ ငွေရတု မဂ္ဂဇင်းတွင် 'လောကီလောကုတ်၊ အဟုတ်တိုးပွားအကျိုးများဖို့



www.burmeseclassic.com

ခေါင်းစဉ်ဖြင့် ဘာသာရေးဆောင်းပါး ရေးသားခဲ့သည်။ ဇီးကုန်း သမားတော်ဆရာတော် (ကင်ဆာအထူးကု) အတ္ထုပ္ပတ္တိစာအုပ် ကိုလည်း ရေးသားခဲ့သည်။ ပဲခူးတိုင်း ဇီးကုန်းမြို့၊ ကံဦးသာသနာ့ ရိပ်သာ ဆရာတော်ကြီးအား ၁၉၉၉ ခုနှစ်တွင် နိုင်ငံတော်မှ အဂ္ဂ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်အပ်နှင်းရာ၌ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၄၇)၊ ဘုရားလမ်း၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်း။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး နတ်မောက် ဦးထွန်းရှည်
# (နတ်မောက်ထွန်းရှည်၊ မြို့သစ်ထွန်းရှည်)

နတ်မောက်မြို့၏တောင်ဘက် ကိုင်းရွာတွင် အဖ ဦးအောင်ဒွန်း၊ အမိ ဒေါ်လှအောင်တို့က ၁၂၇၅ ခု၊ တပို့တွဲလပြည့် ကျော် ၉ ရက်နေ့ (၁-၈-၁၉၁၄) တွင် ဖွားမြင်သည်။

ဦးနန္ဒမာလာ၊ အောင်ဆန်းရပ်ကျောင်းတွင် ၉ တန်းအောင်ခဲ့သည်။ စက္ကင်ဒရီဆရာဖြစ် အောင်သည်။ အသက် ၂၀အရွယ်မှ စ၍ သက်စောင့်မဂ္ဂဇင်း၊ ဒဂုန်၊ ပညာတန်ဆောင်နှင့် ယခုအခါ ဘာသာရေးစာစောင်များတွင်စာများရေးသားခဲ့သည်။ ယခုအခါ နတ်မောက် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် နာယကကြီးအဖြစ် ထမ်းဆောင် လျက်ရှိသည်။

**နေရပ်လိပ်စာ** - အောင်ဆန်းရပ်ကွက်၊ နတ်မောက်မြို့၊ မကွေးတိုင်း။

www.burmeseclassic.com



# ဆရာကြီး ဦးအုံးဖေ (ပခုက္ကူ ဦးအုံးဖေ)

ဦးအုံးဖေသည် အဖ ဦးဖိုးယု၊ အမိ ဒေါ်ကြက်ရုံးတို့၏ သားသမီး ငါးဦးအနက် အကြီးဆုံးသားဖြစ်ပြီး ပခုက္ကူမြို့နယ်၊ ကင်းကပ်ကျေးရွာအုပ်စု၊ ထနောင်းကုန်းရွာတောကျေးရွာ၌ ၁၂၇၉ ခုနှစ်၊ ကဆုန်လကွယ်နေ့ (၂၀-၅-၁၉၁၇)တွင် ဖွားမြင်ခဲ့သည်။ အသက် ၁၀နှစ်ကျော်မှ ပခုက္ကူမြို့နယ်၊ စို့ကွင်းကျေးရွာ၊ မြောက်ကျောင်းဆရာတော် ဦးဇဝန ထံတွင် ၁၅ နှစ်သားအထိ စာပေပညာ သင်ကြားခဲ့ရသည်။

ထို့နောက် ရေစကြိုမြို့ ကုန်သည်တစ်ဦးအိမ်တွင် ထမင်းကျွေး အလုပ်သမားတစ်ဦးအဖြစ် ၂ နှစ်ကျော် လုပ်ကိုင်နေခဲ့ရသည်။ ရန်ကုန်မြို့၊ ၀ွတ္တလစ်လမ်း၊ မြင်းထိန်းခြံတွင်လည်းကောင်း၊ သိမ်ကြီးဈေး တစ်ဝိုက်တွင် ကွမ်းယာရောင်းခြင်းဖြင့်လည်းကောင်း ဘဝကိုရုန်းကန် လှုပ်ရှားခဲ့သည်။ အသက် ၂၀ကျော်တွင် ဇာတိရွာသို့ ပြန်ပြီး တောင်သူ လုပ်ခဲ့သည်။ ထိုမှ ဘုံဘေဘားမားသစ်ဖောင်တွင် ၃နှစ်ခန့် ဖောင်လုပ်သားအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၄၉ ခုနှစ်တွင် ဈေးကောက်၊ ပွဲစား၊ ဆေးရွက်ကြီး ကုန်သည် စသည်ဖြင့် လုပ်ငန်းများ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ရာ ၁၉၅၆ခုနှစ်တွင် ပခုက္ကူမြို့၌ 'သိန်းပေါင်းတစ်ရာဆေးပေါင်းရုံ' အမည်ဖြင့် ဗာဂျီးနီးယား ဆေးပေါင်းလုပ်ငန်းကြီးကို တည်ထောင်လုပ်ကိုင်နိုင်ခဲ့သည်။



www.burmeseclassic.com

၁၉၆၁ ခုနှစ်မှစ၍ ၁၉၇၁ ခုနှစ်အထိ ပခုက္ကူမြို့အတွင်း အနာကြီး ရောဂါသည်များအား နှစ်စဉ် လုံချည်တစ်ကွင်းစီ ထောက်ပံ့ခဲ့သည်။ ဆေးရုံ သို့လည်း နှစ်စဉ် ငွေ ၁၀၀၀ကျပ်နှုန်း လှူဒါန်းခဲ့သည်။ ၁၉၈၁ခုနှစ်က အသက် ၆၄နှစ်မြောက်အဖြစ် ငွေ ၆ သိန်း၊ ၄ သောင်းတိတိကို မီးဘေး ကယ်ဆယ်ရေးရန်ပုံငွေအဖြစ်လှူဒါန်း၍ ထိုနှစ်မှာပင် သာသနနုဂ္ဂဟ ဆွမ်းလောင်းအသင်းအား ငွေ ၁သိန်းနှင့် ၁၂၇၉ကျပ်ကို လှူဒါန်းခဲ့သည်။ ၁၉၈၄ ခုနှစ်၌ ပခုက္ကူမြို့နယ် ကောလိပ် ကျောင်းသူကျောင်းသားများအား ပညာသင်ထောက်ပံ့ကြေးအတွက် ၈ သိန်းနှင့် ၁၂၇၉ကျပ်ကိုလည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် ပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီး၏ ဆေးဝါးရန်ပုံငွေအဖြစ် ၇ သိန်းနှင့် ၁၂၇၉ကျပ်နှင့် ပခုက္ကူစာသင်တိုက်ကြီး ၃ တိုက်အား ဆွမ်းဟင်းလျာအတွက် တစ်သိန်းနှင့်သုံးသောင်းကိုလည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ပခုက္ကူမြို့ ခုတင် ၁၀၀ဆံ့ တိုးချဲ့ဆေးရုံသစ်ကြီး ဆောက်လုပ်ရန် ၅ သိန်းနှင့် ၁၂၇၉ကျပ်ကိုလည်းကောင်း လှူဒါန်းခဲ့သည်။ စာပေရန်ပုံငွေ ၇၆ သိန်းနှင့် ၁၂၇၉ကျပ် အပါအဝင် ဦးအုံးဖေလှူဒါန်း ပြီးသော အလှူငွေ စုစုပေါင်းမှာ ကျပ်သိန်းပေါင်း ၁၅၀ကျော်မက ရှိသွားပြီဖြစ်သည်။

၁၉၉၃ခုနှစ်တွင်၊ လူမှုထူးချွန် (ပထမဆင့်) ရရှိခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာစာရေးဆရာကိုယ် စားလှယ်အဖွဲ့ဝင်အဖြစ်နှင့် လေ့လာရေးလိုက်ပါခဲ့သည်။ ဆောင်းပါး များရေးသားခဲ့သည်။ "တွေ့ရကြုံရ ကျွန်တော့်ဘဝ" ကိုယ်ရေး အတ္ထုပ္ပတ္တိပထမတွဲ နှင့် ဒုတိယတွဲကို ထုတ်ဝေခဲ့သည်။

၉-၁-၉၇ နေ့၊ ရန်ကုန်မြို့၌ ကျင်းပသော ဦးအုံးဖေစာပေဆု ပေးပွဲ အခမ်းအနားတွင် နိုင်ငံတော်သို့ ပညာရေးရန်ပုံငွေ ၅၂ သိန်းနှင့် ၁၂၇၉ကျပ် လှူဒါန်းခဲ့သည်။ 'တွေ့ရကြုံရ ကျွန်တော့်ဘဝ' စာအုပ်ဖြင့်(၁၂-၁၁-၂၀၀၂)နေ့က ချီးမြှင့်သော ပထမအကြိမ် "ဆရာဝန်တင်ရွှေစာပေဆု"ကို ရရှိခဲ့သည်။

**နေရပ်လိပ်စာ** - ဗိုလ်ချုပ်လမ်း၊ ပခုက္ကူမြို့။



www.burmeseclassic.com



# ဆရာကြီး ဦးစံခ (ရွှေစွန်ညို)

ဦးစံခသည် တောင်တွင်းကြီးမြို့နယ်၊ ချောင်းနက်အရှေ့စုကျေးရွာတွင်၊ အဘ ဦးဘိုးစိန်နှင့် အမိ ဒေါ်သန်းတို့မှ ၁၂၈၀ပြည့်နှစ်၊ တပို့တွဲလဆန်း (၁၀)ရက်၊ (၉-၂-၁၉၁၉) တွင် မွေးဖွားခဲ့သည်။ ၁၉၅၆-၅၇တွင် တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွားကျေးရွာ တွဲဘက်အလကတွင် ပညာရေးဝန်ထမ်းအဖြစ် ဝင်ရောက် ထမ်းဆောင်ခဲ့ပါသည်။

ပညာတန်ဆောင်မဂ္ဂဇင်းတွင် မြန်မာစာပေဆောင်းပါးများ၊ ကဗျာများကို ကလောင်အမည် ရွှေစွန်ညိုဖြင့် စတင်ရေးသားခဲ့ပါသည်။

၁၉၇၁-၇၂ ခုနှစ်တွင် တောင်တွင်းကြီးမြို့နယ် စာပေလုပ်သားအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။

ရန်ကုန်မြို့ စာပေလုပ်သားအဖွဲ့ အထူးအစည်းအဝေးသို့ အဖွဲ့ဝင်များနှင့်အတူ တက်ရောက်ခဲ့ပါသည်။

မကွေးတိုင်း စာပေအဖွဲ့၏ စာပေနှီးနှောဖလှယ်ပွဲတွင် မြန်မာကဗျာစာတမ်းတင်ပြ၍ ဆွေးနွေးခဲ့ပါသည်။

၁၉၉၃ ခုနှစ်တွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ဝင်ရောက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တောင်တွင်းကြီးမြို့ အထက (၁) ရွှေရတုမဂ္ဂဇင်း၊ တောင်တွင်းကြီး ပေလေးပင်မဂ္ဂဇင်း၊ မြို့နယ်မဂ္ဂဇင်းတို့တွင် ပါဝင်ရေးသားခဲ့ပြီး၊ ယနေ့မဂ္ဂဇင်း ထုတ်ဝေရေးတွင် အလုပ်အမှုဆောင် အယ်ဒီတာတစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

တောင်တွင်းရွှေပြည် ကဗျာစာတမ်း၊ ဘာသာရေးစာဆောင်များ ဖြစ်သည့် မြတ်ဆုမွန်၊ ဓမ္မဗျူဟာ စသည်တို့၌လည်း ဘာသာရေးစာပေများရေးသားလျက်ရှိပါသည်။

မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များက ဖွဲ့စည်းပေးသော သမိုင်းဝင်ဘုရားပုထိုးနှင့် ထေရုပ္ပတ္တိစာပေများ ပြုစုရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် အလုပ်အမှုဆောင်အဖြစ် ယနေ့တိုင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**နေရပ်လိပ်စာ** - ချောင်းနက်အရှေ့စုရွာ၊ တောင်တွင်းကြီးမြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာမကြီး ဒေါ်အမာ (လူထုဒေါ်အမာ)

၁၂၇၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် (၈)ရက် (၂၉-၁၁-၁၉၁၅) နေ့တွင် မွေးဖွားသည်။ ၁၉၃၆-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘီအေအောက်တန်းအောင်မြင်ခဲ့ပြီး အိုးဝေမဂ္ဂဇင်း၊ ကြီးပွားရေး မဂ္ဂဇင်း၊ ဘားမားဂျာနယ်တို့တွင် ဝတ္ထုဆောင်းပါးများရေး သားခဲ့သည်။ ကြီးပွားရေးတွင် 'ခင်လှဝင်း'၊ 'မြမဥ္ဇူ' ကလောင်အမည်တို့ဖြင့် ရေးသားခဲ့သည်။

Maurice Collis ရေး Trials In Burma ကို 'မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ' အမည်ဖြင့်ထုတ်ဝေခဲ့သည်။

Maurice Collis ၏ Sandamala ကို 'စန္ဒမာလာ' အမည်ဖြင့် ပြန်ဆိုခဲ့သည်။ ၁၉၄၅-ခုတွင် လူထုဂျာနယ် လက်ထောက် အယ်ဒီတာ ဘဝတွင် Ashiel Hino ၏ War And Soldier အပိုင်း-၄ မှ Wheat And Soldier ကို 'ဂျုံနှင့်စစ်သား'၊ Wanda Wasilewska ၏ The Rainbow ကို 'သက်တန့်ရောင်' အမည်တို့ဖြင့် ပြန်ဆိုခဲ့သည်။ Gunther Stein ၏ The Challenge Of Red China ကို 'ကွန်မြူနစ်တရုတ်ပြည် အင်အားပြိုင်ပွဲ'၊ Archie John Store ၏ In The Name Of Peace ကို 'ငြိမ်းချမ်းရေးသို့' ဟူ၍ ဘာသာပြန်ဆိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၅၃ခုနှစ်၊ ကမ္ဘာ့ဒီမိုကရက်တစ်အမျိုးသမီးညီလာခံ (ကိုပင်ဟောဂင်) ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံ (ဟန်ဂေရီ၊ ဘူဒါပက်)၊ ဒုတိယအကြိမ် ကမ္ဘာ့လူငယ်နှင့် ကျောင်းသားပွဲတော် (ရှူးမေးနီးယား၊ ဘူခါရက်စ်)သို့တက်ရောက်ခဲ့သည်။

၁၉၆၃ ခုနှစ်တွင် 'ဆိုရှယ်လစ်တိုင်းပြည်များသို့'၊ "အိုယန်းကီးတို့" 'ငွေနှင့် လက်နက်' စာအုပ်များရေးသားခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် 'ပြည်သူချစ်သော အနုပညာသည်များ' စာအုပ်ဖြင့် 'အနုပညာဆိုင်ရာစာပေ' ပထမဆုရခဲ့သည်။

Edgar Snow ရေး The Other Side Of The River ကို 'ဘဝချင်းမတူသည့် တရုတ်ပြည်'ဟု ဘာသာပြန်၍ နှစ်အုပ်ခွဲ ထုတ်ဝေခဲ့သည်။ 'အောင်ဗလ'၊ 'ဖိုးစိန်'၊ 'စိန်ကတုံးစာအုပ်'၊ 'အငြိမ့်' 'ရွှေဒေါင်းတောင်' ဆောင်းပါးများ၊ 'ဆရာကြီးသခင်ကိုယ်တော်မှိုင်း'၊ 'ချင်းတွင်းမှ ပင်လယ်သို့'၊ 'မြန်မာ့မဟာဂီတ'၊ အာဖရိကဝတ္ထုတိုများ၊ လူထုဦးလှနှင့် တွဲဖက်ရေးသားသော 'ဆေးလိပ်နှင့်လူသား'၊ 'မန္တလေးသူ- မန္တလေးသား'၊ 'ရတနာပုံမန္တလေး'၊ 'ကျွန်မတို့မန္တလေး'၊ 'သာသနာ့ ဝန်ဆောင် ဆရာတော်ကြီးများ' စာအုပ်များ ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - တိုက်နံပါတ် - ၂၂၁၊ ၃၃/ ၈၄ လမ်းဒေါင့်၊ အောင်နန်းရိပ်သာ အနောက်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးကြည်မြ (ကြည်မြ)

၁၂၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၂ရက်နေ့ (၂၃-၈-၁၉၁၈) တွင် မန္တလေးမြို့၊ အဖ ဦးစိန်ကြီး၊ အမိ ဒေါ်ရင်တို့မှ မွေးဖွားသည်။ အောင်နန်းရိပ်သာ အ-လ-က၊ ပေါက်မြိုင် အ-ထ-က၊ ဗဟိုအမျိုးသား အထက်တန်းကျောင်းတို့၌ ပညာဆည်းပူးသည်။ ဗဟိုဆရာဖြစ်သင်ကျောင်း နော်မန်ကျောင်း(တံတားဦး၊ အင်းဝ)၌ ဆရာဖြစ်သင်တန်းတက်ခဲ့သည်။ ၁၉၃၆ ခုနှစ်၌ ဒို့ဗမာအစည်းအရုံးကိုဖွင့်သည်။ ဥက္ကဋ္ဌ သခင်မြမောင် (ထီးချိုင့်)က ဆောင်ရွက်၍ ဦးကြည်မြက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၃၀၀ပြည့်၊ မန္တလေး အရေးတော်ပုံ၌ ကျောင်းသားခေါင်းဆောင်အဖြစ် ၂ကြိမ် အဖမ်းခံရသည်။

၁၉၄၃ ခုတွင် အင်းဝဈေးချိုရပ်၌ ကျောင်းဖွင့်ပြီး ကျောင်းဆရာလုပ်သည်။ ကျောင်းအုပ်မှာ အမ်-အေ ဒေါ်အုန်းဖြစ်သည်။ ၁၉၄၄ တွင် ရန်ကုန်ဗဟန်းသုံးထပ်ကျောင်း၌ ဂျပန်ကင်ပေတိုင် အဖမ်းခံရသည်။ ၁၉၄၄ ခုနှစ်ကုန်ခါနီး၌ မန္တလေး လေယာဉ်ပစ်အမြောက်တပ်၌ သင်တန်းတက်စဉ် ငှက်ဖျားရောဂါရရှိသည်။ ၁၉၄၆ ခုနှစ်မှ လွတ်လပ်ရေးရသည်ထိ မန္တလေးခရိုင် ဗလစ အတွင်းရေးမှူး တာဝန်ယူခဲ့သည်။



www.burmeseclassic.com

ထို့နောက်ပြည်ညွန့်မဂ္ဂဇင်းတွင် အယ်ဒီတာ၊ ရောင်နီဂျာနယ်နှင့် မန္တလေးဂျာနယ်တို့တွင် အယ်ဒီတာများအဖြစ် ဝင်ရောက်လုပ်ကိုင်ကာ တစ်ဖက်မှလည်း ဝတ္ထု၊ ဆောင်းပါးများ ရေးသားသည်။

၁၉၅၂ ခုနှစ်တွင် သက်ထားလုံးချင်းဝတ္ထုကို ရေးသားသည်။

၁၉၅၆ ခုနှစ်၊ မန္တလေးစည်ပင်ရုံး ရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလအနေဖြင့် ဖဆပလကို ယှဉ်ပြိုင်ခဲ့သည်။ ၁၉၆၅ မှ ၁၉၇၈ ထိ ပါတီတာဝန်ထမ်းဆောင်သည်။ ၁၉၇၄တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (မန္တလေးအရှေ့မြောက်)၊ ထို့နောက် ပြည်သူ့တရားသူကြီး၊တော်လှန်ရေးကောင်စီအတိုင်ပင်ခံ ဥက္ကဋ္ဌ စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ယခုအခါ မဂ္ဂဇင်း၊ ဂျာနယ်များ၌ ဆောင်းပါးများ ရေးသားလျက်ရှိသည်။

**နေရပ်လိပ်စာ** - နန်းတော်ရှေ့၊ လွှတ်တော်ရပ်၊ မင်္ဂလာဥယျာဉ် ရဲစခန်းတောင်ဘက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။



www.burmeseclassic.com



# ဆရာမကြီး ဒေါ်ခင်စော

၁၂၈၁ ခုနှစ်၊ ကဆုန်လပြည့်၊ (၁၃-၅-၁၉၁၉) ရက်နေ့တွင် မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ မင်းရွာ၌ အဖ မင်းရွာသူကြီး ဦးကျော်ထူးနှင့် အမိ ဒေါ်သီတို့မှ မွေးဖွားသည်။ မင်းရွာအလယ်တန်းကျောင်း၊ ပေါက်မြို့ အထက်တန်းကျောင်းနှင့် မန္တလေးမြို့ အေဘီအမ် မိန်းကလေးအထက်တန်းကျောင်းတို့၌ ပညာသင်ကြားခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာစတင်ဆည်းပူးသည်။ ၁၉၄၆ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့၊ ၁၉၄၉ ခုနှစ်တွင် ဘီအီးဒီဘွဲ့တို့ကို ရရှိခဲ့သည်။

၁၉၄၉ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ နည်းပြအဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ၁၉၅၃ ခုနှစ်တွင် မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးဖြင့်အောင်မြင်သည်။ ၁၉၅၇ ခုနှစ်တွင် နိုင်ငံတော်ဗုဒ္ဓသာသနပုံနှိပ်တိုက်မှ ထုတ်ဝေသော ရှင်မဟာရဋ္ဌသာရ၏ စတုဓမ္မသာရကိုးခန်းပျို့ကို တည်းဖြတ်ပေးခဲ့သည်။ တက္ကသိုလ်အသင်းအဖွဲ့များက ထုတ်ဝေသော မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာစောင်အချို့တွင် ကဗျာနှင့် စာပေဆိုင်ရာ ဆောင်းပါးများ ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - ၂၃ လမ်းနှင့် ၆၄ လမ်းထောင့်၊ နန်းရှေ့ မန္တလေးမြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးသန်းထွန်း (သတင်းထောက်)

၁၂၈၂ ခုနှစ် ကဆုန်လဆန်း (၄)ရက် (၂၀-၄-၁၉၂၀) နေ့တွင် ကြက်တွန်ရပ်ကွက်၊ ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်တွင် မွေးဖွားသည်။

ကျောက်ဆည်မြို့ မြူနီစီပါယ်အလယ်တန်းကျောင်းတွင် သတ္တမတန်းအောင်သည်အထိ ပညာသင်ကြားပြီး ၁၉၃၈ ခုနှစ်မှစ၍ မြန်မာ့အလင်း၊ တိုးတက်ရေးသတင်းစာတို့တွင် သတင်းထောက်အဖြစ် ဆောင်းပါးများ စတင်ရေးသားသည်။

စစ်ပြီးခေတ်တွင် ရန်ကုန်ထုတ် မြန်မာ့အလင်း၊ ဗိုလ်တထောင်၊ ကြေးမုံ၊ ရှေ့ဆောင်၊ အိုးဝေ၊ အထောက်တော်၊ ဇဝန၊ ထွန်းနေ့စဉ်၊ ဒီးဒုတ်၊ ပြည်သူ့ဟစ်တိုင်၊ အင်္ဂလိပ်နေးရှင်းသတင်းစာတို့နှင့် မန္တလေး ထုတ် မြန်မာ့လမ်းစဉ်၊ လူထုသတင်းစာတို့၌ နယ်သတင်းထောက်နှင့် ဖြန့်ချိရေးပါ ဆောင်ရွက်ခဲ့သည်။

၁၉၆၂ ခုနှစ် သတင်းထောက်သင်တန်း (ကမ္ဘာအေးကုန်းမြေ) ကို တက်ရောက်ခဲ့သည်။ ၁၉၆၆-၆၇ တွင် ကျောက်ဆည်ခရိုင်သတင်းထောက်အသင်းဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် အဖွဲ့ဝင်အမှတ် (၀၅၀၂) ဖြင့် စာပေတာဝန်ထမ်းဆောင်လျက်ရှိသည်။

**နေရပ်လိပ်စာ** - ဆူးကုန်းရပ်၊ ကျောက်ဆည်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးညိမ်းမောင်
# (ကျောက်ဆည်ဦးညိမ်းမောင်)

မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာတွင် ၁၂၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း (၅) ရက် (၂၀-၇-၁၉၂၀)တွင် မွေးဖွားသည်။ အဖဦးရွှေရန်း၊ အမိ ဒေါ်ဖြူဖြစ်သည်။

၁၉၃၇ ခုနှစ်တွင် ကျောက်ဆည်မြို့ မြူနီစပါယ်အလယ်တန်းကျောင်းမှ သတ္တမတန်း အောင်မြင်ခဲ့သည်။ ထို့နောက် မန္တလေးမြို့ အစိုးရနော်မံကျောင်းတွင် (၈)တန်း၊ (၉) တန်း၊ (၁၀) တန်း၊ အလယ်တန်းဆရာဖြစ်သင်တန်းများကို တက်ရောက်သင်ကြားခဲ့သည်။ ဆရာဖြစ်သင်တန်း အောင်မြင်ပြီးနောက် ၁၉၅၀ ပြည့်နှစ်မှစ၍ မူလတန်းပြ၊ မူလတန်းကျောင်းအုပ်၊ ၁၉၅၅ ခုနှစ်မှစ၍ ကျောက်ဆည်မြို့အမှတ် (၁) အစိုးရ အထက်တန်းကျောင်းတွင် အလယ်တန်းဆရာအဖြစ် ပင်စင်ယူသည် အထိ ထမ်းဆောင်ခဲ့သည်။

ကျောက်ဆည်မြို့နယ်၊ ရွှေသာလျောင်း၊ ရွှေမုဋ္ဌောနှင့် ဓာတ်တော်တောင်သမိုင်း၊ မဟာမြတ်လေးဆူ၊ ဆုတောင်းပြည့်ဘုရားကြီးသမိုင်း၊ မြင်စိုင်းရွှေပြည်သမိုင်း၊ ရွှေသိမ်တော်သမိုင်း၊ ဥတုနှင့် အာဟာရကျမ်း၊ ဒူးဂဏန်း၊ ကျေးဂဏန်းနှင့် မြန်မာကျောက်စာများ စသည့်ကျမ်းများကို ရေးသားခဲ့သည်။ ယခုလည်း တိုင်းပြည်အကျိုးပြုစာပေများကို ဆက်လက်ရေးသားလျက်ရှိသည်။ ကျောက်ဆည်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် နာယကအဖြစ် ထမ်းဆောင်လျက်ရှိသည်။

**နေရပ်လိပ်စာ** - အငြိမ်းစားကျောင်းဆရာ၊ စုကြီးရပ်၊ ကျောက်ဆည်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးဖေမြင့် (သတင်းထောက်)

၁၂၈၄ ခုနှစ် ဝါခေါင်လဆုတ် (၂) ရက် (၉-၈-၂၂) တွင် ကျောက်ဆည်မြို့ ဈေးတန်းရပ်ကွက်တွင် အဖဦးသာဒင်၊ အမိဒေါ်အေးစီတို့မှ ဖွားမြင်သည်။ ၁၉၃၆ ခုနှစ်တွင် ကျောက်ဆည်မြို့၌ သတ္တမတန်း အောင်မြင်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှစ၍ ဟံသာဝတီ သတင်းစာတိုက်၏ မြို့နယ်သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုသတင်းစာ၊ ပြည်သူ့နေ့စဉ်သတင်းစာ၊ လူထုသတင်းစာ၊ မန္တလေးဟစ်တိုင်သတင်းစာ၊ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာနှင့် ဂါဒီယန်သတင်းစာ တို့တွင် သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်မှစ၍ စာပေလုပ်သားအဖွဲ့သို့ဝင်ရောက်ခဲ့ပြီး မြို့နယ်စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို ၁၉၈၈ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး မြို့နယ်အဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဒုတိယအကြိမ်ညီလာခံသက်တမ်းတွင် မြို့နယ်အဖွဲ့နာယက အဖြစ် ယနေ့အထိဆောင်ရွက်လျက်ရှိသည်။

**နေရပ်လိပ်စာ** - ကန်ဦးရပ်၊ ကျောက်ဆည်မြို့။



www.burmeseclassic.com



# ဆရာမကြီးဒေါ်မေသန်းတင်(ပြင်ဦးလွင်သဇင်)

အဘဦးအောင်၊ အမိဒေါ်မမကြီးတို့မှ မန္တလေးမြို့၌ ၁၂၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း (၇)ရက်၊ (၁၄-၆-၁၉၁၈)ရက်နေ့တွင် မွေးဖွား သည်။

စစ်ကြိုခေတ်တွင် မန္တလေး ABM မိန်းကလေးကျောင်းမှ နဝမ တန်းအောင်မြင်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် 'ပြင်ဦးလွင်သဇင်' ကလောင် အမည်ဖြင့် စာစတင်ရေးသားရာ ပြည်သူ့ဂျာနယ်၊ ဗဟိုရ်စည်သတင်းစာ၊ လူထုသတင်းစာ၊ မြဝတီမဂ္ဂဇင်း၊ စာပေ လုပ်သားမဂ္ဂဇင်းများတွင် ဝတ္ထု၊ ဆောင်းပါးပုဒ်ရေ (၃၀၀)ကျော်ရေးသားခဲ့သည်။

၁၉၅၈ ခုနှစ် ဗီယင်နာမြို့တွင် ကျင်းပသော ကမ္ဘာ့အမျိုးသမီး (၅၂)နိုင်ငံညီလာခံနှင့် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကျင်းပသည့် (၇၂)နိုင်ငံ ကမ္ဘာ့ငြိမ်းချမ်းရေး ညီလာခံသို့ တက်ရောက်ခဲ့သည်။ ညီလာခံအပြန်တွင် ဆိုဗီယက်နှင့် တရုတ်နိုင်ငံများသို့ သွားရောက် လေ့လာခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ကမ္ဘာအေးစာပေညီလာခံသို့ အထက်မြန်မာ နိုင်ငံ စာရေးဆရာများကိုယ်စားလှယ်အဖြစ် ဆရာကြီးရွှေဥဒေါင်း၊ လူထုဦးလှတို့နှင့်အတူ တက်ရောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၇၄ခုနှစ်တွင် ဂျပန်ဘာသာဒီပလိုမာရရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း အာရှလူငယ်စည်းရုံးတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးအသင်း၊ အမျိုးသမီး (အားကစား) ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ ကြက်ခြေနီအသင်းအမှုဆောင်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများတွင် အမှုဆောင်အဖြစ် တာဝန်များ ထမ်းဆောင်ခဲ့သည်။

**နေရပ်လိပ်စာ။ ။သုမင်္ဂလာရပ်ကွက်၊ ပြင်ဦးလွင်မြို့။**



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးညွန့်လွင် (ခ) ဦးသန်းမောင်

၁၂၈၃ ခု၊ ပြာသိုလဆန်း ၆ရက် (၃-၁-၁၉၂၂) တွင် ရမည်းသင်းမြို့၊ အုန်းပင်ရပ်၌ အဖဦးညီလှိုင်၊ အမိ ဒေါ်မင်းကလေး တို့မှ မွေးဖွားခဲ့သည်။ ရမည်းသင်းမြို့ အစိုးရအထက်တန်းကျောင်းနှင့် ပျဉ်းမနားမြို့ ခေမာသီဝံ၊ ဦးဝိသုဒ္ဓအထက်တန်းကျောင်းတွင် ပညာ သင်ယူခဲ့ပြီး မြန်မာ (၁၀)တန်းအောင်နှင့် အထက်တန်းဆရာဖြစ် အောင်ခဲ့သည်။

၁၃၀၀ပြည့်အရေးတော်ပုံ၌ ကျောင်းသားသမဂ္ဂအတွင်းရေးမှူး၊ ဂျပန်ခေတ် အာရှလူငယ်အတွင်းရေးမှူး၊ (ဘီအိုင်အေ) အုပ်ချုပ်ရေးအဖွဲ့ဝါဒ ဖြန့်ချိရေးမှူး၊ ခရိုင် ဖ-ဆ-ပ-လ အတွင်းရေးမှူး၊ ဖက်ဆစ်တော်လှန်ရေး မျိုးချစ်ဗမာ့တပ်မတော်တိုင်း (၆) တပ်ရင်း (၂) တပ်ကြပ်အဖြစ် တာဝန်ထမ်းခဲ့သည်။

၁၉၄၇ ခုနှစ်၊ ရန်ကုန်ဂျူဗလီဟောတွင် ကျင်းပသော အခြေခံ ဥပဒေရေးဆွဲရေးပဏာမ ညီလာခံကိုယ်စားလှယ်၊ ဌာနချုပ် ဖ-ဆ-ပ-လ ဗဟိုကော်မတီဦးစီးလူကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဒု-ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်၊ နဂါးနီစာအုပ်အသင်းက ကျင်းပသော



www.burmeseclassic.com

www.burmeseclassic.com

အထက်တန်းကျောင်းသားများ (စာတတ်မှ ပညာရှိဖြစ်ရမည်) ခေါင်းစဉ်ပါ စာစီစာကုံးပြိုင်ပွဲတွင် (ပထမ) ဆု ရရှိခဲ့သည်။ ကျောင်းနေစဉ် လက်ရေးမဂ္ဂဇင်းနှင့် အာရှလူငယ်မဂ္ဂဇင်းတို့ကို ကြီးမှူးထုတ်ဝေခဲ့ သည်။

လူထုပညာရေးကောင်စီကျေးရွာမှူး၊ ခရိုင်မှူးနှင့် လက်ထောက် တိုင်းမှူးအဆင့်အထိ ဆောင်ရွက်ခဲ့သည့်အပြင် လူမှုဝန်ထမ်းဌာန ခရိုင်အရာရှိအဖြစ်ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်မှ ချီးမြှင့်သော လွတ်လပ်ရေးမော်ကွန်းဝင် (ပထမ ဆင့်) ရရှိခဲ့သည်။

စတိုးဆိုင်နှင့် စာပေဖြန့်ချိရေး၊ သတင်းထောက်အဖြစ်၊ ၁၉၄၅ ခုနှစ်၊ သံတော်ဆင့်သတင်းစာ၊ လွတ်လပ်ရေးသတင်းစာ၊ ဟံသာဝတီ သတင်းစာ၊ မန္တလေးလူထုသတင်းစာတို့တွင် ဆောင်ရွက်ခဲ့ပြီးလက်ရှိ ကြေးမုံသတင်းစာတွင် သတင်းထောက်အဖြစ်ဆောင်ရွက်လျက်ရှိ သည်။

**နေရပ်လိပ်စာ** - ကျော်ဇေယျစာပေ၊ ရမည်းသင်းမြို့။



www.burmeseclassic.com

www.burmeseclassic.com



# ပါမောက္ခဒေါက်တာလှဘေ

မော်လမြိုင်ခရိုင်၊ ခရွဲရွာတွင် အဖဦးမောင်ငွေ၊ အမိဒေါ်ခင်ခင် တို့မှ ၁၂၇၄ ခုနှစ်၊ ပြာသိုလဆန်း (၂)ရက်၊ (၈-၁-၁၉၁၃) ရက်တွင် မွေးဖွားခဲ့ပါသည်။ ငယ်စဉ် ခရွဲရွာ မူလတန်းကျောင်း၌ ပညာစတင် သင်ကြားပြီး ၁၉၃၁ ခုနှစ်တွင် မော်လမြိုင်အစိုးရအထက်တန်းကျောင်းမှ (၁၀) တန်းကို ဂုဏ်ထူး(၅)ခုဖြင့် ထူးချွန်စွာအောင်မြင်သဖြင့် စကောလားရှစ်ဆုရရှိခဲ့သည်။ ၁၉၃၆ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ ဂုဏ်ထူးတန်းကို မြန်မာစာပထမတန်းဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီး၊ ၁၉၃၈ခုနှစ်တွင် မဟာဝိဇ္ဇာ (မြန်မာစာဘွဲ့)ကို ထပ်မံရရှိသည်။

လန်ဒန်တက္ကသိုလ်ပညာရေးကောလိပ်မှ ၁၉၃၉ခုနှစ်တွင် ဒီပလိုမာရရှိခဲ့ပြီး ဆက်လက်၍တက္ကသိုလ်၏အရှေ့ပိုင်းပညာလေ့လာရေးသိပ္ပံကျောင်းမှ၁၉၄၄ခုနှစ်တွင်မြန်မာစာပေဆိုင်ရာပါရဂူ(Ph.D)ဘွဲ့ကိုရရှိသည်။

၁၉၄၂ခုနှစ်မှ ၁၉၄၆ခုနှစ်ထိ လန်ဒန်မြို့ ဘီဘီစီမြန်မာပိုင်း တွင် သတင်းဝေဖန်သူ၊ ဘာသာပြန်ဆရာ၊ အသံလွှင့်သူ စသည်ဖြင့် တာဝန်ထမ်းဆောင်ရင်း မြန်မာအင်္ဂလိပ်အဘိဓာန်ကို ကူညီပြုစုခဲ့ သည်။ ၁၉၄၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်ထိ အယ်ဒီတာလက်ထောက်၊ တွဲဖက် အယ်ဒီတာ တာဝန်များကို ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

၁၉၄၈ ခုနှစ်တွင် လန်ဒန်တက္ကသိုလ်အရှေ့ပိုင်းနှင့် အာဖရိက ပညာရပ်များ လေ့လာရေးသိပ္ပံကျောင်းတွင် ကထိက၊ ၁၉၅၅ ခုနှစ်တွင် လက်ထောက်ပါမောက္ခ၊ ၁၉၆၆ခုနှစ်တွင် ပါမောက္ခတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ထိုစဉ်က ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသားများကို မြန်မာစာပေသင်ကြားခဲ့ရုံသာမက လန်ဒန်တက္ကသိုလ်ဝင် ဂျီစီအီး (အို)အဆင့် စာမေးပွဲများ၊ ပြည်သူ့ဝန်ထမ်းကော်မရှင် စာမေးပွဲများတွင် ပါဝင်စစ်ဆေးခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် အငြိမ်းစားယူပြီး ယခုတိုင်မော်လမြိုင်မြို့၌ နေထိုင်လျက်ရှိပါသည်။

ဆရာကြီးသည် အင်္ဂလိပ်၊ မြန်မာဘာသာများဖြင့် ဆောင်းပါး (၆၀)ကျော်နှင့် စာအုပ်များစွာကို ရေးသားခဲ့သည်။ ထင်ရှားသော စာအုပ်အချို့မှာ “မြန်မာစာပေညွှန်ခံစာတမ်း” (မြန်မာ) “ပါရမီနှင့် ပါမောက္ခဒေါက်တာလှဘေ၏ အတွေးအမြင်စာစု” (မြန်မာ) “ကုမ္မာရီ ပြဇာတ်” (အင်္ဂလိပ်ဘာသာပြန်) “မြန်မာစကားပုံများ” (အင်္ဂလိပ်) “မြန်မာအင်္ဂလိပ်အဘိဓာန်” အပိုင်း(၂)မှ(၆)ထိ၊ နောက်ဆုံး ၁၉၈၅ ခုနှစ်တွင် စင်ကာပူနိုင်ငံမှထုတ်ဝေသော “မြန်မာနိုင်ငံ” (အင်္ဂလိပ်)တို့ ဖြစ်သည်။ အင်္ဂလန်နိုင်ငံတွင်သာမက ဒိန်းမတ်၊ ဟော်လန်၊ ဘယ်လဂျီယန်၊ ဂျာမဏီ၊ ပြင်သစ်၊ အိန္ဒိယတိုင်းပြည်များရှိ တက္ကသိုလ်များနှင့် ပညာရေးအဖွဲ့အစည်းများက ဖိတ်ကြားသဖြင့် ဟောပြော ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

**နေရပ်လိပ်စာ** - အမှတ် ၅ (အေ)၊ တောင်ဝိုင်းလမ်း၊ ဈေးကြိုရပ်၊ မော်လမြိုင်မြို့။



www.burmeseclassic.com

www.burmeseclassic.com



## ဆရာမကြီး ဒေါ်အုံးခင် (အင်းလျား ကြည်ရွှင်)

၁၂၇၆ ခုနှစ်၊ တန်ခူးလဆုတ် (၄)ရက် (၄-၄-၁၉၁၅) ရက်တွင် အဖ ဦးထိုက်၊ အမိ ဒေါ်လှမယ်တို့မှ ဖွားမြင်သည်။ မန္တလေးမြို့ (အေဘီအမ်) (အမေရိကန် မိန်းခလေး)ကျောင်းမှမြန်မာစာဂုဏ်ထူးဖြင့်၁၀တန်းအောင်မြင်ခဲ့သည်။ဥပစာကောလိပ်ကျောင်းမဂ္ဂဇင်းတွင်စာစတင်ရေးသားခဲ့ပြီး ဘီအေတန်းတွင်သူရိယသတင်းစာ၊ဆယ်သန်းမဂ္ဂဇင်းတွင်ရေးသားခဲ့သည်။

တက္ကသိုလ်၌အမှုထမ်းဆောင်စဉ် ပညာတန်ဆောင်နှင့်မြန်မာစာသင်နည်း သုတေသနစာတမ်းများ ဖတ်ကြားခဲ့သည်။ အသုံးလုံးကျေစီမံကိန်းတွင် အကြံပေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၉-၁၉၅၃တွင် တက္ကသိုလ်များ၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၅၃-၁၉၇၆တွင် ပညာရေးတက္ကသိုလ်၌ လက်ထောက်ကထိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၆မှ ယနေ့တိုင် မြန်မာစာအဖွဲ့အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင် လျက်ရှိသည်။ ပညာရေးတက္ကသိုလ်တွင် စိတ်ပညာအခြေပြ ဘာသာပြန်စာအုပ်ကို ပြုစုရေးသားခဲ့သည်။ ပညာရေးဆိုင်ရာ ဆောင်းပါးများ၊ဘာသာပြန်စာအုပ်များရေးသားခဲ့သည်။

၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ပညာပဒေသာစာစောင် ထုတ်ဝေခဲ့သည်။ မြန်မာစာလက်ရေးသုတေသနစာတမ်း ဖတ်ကြားခဲ့ပြီး မြန်မာစာသင်ပုံသင်နည်း ပြောင်းလဲလာပုံကို ရေးသားခဲ့သည်။

**နေရပ်လိပ်စာ**-အမှတ်၁၁၊ ဇေယျာသီရိလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးသာလှ (သာလှ)

၁၂၇၉ ခုနှစ်၊ နတ်တော်လဆုတ် (၂) ရက် (၃၀-၁၁-၁၉၁၇) ရက်နေ့တွင် ဖွားမြင်သည်။

ဂန္ဓာရပင်၊ ရုက္ခဗေဒပန်းပုံစံ စုဆောင်းပြုလုပ်နည်း၊ မြန်မာ့သစ်တောထွက်အပင်များနှင့် အသုံးဝင်ပုံများ၊ မြန်မာ့သနပ်ခါး၊ မြန်မာ့ဆေးပင်များ၊ ပုပ္ပါးတောင်ရှိ ပန်းမာလ်နှင့် ဆေးပင်များစာတမ်း၊ နတ်ဆေးဂမုန်းအကြောင်းစာတမ်း၊ ၁၉၅၃ ခုနှစ်၊ တြိဂံနယ်မြေ ဗဟုသုတများ ရှာဖွေစုဆောင်းရေး ခရီးနှင်ခြင်း စသည်ဖြင့် စာအုပ်ပေါင်း ၁၂ အုပ်ခန့် ရေးသားခဲ့သည်။

**နေရပ်လိပ်စာ-** ၁၉၊ အောင်သုခခြံ၊ အနောက်ထန်းတပင်လမ်း၊ ၃ ရပ်ကွက်၊ ကမာရွတ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာမကြီး ဒေါ်ရင်ရင် (စောမုံညင်း)

အဖ အခွန်တော်မင်းကြီး ဦးစံတင်နှင့် အမိ ဒေါ်ဒေါ်မြို့တို့မှ ၁၂၈၂ ခုနှစ်၊ တော်သလင်းလဆုတ် (၁၁)ရက် (၈-၁၀-၁၉၂၀) ရက်နေ့တွင် မိုးမိတ်မြို့၌ မွေးဖွားခဲ့သည်။

ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ၊ ရာဇဝင်ဂုဏ်ထူး) နှင့် နိုင်ငံခြားဘာသာသင်သိပ္ပံမှ ဂျပန်ဘာသာဒီပလိုမာဘွဲ့ကို ရရှိခဲ့သည်။

အထက်တန်းကျောင်းသူဘဝမှစ၍ စာစတင်ရေးသားခဲ့သည်။ ဂျပ်ဆင်ကောလိပ်မဂ္ဂဇင်းတွင် ဆောင်းပါး၊ ကဗျာရေးသားရာမှ 'စောမုံညင်း' ကလောင်အမည်ခံယူခဲ့သည်။ အမျိုးသမီးကလောင်အဖွဲ့ ရန်ပုံငွေပြဇာတ်ဖြစ်သော 'ရတနဂုဏ်ရည်' ပြဇာတ်နှင့် 'ကိန္နရီမောင်နှံ' ပြဇာတ်တို့ကို ရေးသားခဲ့သည်။ ၁၉၅၆ ခုနှစ်တွင်ပင် အင်ဒီပင်းဒင့် ဒေါ်စန်း ကွယ်လွန်သည့် သုံးနှစ်မြောက် ကဗျာပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆု ရရှိသည်။

၁၉၆၃ ခုနှစ်တွင် 'ရွှေ့ဆောင်လူငယ်သောက်ရှူးကြွယ်' စာအုပ်ဖြင့် (ကလေးလူငယ်) အမျိုးသားစာပေဆု တတိယဆု ရရှိသည်။ ၁၉၆၅ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ ချီးမြှင့်သော ယဉ်ကျေးမှုစာပေဒုတိယဆုကို 'မြန်မာမှုစုံပန်းရဂုံ' စာအုပ်ဖြင့် ရရှိသည်။



www.burmeseclassic.com

'မြတ်နိုးစရာ မြန်မာ့ရိုးရာများ'၊ 'နော်ဇာကုံးနှင့် ပုလဲသွယ်'၊ 'မြန်မာ့ဇာတ်သဘင်တစ်ခေတ်ပြောင်းလဲရေး'၊ 'ကရင်ပြည်နယ် ဓာတ်ပုံမှတ်တမ်း'၊ 'မြန်မာအမျိုးသမီး' စသည့် စာအုပ်များ အပါအဝင် ရိုးရာဓလေ့ထုံးစံ၊ တေးဂီတဆိုင်ရာ အနုပညာဆောင်းပါးများနှင့် ယဉ်ကျေးမှုရေးရာ ဆောင်းပါးများစွာ ရေးသားခဲ့သည်။

ဆရာမကြီး၏ အခြားထူးခြားသည့် အရည်အချင်းမှာ မဟာဂီတသီချင်းကြီးများကို ၁၄ နှစ်တိုင် သင်ယူခဲ့ပြီး၊ ကိုယ်တိုင် သီဆိုအသံလွှင့်ခဲ့သည့်အပြင် ၁၉၈၈ ခုနှစ်မှ ယနေ့တိုင် မြန်မာ့အသံ 'ယဉ်ကျေးမှုရေးရာအဖြာဖြာ' အခန်းတွင် တစ်လနှစ်ကြိမ် အသံလွှင့်နေဆဲ ဖြစ်ပါသည်။

၁၉၈၉ ခုနှစ်တွင် 'မြန်မာအမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု' စာအုပ်ဖြင့် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ) ရရှိခဲ့သည်။

ယခုအခါ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဝင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့တွင် အကြံပေးပုဂ္ဂိုလ်၊ အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့နာယက၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုကော် မတီဝင် စသည်ဖြင့် တာဝန် ထမ်းဆောင်လျက် ရှိသည်။

၂၀၀၀ ပြည့်နှစ်အတွက် အရှေ့တောင်အာရှစာပေဆု (S.E.A Write Award) ကို ဆွတ်ခူးရရှိခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၃၁၈)၊ ဦးဝိစာရလမ်း၊ ကမာရွတ်မြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးကျော်ဆန်း (သုခိအောင်)

မော်လမြိုင်မြို့၊ ထားဝယ်စုရပ်၊ ကျားတံတားလမ်းတွင် ၁၂၈၄ - ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၉) ရက်၊ (၁၇-၇-၁၉၂၂) တွင် အဖဦးသက်ဝင်း (အနုပညာကထိက)၊ ဆရာအတတ်သင်သိပ္ပံကျောင်း၊ အမိဒေါ်မြယဉ်တို့မှ မွေးဖွားသည်။ ငယ်စဉ်က ကျောက်ဆည်မြို့ရှိ ရေနားဘုန်းတော်ကြီးကျောင်းတွင် ပညာစတင်သင်ကြားသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ အသံလွှင့်ဌာနအစီအစဉ် လက်ထောက်အဖြစ်အမှုထမ်းသည်။

စစ်ပြီးနောက် အရေးပေါ်တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူးသည်။ ၁၉၅၀ - ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ရကာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅)သို့ တက်ရောက်ပြီး ကြည်းတပ်မတော်ဗဟိုစစ်ကျောင်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာန၊ စိတ်ဓာတ်စစ်ဆင်ရေးဌာန၊ မြဝတီမဂ္ဂဇင်းတွဲဖက် အယ်ဒီတာ၊ စစ်နှလုံးဂျာနယ်နှင့် ရောင်ခြည်ဂျာနယ်အယ်ဒီတာချုပ် တာဝန်များထမ်းဆောင်ခဲ့သည်။

၁၉၆၂ - ခုနှစ်တွင် တော်လှန်ရေးကောင်စီသတင်းစဉ် အယ်ဒီတာချုပ်၊ ၁၉၆၄ - ခုနှစ်တွင် မြန်မာ့အသံညွှန်ကြားရေးမှူး တာဝန်များ အသီးသီးထမ်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာသတင်းစာဆရာ (၅) ဦးကို ဦးဆောင်ကာ ဂျာမနီနိုင်ငံတွင် Journalism Diploma ဘွဲ့သင်တန်း တက်ရောက်ခဲ့သည်။ ၁၉၆၈ - ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းစာပညာသင်တန်း၌ ကျောင်းအုပ်ကြီးတာဝန်ထမ်းဆောင်သည်။ ၁၉၇၄ - ခုနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သုတေသနဌာနတွင် စစ်ဦးစီးမှူး ပထမတန်း၊ ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်သည်။

၁၉၇၉ - ခုနှစ်တွင် လမ်းစဉ်လူငယ်စည်းရုံးရေး ဗဟိုကော်မတီတွင် တွဲဖက်အတွင်းရေးမှူးတာဝန်ထမ်းဆောင်သည်။ ၁၉၈၈ - ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၈၉ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အစိုးရ၏သတင်းထုတ်ပြန်ရေးအဖွဲ့ကို ဦးဆောင်၍ သွားရောက်ခဲ့သည်။


၁၉၉၃ - ခုနှစ်မှစ၍ ၂၀၀၂ - ခုနှစ်၊ အောက်တိုဘာလအထိ ပြန်ကြားရေးဝန်ကြီးဌာနတွင် အကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ 'သွေးက ပြောသောအခါ (ပြဇာတ်)'၊ 'တို့ခေတ် တို့စနစ် တို့ချစ်တဲ့မြေ (ပြဇာတ်)'၊ 'မိုးပြာရောင်ပေါ်ကကြယ်ဖြူတစ်ပွင့် (ရုပ်ရှင်)'၊ 'အဖြူ ရောင်မေတ္တာ(ရုပ်ရှင်)၊' 'အပြန်လမ်းကချစ်မေတ္တာ (ရုပ်ရှင်)'၊ 'နှစ်ငါးဆယ်ပြည့်ရွှေရတုတပ်မတော် စစ်ချီစစ်ရေး တေးသီချင်းများ (စာအုပ်)၊ 'Morality of Myanma'၊ 'English Speaking & Mass Media' စာအုပ်များနှင့် ထင်ရှားသောတိုင်းကျိုးပြည်ပြု တေးသီချင်းများ ရေးခဲ့သည်။

**နေရပ်လိပ်စာ**- အမှတ် ၁၁၇ (ဂျီ)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးကြည်ခင်
# (ကြည်ခင် - လျှပ်စစ်ဓာတ်အား)

၁၂၈၃ ခုနှစ် တော်သလင်းလဆုတ် ၁၄ ရက် (၃၀-၉-၁၉၂၁) တွင် ရန်ကုန်မြို့၌ အဖဦးသိန်းခင် (ဘီအေ၊ အငြိမ်းစားဓာတုဗေဒ မင်းကြီး)၊ အမိဒေါ်ရှေင်တို့မှ မွေးဖွားသည်။

၁၉၃၈ ခုနှစ်တွင် စိန့်ပေါအင်္ဂလိပ်အထက်တန်းကျောင်းမှ အထက်တန်းကျောင်းစာမေးပွဲကို သင်္ချာ၊ အပိုသင်္ချာဘာသာတို့ဖြင့် ထူးချွန်စွာ အောင်မြင်ပြီး တက္ကသိုလ်ဝင် စကောလားရှစ်ဆုရခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်သည်။ သင်္ချာ ဂုဏ်ထူးတန်း တက်ခွင့်ရခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြောင့် ၁၉၄၃ ခုနှစ်တွင် ဘီအက်စ်စီ (သိပ္ပံဘွဲ့)ကို ဖြေဆိုရရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်တွင် ရေအားနှင့်ဆည်မြောင်း အင်ဂျင်နီယာ ပညာတော်သင်အဖြစ် ၁၉၄၄မှ ၁၉၄၅ခုနှစ်အထိ ဂျပန်နိုင်ငံ၌ ပညာသင်ကြားခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုသို့ ပညာတော်သင်အဖြစ်သွားရောက်၍ အိုင်အိုဝါ တက္ကသိုလ် (State University of Iowa)၌ ပညာသင်ကြားပြီး ဘီအက်စ်စီ (မြို့ပြအင်ဂျင်နီယာ)ဘွဲ့ ရခဲ့သည်။ ရေလှောင်တမံ တည်ဆောက်၍



www.burmeseclassic.com

www.burmeseclassic.com

မြစ်ဝှမ်းတစ်ခုလုံး၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုး တိုးတက်မှုဖြစ်ထွန်းစေရန် စီမံကိန်းချဆောင်ရွက်ပုံနည်းပညာကို လက်တွေ့လေ့လာ သင်ကြားခဲ့သည်။ ၁၉၅၀ပြည့်နှစ်တွင် မြန်မာနိုင်ငံ ရေအားလျှပ်စစ် စူးစမ်းတိုင်းတာရေးအဖွဲ့၌အမှုထမ်းသည်။

လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့ (ESB)နှင့် လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းတို့၌ ဆက်လက်အမှုထမ်းသည်။ မြန်မာနိုင်ငံ၌ အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည့် ဘီလူးချောင်း (လောပိတ) စီမံကိန်းနှင့် မိုးပြဲရေလှောင်တမံ စီမံကိန်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ဒုတိယအင်ဂျင်နီယာချုပ်ရာထူးဖြင့် အနှစ် ၂၀ ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့သည်။

ရေအားလျှပ်စစ်ဌာန၌ တာဝန်ထမ်းဆောင်စဉ် အစိုးရကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် ဂျပန်၊ ယူဂိုဆလားဗီးယား၊ အိန္ဒိယ၊ ချက်ကိုစလိုဗေးကီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ယိုးဒယားနိုင်ငံ တို့သို့ သွားရောက်ခဲ့သည်။

ဆရာကြီးသည် ၁၉၉၅ ခုနှစ် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ၌ ကြည်ခင် (လျှပ်စစ်ဓာတ်အား) ကလောင်အမည်ဖြင့် "ဒုတိယကမ္ဘာစစ်အတွင်းဂျပန်ရောက် ပညာသင်သုံးကျိပ်" စာမူဖြင့် ကျမ်းစာကဏ္ဍတွင် ပထမဆု၊ ၁၉၉၆ ခုနှစ် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲတွင် "နမ့်ကိန္နရီဇာတ်လမ်း" စာမူဖြင့် ကျမ်းစာကဏ္ဍတတိယဆုတို့ကို ရရှိခဲ့သည်။

**နေရပ်လိပ်စာ**- အမှတ် (၆၂)၊ အင်ယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာမကြီး ဒေါ်နီနီယဉ် (ဏီဏီယဉ်)

၁၂၈၆-ခုနှစ် ကဆုန်လဆန်း(၁)ရက် (၃-၅-၁၉၂၄)ရက်၌ အဖဦးကျော်ငြိမ်း၊ အမိဒေါ်ဒေါ်အုန်းတို့မှ စစ်ကိုင်းမြို့တွင် မွေးဖွားသည်။

၁၉၄၇ ခုနှစ်မှစပြီး ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်များကို ကလောင်အမည် ဒေါ်ရီရီအုန်း၊ ခင်သစ္စာ၊ ကြူဝင်း၊ နီနီယဉ်၊ ဏီဏီယဉ်အမည်များဖြင့်ရေးသားသည်။

'သစ္စာမြိုင်'ဟူသော ဖက်စစ်တော်လှန်ရေးမျိုးချစ် ဝတ္ထုရှည်ကို ရီရီအုန်းဟူသော ကလောင်အမည်ဖြင့် ယုဝတီဂျာနယ်တွင် အခန်းဆက် ရေးသားခဲ့သည်။

မွေးရပ်မြေ စစ်ကိုင်းမြို့၏ သာယာလှပပုံကို 'ဇေယျာရွှေမြေ' ဟူသော ဝတ္ထုရှည်ဖြင့် နိုင်ငံသစ်နေ့စဉ်သတင်းစာမှာ အခန်းဆက် ရေးသားခဲ့သည်။

'တောစံပယ်'၊ 'မလေးဖြူ'၊ 'လရောင်နဲ့မှ ပွင့်ချင်တယ်'၊ 'အသည်းတိုင်း ကမ္ဗည်းတင်သူ'၊ 'လမင်းစန္ဒာ'၊ 'ပန်ချင်သူပေါ်ပေမဲ့'၊ 'မျက်နှာချင်း လမင်းမှာ ဆုံမယ်' လုံးချင်းဝတ္ထုများကိုလည်း ရေးသားခဲ့၍ 'ခရစ်ခဉ်ရေခါးခါး' ဝတ္ထုတိုကို မြန်မာ့အသံမှ ဇာတ်လမ်းသဖွယ်



www.burmeseclassic.com

ဖော်ပြခဲ့ဖူးသည်။ ၁၉၆၅ ခုနှစ်၊ သွေးသောက်မဂ္ဂဇင်းတွင် ရေးသားခဲ့သော 'မိုးမျက်ရည်ဖြိုး' ဝတ္ထုရှည်ကို ဂျပန်ဘာသာဖြင့် နှစ်ကြိမ်တိုင်တိုင် ဘာသာပြန်၍ ကမ္ဘာ့လူငယ်များအမည်ရှိ ကျောင်းသားသမဂ္ဂ၊ ကျောင်းသားမဂ္ဂဇင်းတွင်လည်းကောင်း၊ အထက်တန်းကျောင်းသားမဂ္ဂဇင်း (ကိုးနီ-ကိုစိ) မဂ္ဂဇင်းတွင်လည်းကောင်း၊ ဆရာကြီးဦးမောင်မောင်တင်၏တပည့် ကိုလှဝေ(ခ) မစ္စတာယာဘူရှိရိုက ဘာသာပြန်၍ ဖော်ပြခဲ့ဖူးသည်။

ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ ၁၈၀ပုဒ်မျှ ရေးဖြစ်ပြီး ယခုအခါ 'နီနီယဉ်၊ ဏီဏီယဉ်'ဟူသော ကလောင်အမည်တို့ဖြင့် ဘာသာရေးဆောင်းပါး၊ လူမှုရေးဆောင်းပါးများကို ရေးသားလျက်ရှိပါသည်။

အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ခဲ့ပြီး ကမာရွတ်မြို့နယ်သို့ ၁၉၉၇ခုနှစ်တွင် ပြောင်းရွှေ့နေထိုင်သည်။ ကမာရွတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယကအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**နေရပ်လိပ်စာ။ ။ အမှတ်-၆၉၊ အောင်မင်းခေါင်လမ်းသွယ်(၁)၊ ခတ်ပေါင်းစုံဘုရားလမ်း၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးတင်စိုး
# (တင်စိုး-တိုင်းလုံးကျော်)

၁၂၈၉-ခုနှစ်၊နယုန်လပြည့်ကျော်၈-ရက်၊(၂၄-၆-၁၉၂၄) နေ့တွင် ဧရာဝတီတိုင်း ပုသိမ်မြို့၌ အဖဦးထွန်းဝင်း၊ အမိ ဒေါ်စောမျှင်တို့မှ မွေးဖွားသည်။ ၁၀ တန်းထိ ပညာသင်ကြားခဲ့သည်။

၁၉၄၆-ခုနှစ်တွင် တိုင်းလုံးကျော်သတင်းစာတိုက် သတင်း ထောက်၊ ကြယ်နီညနေသတင်းစာတွင် သတင်းထောက် ဆောင်ရွက် ခဲ့သည်။ သတင်းစာတိုက်များ ပြည်သူပိုင်သိမ်းပြီးနောက် ကြေးမုံ သတင်းစာတိုက်တွင် ကျောက်တံတားမြို့နယ် သတင်းထောက်နှင့် ကြေးမုံသတင်းစာကိုယ်စားလှယ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

**နေရပ်လိပ်စာ။ ။အမှတ်-၁၉၉(မြေညီထပ်)၊ ၃၆-လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။**



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးချစ်လှစိန် (ဒဂုန်နွယ်ကသစ်)

၁၂၇၃ ခုနှစ်၊ တန်ခူးလဆန်း (၈) ရက် (၂၅-၃-၁၉၁၂) ရက်နေ့တွင် အဖ ဦးဘိုးဝင်း၊ အမိ ဒေါ်ငွေရင်တို့မှ ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်း၌ မွေးဖွားခဲ့သည်။ ကျောင်းသားဘဝမှစ၍ စာပေရေးသားခဲ့၏။

ရဲတပ်ဖွဲ့သို့ ဝင်ရောက်ပြီးနောက် ၁၉၄၂ခုနှစ်တွင် ရဲကြေးမုံ မဂ္ဂဇင်း၌ လက်ထောက်အယ်ဒီတာအဖြစ် ၁၅ နှစ်ခန့် လုပ်ကိုင်ခဲ့သည်။ ရုပ်ရှင် ဂျာနယ်၊ ရှုမဝ မဂ္ဂဇင်းနှင့် ကျန်မဂ္ဂဇင်းတို့တွင် ဆောင်းပါးများ၊ ဝတ္ထုများ၊ အခန်းဆက်ဝတ္ထုများကို မင်းဝေ၊ ဦးချစ်လှစိန် (ရဲဝန်ထောက်)၊ ဒဂုန်နွယ်ကသစ်အမည်များဖြင့်ရေးသားခဲ့သည်။ ဗြိတိသျှဘားမား ရုပ်ရှင်နှင့် အေဝမ်းရုပ်ရှင်တို့တွင် ဝတ္ထုဇာတ်ညွှန်းများရေးခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရက လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်ချီးမြှင့်ခံရသည်။ ယခုအခါ မျက်စိအတွင်းတိမ်ရောဂါကြောင့် စာမရေးသားနိုင်ဘဲ အနားယူလျက်ရှိသည်။

**နေရပ်လိပ်စာ** - ၁၇၅၊ အခန်း -၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးမြင့်ထူး (ပုသိမ်ဟာလဝါ)

၁၂၈၂ခုနှစ်၊တော်သလင်းလဆန်း (၁၁)ရက် (၂၃-၉-၁၉၂၀)နေ့တွင် ပုသိမ်မြို့၌ အဖဦးမြတ်သာဇံ၊ အမိ ဒေါ်ငွေဇင်တို့မှ မွေးဖွားသည်။ ၁၉၄၀ပြည့်နှစ်တွင် မြန်မာအင်္ဂလိပ် ဆယ်တန်းစာမေးပွဲကို ပုသိမ်အမျိုးသားအထက်တန်းကျောင်းမှ အောင်မြင်သည်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပုသိမ်မြို့၊ စတီးဘရားသားကုမ္ပဏီ ကောက်ပဲသီးနှံရုံး၊ ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးနောက် ကောက်ပဲသီးနှံရုံး ဆန်အင်စပက်တော်အလုပ်တို့ကို လုပ်ကိုင်ခဲ့ပါသည်။ တပ်မတော်မှတ်တမ်းရုံးတွင် တပ်ကြပ်ကြီး(စာရေး)၊ ရုံးအုပ်တာဝန်များ ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့သည်။ တပ်မှထွက်ပြီးနောက် ရန်ကုန်မြို့ ပစ္စည်းဝယ်ယူရေးအဖွဲ့တွင် ပစ္စည်းထိန်းတာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၃ ခုနှစ်တွင် ပစ္စည်းဝယ်ယူရေးအဖွဲ့မှ ကုန်သွယ်ရေးသို့ ပြောင်းလဲ ဖွဲ့စည်းသောအခါ ယာဉ်နှင့် စက်ပစ္စည်းဆိုင်မန်နေဂျာအဖြစ် ရန်ကုန်မြို့ (ပန်းဆိုးတန်း) နှင့် တောင်ကြီးမြို့တို့တွင် အငြိမ်းစားယူသည် အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ရန်ကုန်ညနေထုတ် ကြယ်နီသတင်းစာတွင် ကော်လံစားသတင်းထောက်အဖြစ် သတင်းနှင့် ဆောင်းပါးများရေးခဲ့ပြီး၊ ၁၉၆၃ ခုနှစ်တွင်



www.burmeseclassic.com

သတ္တိစာစောင်၌ ဆောင်းပါးများရေးခဲ့သည်။ မြတ်မင်္ဂလာ၊ ရှုမဝ၊ နဝဒေး၊ စစ်ပြန်၊ စုံထောက်၊ သောကြာ စသည့် မဂ္ဂဇင်း၊ ဂျာနယ်များ၌ ဆောင်းပါး၊ ဝတ္ထုတိုများကို မြတ်သာဇင်၊ ပုသိမ်ဟာလဝ၊ ပုသိမ်ခင်ညို အမည်များဖြင့် ရေးသားသည်။ ဆရာကြီးသည် ကြည့်မြင်တိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် ၈၊ ဦးဖိုးခင်လမ်း၊ သူဌေးကုန်း၊ ကြည့်မြင်တိုင်မြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးဦးသန်းလွင် (မြို့မ သန်းလွင်)

၁၂၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၁)ရက် (၂၂-၃-၁၉၁၈)တွင် ဖွားမြင်သည်။၁၉၄၁တွင် မြန်မာစာဂုဏ်ထူးဖြင့် ၁၀- တန်းအောင်မြင်ခဲ့သည်။ စစ်ပြီးခေတ်တွင် နိုင်ငံခြားဘာသာ ဒီပလိုမာဘွဲ့ရခဲ့သည်စစ်ကြိုခေတ်မြို့မကျောင်း ၁၀-တန်းကျောင်းသားဘဝတွင် အေဝမ်းရုပ်စုံ၌ 'မေ့ရက်ကယ်နေနိုင်တယ်'နှင့် မြို့မကျောင်းမှထုတ်ဝေ သော "ဝံသယုဝ" မဂ္ဂဇင်းတွင် "ပြည်တော်သာခင်ဦး" ဝတ္ထုတိုနှစ်ပုဒ်ရေးခဲ့သည်။

"ပြည်တော်သာခင်ဦး"ကို မြန်မာ့အသံဇာတ်လမ်းပမာနားဆင်စရာအခန်းမှ ထုတ်လွှင့်ခံရပြီး၊ ဂန္ထလောကမဂ္ဂဇင်း၊ ပဒေသာမဂ္ဂဇင်းနှင့် ပေဖူးလွှာမဂ္ဂဇင်းတို့တွင် ပြန်လည်ဆန်းသစ်ခြင်း ခံခဲ့ရပါသည်။

ချစ်ပြုံးနှင်းဆီမှသည်ပွင့်ဦးသို့ (၁၉၈၆-ခု၊ဩဂုတ်လထုတ် သပြေတေးမဂ္ဂဇင်း)၊ ဓာတ်ပုံ အကယ်ဒမီဒါရိုက်တာတစ်ဦးနှင့် သူ၏သက်လယ် (၁၉၉၅၊ စက်တင်ဘာလထုတ် လုံမလေးအမျိုးသမီးမဂ္ဂဇင်း)၊ လွတ်အောင်ရုန်းမည်မို့ (သွေးသောက်မဂ္ဂဇင်း)၊ သစ်ပျစ်သီးတစ်ခိုင် (သွေးသောက်မဂ္ဂဇင်း)၊ ကံ့ကော်ရိပ်ဝယ်(သွေးသောက်မဂ္ဂဇင်း)၊ ကျွန်တော်ပြောခဲ့ဖူးသော ဝင်းဦး (လုံမလေးအမျိုးသမီးမဂ္ဂဇင်း)၊ အလှဆုံးသော ရွှေပန်းချီ (ကလျာမဂ္ဂဇင်း) များကိုရေးသားခဲ့သည်။

ယခုအခါ ဂျပန်ဘာသာသင်ကြားပေးလျက်ရှိသည်။

**နေရပ်လိပ်စာ** - အမှတ်-၂၁၊ မကြီးကြီးလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးဦးမောင်မောင်မိုး
# (တက္ကသိုလ်ညိုညိုလေး)

၁၂၈၁ ခုနှစ်၊ ဝါဆိုလဆန်း (၃) ရက် (၂၉-၆-၁၉၁၉) ရက်နေ့တွင် အဖ ဦးမိုက်တင်၊ အမိ ဒေါ်အေးခင်တို့မှ ရန်ကုန်မြို့တွင် မွေးဖွားခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ဥပစာ (ဝိဇ္ဇာ) အထက်တန်းထိ ပညာဆည်းပူးခဲ့သည်။

ဂျပန်ခေတ်တွင် သာယာဝတီခရိုင်၊ စစ်ကွင်းမြို့သို့ ပြောင်းရွှေ့ပြီး အာရှလူငယ်အစည်းအရုံးတွင် ဥက္ကဌလမျူးအဖြစ် ဆောင်ရွက်ခဲ့သည်။ စစ်ပြီးခေတ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာ ဆက်လက်ဆည်းပူးခဲ့ရာ ၁၉၄၆ခုနှစ်တွင် တက္ကသိုလ်စာရေးဆရာ အသင်းအမှုဆောင်(ငွေထိန်း) နှင့် တက္ကသိုလ်မြန်မာစာအသင်းတွင် ဟောပြောရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ သစ်ဆန်းစာစောင်၊ စုံထောက်မဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်း၊ ဒဂုံမဂ္ဂဇင်း၊ အလင်းရောင်ဂျာနယ်၊ ဒီးဒုတ်ဂျာနယ်၊ ပဒေသာ၊ နော်ရထာ စသည့် စာစောင်များတွင် ကဗျာ၊ ဆောင်းပါး၊ ပုံပြင်၊ ဝတ္ထုတိုများရေးသားခဲ့သည်။

၁၉၅၃ခုနှစ်တွင် မြဝတီမဂ္ဂဇင်းတွင် လက်ထောက်စာတည်းအဖြစ် ကလေးဂျာနယ်၊ မြတ်လုလင်ဂျာနယ်၊ နော်ရထာစာစောင်တို့တွင်လည်းကောင်း၊ အိမ်စောင့်အစိုးရလက်ထက်တွင် မြန်မာနှင့်ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com

(သတင်းမဂ္ဂဇင်း)တွင် တာဝန်ခံစာတည်း၊ ခေတ်ရေးစာစောင်တွင် ပုံနှိပ်တာဝန်ခံ စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။

၁၉၄၇-၄၈ ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ ဝင်ရောက်ခဲ့သည်။ ၁၉၅၉-၆၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံစာရေးဆရာ အသင်း၌ အမှုဆောင်တာဝန်ထမ်းဆောင်ခဲ့သည်။ တော်လှန်ရေး အစိုးရလက်ထက်တွင် ရှေ့သို့စာစောင်အယ်ဒီတာအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ကလေးအကျိုးပြုစာပေ များအဖြစ် 'သင်၏နောင်ရေး သင့်ရင်သွေး' စာအုပ်နှင့် 'မွန်ပညာရှိကလေး မောင်ထော်ကဲနှင့် အဖော်များ'စာအုပ်ကို ရေးသားပြီး 'ကမ္ဘာ့သမဝါယမ လှုပ်ရှားမှု'စာအုပ်ကို ဘာသာပြန်ခဲ့သည်။ ယခုအခါ စမ်းချောင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် နာယကအဖြစ် ဆောင်ရွက်လျက် ရှိသည်။

**နေရပ်လိပ်စာ**- အမှတ် ၂၉၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း (၇၀၉၃၂၄)



www.burmeseclassic.com

www.burmeseclassic.com



# ဆရာမဒေါ်ခင်စိန် (တင်တင်ခိုင်၊ ကေအက်စ်)

၁၂၈၃ ခုနှစ်၊ တပို့တွဲလဆန်း (၁၀) ရက် (၆-၂-၁၉၂၂) ရက်တွင် အဖ ဦးဘရှင် (ရဲအရာရှိ)၊ အမိ ဒေါ်ကျင်တို့မှ ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် မွေးဖွားသည်။ တောင်တွင်းကြီးအစိုးရအထက်တန်းကျောင်းမှ ၁၀တန်းဖြေဆိုအောင်မြင်ခဲ့သည်။

၁၉၅၆ ခုနှစ်တွင် ဘီအေဘွဲ့ကို အင်္ဂလိပ်စာ၊ အနုစာပေ၊ နိုင်ငံရေးပညာ၊ အနောက်တိုင်းသမိုင်းတို့ဖြင့် ရရှိသည်။ ၁၉၆၁ ခုနှစ်တွင် ဘီအယ်လ်ဘွဲ့ကို ဂုဏ်ထူးဖြင့် ရရှိခဲ့သည်။

၁၉၅၆ ခုနှစ်တွင် ပြည်ထဲရေးဌာန၊ ပြုစောထီးစီမံကိန်းတွင် ဌာနခွဲစာရေးကြီးအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၅၉ ခုနှစ်တွင် အသစ်ဖွဲ့စည်းသော စာပေစိစစ်ရေးအဖွဲ့တွင် စာပေစိစစ်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်၌ အသစ်ဖွဲ့စည်းသော စာပေစိစစ်နှင့် မှတ်ပုံတင်အဖွဲ့တွင် စိစစ်ရေးမှူး တာဝန်ထမ်းဆောင်၍ အငြိမ်းစားယူခဲ့သည်။

စာပေစိစစ်ရေးမှူးတာဝန်ထမ်းဆောင်နေစဉ် အစ္စရေးအမျိုးသမီးဝန်ကြီးချုပ် " ဂိုလ်ဒါမေယာ "၊ "အာရှ၏အလှကေရီ" (ဖိလစ်ပိုင်သမ္မတ၏ဇနီး အီမယ်လ်ဒါမားကိုစ် အတ္ထုပ္ပတ္တိ)၊ " ရှာမှရှားတဲ့ဘုရင်"

(အီရန်ရှားဘုရင် အတ္ထုပ္ပတ္တိ)၊ "သူလျှိုသက်ထား" (Spy Wife)၊ "တောင်သို့ယွန်းယွန်း ဂျားဗားကျွန်း" (South by South West)၊ "အနိုင်မခံ အရှုံးမပေး" (High Citadel)၊ စသည့်ဘာသာပြန်လုံးချင်းနှင့် မဂ္ဂဇင်းအချို့တွင် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများကို ဘာသာပြန်ဆိုရေးသားခဲ့သည်။

သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်၏ တရားစာပေများ ပုံနှိပ်ဖြန့်ချိရေးတာဝန်ကို ယနေ့တိုင် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဆရာတော်၏ ပြည်ပဓမ္မဒူတ ခရီးစဉ်တစ်လျှောက်ရေးသားသော တရားစာပေများကို ပြည်ပပရိသတ်အတွက် အင်္ဂလိပ်ဘာသာပြန်ဆိုပြီး ပုံနှိပ်ဖြန့်ချိလျက်ရှိပါသည်။

**နေရပ်လိပ်စာ** -အမှတ် (၄၄)၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com



# ဆရာကြီး သခင်လှကွန်း

၁၂၈၄ ခုနှစ်၊ တော်သလင်းလဆန်း (၉) ရက် (၃၀-၈-၁၉၂၂) ရက်တွင် ပခုက္ကူခရိုင်၊ မြစ်ခြေမြို့နယ်၊ ရေနံချပ်ကျေးရွာ၌ မွေးဖွားသည်။ အဖအမည် ဦးဘအေးဖြစ်သည်။ အင်္ဂလိပ်-မြန်မာ ၁၀တန်း အလွတ်ပညာသင်ကျောင်းများနှင့် ရေနံချောင်းမြို့၊ အမျိုးသား အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ “မိုးညို” ကလောင် အမည်ဖြင့် ရေးသားခဲ့သည့်စာအုပ်များမှာ “ရှုတ်ထွေးပွေလီ တရုတ်ပြည်” (Rubing Clique in Kuomintang)၊ ဘာသာပြန်၊ “လူသား မျိုးနွယ်များ (Race of Mankind)၊ ဘာသာပြန် (၁၉၆၇) “ဟိုချီမင်း” ဘာသာပြန်၊ “ကမ္ဘာ့ရေးရာ မြန်မာ့အမြင်” စာအုပ် (၁) နှင့် (၂) ဆောင်းပါးများ စသည်တို့ဖြစ်ပါသည်။

“ဟစ်တိုင်” သတင်းစာ၊ “ပြည်သူ့အာဏာဂျာနယ်၊ “ပြည်သူ့ရဲဘော် ဂျာနယ်”၊ “စာမျိုးစုံ” ဂျာနယ်တို့တွင် ဆောင်းပါးများစွာ ပါရှိခဲ့သည်။ ရေးသားခဲ့သော ဝတ္ထုများမှာ ဝတ္ထုတို ၁၀ ပုဒ်ခန့်၊ “လူထု” သတင်းစာတွင် ဘာသာပြန် အခန်းဆက်ဝတ္ထုရှည်” ဩဂုတ်လမှာ ရွာတစ်ရွာ” (A Village in August) တရုတ်ပြည်မှ စာရေးဆရာတစ်ဦး၏ ဝတ္ထုတို့ဖြစ်ပါသည်။



www.burmeseclassic.com

"ကွန်မြူနစ်နေ့စဉ်" သတင်းစာတွင် နိုင်ငံခြားသတင်း အယ်ဒီတာ၊ "Union Express" အင်္ဂလိပ်သတင်းစာတွင် လက်ထောက်အယ်ဒီတာ၊ "အမျိုးသားသတင်းစာ"တွင် နိုင်ငံခြားသတင်းအယ်ဒီတာ၊ နိုင်ငံသစ် သတင်းစာ၊ "လုပ်သားပြည်သူ့နေ့စဉ်"တွင် နိုင်ငံခြားသတင်း အယ်ဒီတာ၊ "The Guardian Daily" တွင် ဒုတိယ အယ်ဒီတာချုပ်၊ တာဝန်များ ထမ်းဆောင်ခဲ့သည်။

"လုပ်သားပြည်သူ့နေ့စဉ်" နှင့် "ကြေးမုံ" သတင်းစာတို့တွင် "မိုးညို" အမည်ဖြင့် ဆောင်းပါးပုဒ်ရေ ၂၀၀ကျော် ရေးသားခဲ့သည်။ "ချယ်ရီ"မဂ္ဂဇင်းနှင့် "သောင်းပြောင်းထွေလာ"မဂ္ဂဇင်းများတွင် ဘာသာပြန်ဆောင်းပါးများ၊ "မိုး"ဂျာနယ်တွင် "မိုးည" လစဉ် ဆောင်းပါးများကို ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၄၀)၊ ရန်ကင်းလမ်း၊ မြေနီကုန်း၊
စမ်းချောင်းမြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဂါးဒီးယန်းဦးစိန်ဝင်း

၁၂၈၃ ခုနှစ် တပို့တွဲလဆုတ် (၁) ရက် (၁၂-၂-၁၉၂၂) ရက်တွင် ဧရာဝတီတိုင်း၊ ကျောင်းကုန်းမြို့၌၊ အဖဦးပျော့၊ အမိ ဒေါ်ပိုးရင်တို့မှ မွေးဖွားသည်။ ငယ်စဉ်က ကျောင်းကုန်းမြို့ အင်္ဂလိပ်-မြန်မာ ဗုဒ္ဓဘာသာ အလယ်တန်းကျောင်း၊ ပုသိမ်မြို့ စကောကရင် အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ရန်ကုန်တက္ကသိုလ် ဂျဒ်ဆင် (ယုဒသန်) ကောလိပ်တွင် တက်ရောက်စဉ် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဂျပန်နိုင်ငံသို့ ပညာတော်သင်အဖြစ် သွားရောက်ခဲ့သည်။

၁၉၄၆ ခုနှစ် ဦးပိုင်းမှစ၍ မြန်မာ့အလင်းသတင်းစာတိုက်တွင် သတင်းထောက်အဖြစ် စတင်ဆောင်ရွက်သည်။ အလုပ်လုပ်ရင်း ရန်ကုန်တက္ကသိုလ်မှ ဘီအေ (ဝိဇ္ဇာဘွဲ့) နှင့် ဘီအေယ်(လ်) (ဥပဒေဝိဇ္ဇာဘွဲ့) များ ဖြေဆိုအောင်မြင်သည်။ မြန်မာ့အလင်းနှင့် စီးပွားရေးမြန်မာ သတင်းစာများ အလုပ်သမား ဂေဇတ်၊ နယူးတိုင်းအော့(ဖ်) ဘားမားနှင့် နေးရှင်းအင်္ဂလိပ်သတင်းစာများ၌ သတင်းထောက်ချုပ်နှင့် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ဂါဒီယန် သတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။



www.burmeseclassic.com

မြန်မာနိုင်ငံ သတင်းစာဆရာများ အသင်းဥက္ကဋ္ဌ၊ စာနယ်ဇင်းကောင်စီ အထွေထွေ အတွင်းရေးမှူးတာဝန်များ ထမ်းဆောင်ခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံ အိုင်ပီအိုင် (အပြည်ပြည်ဆိုင်ရာသတင်းစာ အယ်ဒီတာများအဖွဲ့ချုပ်)၌ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ် ၁၉၆၃ ခုနှစ်တွင် ရွေးချယ်တင်မြှောက်ခံရသည်။

ပြင်သစ်နိုင်ငံ (ပါရီမြို့) အပြည်ပြည်ဆိုင်ရာ သတင်းစာ ထုတ်ဝေသူများအဖွဲ့ချုပ်က သတင်းစာ လွတ်လပ်မှုအတွက် ရေးသားဆောင်ရွက်မှုကြောင့် ၁၉၆၃ခုနှစ်တွင် ရွှေကလောင်ဆု ချီးမြှင့်ခဲ့သည်။ ၁၉၆၉ခုနှစ်၊ အောက်တိုဘာလမှ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလအထိ အမေရိကန်နိုင်ငံ အေပီသတင်းဌာန၏ မြန်မာနိုင်ငံဆိုင်ရာ သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ဂျပန်နိုင်ငံ ကျိုဒို သတင်းဌာန၏ မြန်မာနိုင်ငံဆိုင်ရာ သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။

ချယ်ရီ၊ စိန်ဝင်း၊ ဂါဒီယန်စိန်ဝင်း ကလောင်အမည်များဖြင့် စာအုပ်များ ရေးသားခဲ့သည်။ ကိုယ်တွေ့စစ်အတွင်း ဂျပန်ပြည်(၁၉၄၆)၊ The Split Story (၁၉၅၉)၊ စတုတ္ထမဏ္ဍိုင်နှင့် ဂါဒီယန် သတင်းစာ (၁၉၉၃)၊ အခြေပြသတင်းစာပညာ (၂၀၀၀ ပြည့်နှစ်) စာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၂၈၃)၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာမကြီး ဒေါ်ခင်ခင်စိန်
# (ယုဝတီရွှေဝါစိန်)

အမည်အရင်း ဒေါ်ခင်ခင်စိန်ဖြစ်၍ မန္တလေးမြို့ ပုလဲငွေရောင်ရပ်နေ အဖဦးစံရှိန် (ပညာဝန်ထောက်-ငြိမ်း) (ခေတ်ဟောင်း စာရေးဆရာ ချင်းတွင်းငမောက်ကြီး)နှင့် အမိ ဒေါ်ရီရီတို့မှ ၁၂၈၆-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉-ရက် (၂၆-၅-၁၉၂၄)နေ့တွင် မွေးဖွားသော ဒုတိယသမီးဖြစ်သည်။

၁၉၄၁-ခုနှစ်တွင် ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်မြင်သည်။ ၁၉၅၂-ခုနှစ်တွင် တိုင်းရင်းမေဂျာနယ်တွင် ကဗျာ စတင်ရေးသားကာ စာပေနယ်သို့ ဝင်ရောက်သည်။ ၁၉၆၀-ပြည့်နှစ်တွင် ယုဝတီကလောင်ဘွဲ့ရရှိသည်။ မြဝတီ၊ ငွေတာရီ၊ ကာနယ်ဇင်း၊ စံတော်ဝင်၊ စစ်ပြန်၊ ဂီတပဒေသာ၊ လုံမလေး၊ သပြေတေး မဂ္ဂဇင်းများနှင့် ဓမ္မစာစောင်များဖြစ်ကြသော မြတ်မင်္ဂလာ၊ မြတ်မွန်ရတနာ၊ ရတနာမွန်၊ နေရဋ္ဌရာ စသည်တို့တွင်လည်းကောင်း၊ ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာများတွင်လည်းကောင်း ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးသားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၆၄-ခုနှစ်တွင် 'လရောင်ရိပ်မှ လက်ာများ' ကဗျာပေါင်းချုပ်နှင့် ၁၉၇၉-ခုနှစ်တွင် 'မေ့ရင်သွေးကလေးကဗျာများ' ကဗျာပေါင်းချုပ်ကို ရေးသားခဲ့သည်။ ၁၉၇၀-ပြည့်နှစ်မှစ၍ လုံးချင်း ဝတ္ထုများ ရေးသားခဲ့ပြီး ယုဝတီဂျာနယ်တွင် တွဲဖက်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၄-ခုနှစ်မှ ၁၉၉၄-ခုနှစ်ထိ ကဗျာပေါင်းချုပ် နှစ်အုပ်အပါအဝင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ သုတ၊ ရသ စာအုပ်ပေါင်း (၂၈)အုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၆၉-ခုနှစ်အထိ ကျောင်းဆရာမတာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၈၀-ပြည့်နှစ်တွင် စမ်းချောင်းမြို့နယ် စာပေလုပ်သားအဖွဲ့ ဘဏ္ဍာရေးမှူး၊ စည်းရုံးရေးမှူး တာဝန်များထမ်းဆောင်ခဲ့ပြီး စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းရာတွင် မြို့နယ်အမှုဆောင်အဖြစ်ဆောင်ရွက်ကာ ကျန်းမာရေးအခြေအနေကြောင့် ၁၉၉၄ခုနှစ်တွင် နှုတ်ထွက်ခဲ့ရသည်။ ယခုအချိန်အထိ မဂ္ဂဇင်း၊ စာစောင်များတွင် စာပေများ ရေးသားလျက်ရှိသည်။

**နေရပ်လိပ်စာ။ ။အမှတ်-၄၄၊ ငှက်ပျောတောလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။**



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးလေးကြီးဦးတင်မောင် (သင့်ဘဝ)

တောင်ငူခရိုင်၊ အုတ်တွင်းမြို့၌ ဦးအောင်ဖ၊ ဒေါ်ပြုံးတို့မှ ၁၂၇၇ ခုနှစ် နတ်တော်လဆုတ် (၁၁) ရက် (၁-၁-၁၉၁၆) ရက်နေ့တွင် ဖွားမြင်ခဲ့ပါသည်။

စာပေဗိမာန်မဂ္ဂဇင်းတွင် ၅ နှစ်မျှ အယ်ဒီတာအဖွဲ့ဝင်တစ်ဦး အဖြစ် အမှုထမ်းခဲ့ပြီး ၁၉၅၃ ခုနှစ် သင့်ဘဝမဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။ မဂ္ဂဇင်းသက် ၄၉ နှစ်ရှိပြီ ဖြစ်သည်။

ယခုအခါ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး ဆက်လက်ရှင်သန်ကြီးပွားစေရန် စွမ်းနိုင်သမျှ ရေးသားအားပေးကာ သာမဏေကျော်စာမေးပွဲကို နှစ်စဉ်ကျင်းပပေးလျက်ရှိပြီး၊ ထေရဝါဒ သာသနာတော် သန့်ရှင်းစွာ ပြန့်ပွားရေးအတွက် သင်တန်းအမျိုးမျိုး ပေးကာ ဆောင်ရွက်လျက်ရှိသည်။ 'သာသနာ့ဝန်ဆောင်အဖွဲ့' ၌ နာယကအဖြစ် ပါဝင်သည်။

**နေရပ်လိပ်စာ** - ၁၇၊ မလွှကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး သူရိယ ဦးချစ်ဆွေစုံ (စိန်မြား)

ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်၊ ညောင်လန်းကုန်းကျေးရွာတွင် အဘ ဦးဘိုးစုံ၊ အမိ ဒေါ်မယ်သော်တို့မှ ၁၂၇၈ ခုနှစ် နတ်တော် လဆန်း (၁၀) ရက် (၄-၁၂-၁၉၁၆) ရက်တွင် ဖွားမြင်ခဲ့ပါသည်။

လောကီအတန်းပညာကို ၁၄ နှစ်သားအထိ ၁၀ တန်း ဖြေဆိုခဲ့ပြီး လောကုတ္တရာပညာကို ၁၉ နှစ်နှင့် ၃ လအတွင်းမှာ ပါဠိတော်သင်ရိုးကုန်အောင်သင်ကြားပြီးမှ အဋ္ဌကထာ၊ ဋီကာများကို ၂ နှစ် အထိ သင်ယူသည်။ ၁၂ နှစ်သားမှစ၍ ဒီဆူဇာ သက်စောင့်မဂ္ဂဇင်း တွင် ကဗျာများကို မြလေးပွင့်၊ ပန်းစပယ်၊ စိန်တလုံး အမည်များဖြင့် ရေးသားခဲ့ပြီး၊ ဝတ္ထုများကို ချစ်စရာ၊ မောင်ကြာ အမည်များဖြင့် ရေးသားခဲ့သည်။ ဒဂုံမဂ္ဂဇင်းကြီးတွင် ဒဂုံစိန်မြား အမည်ဖြင့် ရေးသားခဲ့သည်။ ယခုအချိန်ထိ ‘စိန်မြား’ ကလောင်ကို သုံးစွဲလျက်ရှိပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့ ဂျပန်ပြည်သို့ ထွက်ခွာပြီးရှေ့တန်းတွင် တာဝန်ယူကြစဉ် နောက်တန်းတွင်လျှို့ဝှက်တာဝန်ခံအဖြစ် ဝါဒဖြန့်ချိရေးတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

ဂျပန်များ မြန်မာပြည်တစ်ပြည်လုံးကို သိမ်းပြီးချိန်တွင် ရန်ကုန်မြို့နိစပါယ် ကျန်းမာရေးဌာနတွင် ဂျပန်နှင့်တွဲဖက်ပြီး အိုဗာစီယာ



www.burmeseclassic.com

တာဝန်ကို ထမ်းဆောင်သည်။ ဒေါပုံအစိုးရသဘော်ာကျောင်းတွင် ငွေကိုင်စာရေးကြီးအဖြစ် ဂျပန်များ ရန်ကုန်မြို့ကြီးနှင့်တကွ ဒေါပုံ အစိုးရသဘော်ာကျောင်းကြီးကိုပါ မီးရှို့ဖျက်ဆီးပြီး ဆုတ်ခွာချိန်အထိ လျှို့ဝှက်တာဝန်ယူခဲ့ရပါသည်။

သူရိယသတင်းစာတွင် မန်နေဂျင်းဒါရိုက်တာ ဦးဘချစ်မောင်က အယ်ဒီတာအဖြစ် တာဝန်ပေးအပ်ခဲ့သည်။ သူရိယတွင် 'သမားတော်ကြီး' အမည်ဖြင့် အပတ်စဉ် ဓာတ်ဆေးစာများ၊ 'ဦးဦး' အမည်ဖြင့် ကလေးပုံပြင်များ၊ 'မြလေးပွင့်' အမည်ဖြင့် ကဗျာများ၊ 'သာသနာရေးသတင်းထောက်'အမည်ဖြင့် သာသနာရေးဆောင်းပါးများ၊ 'လက်ချောင်း' အမည်ဖြင့် နိုင်ငံရေးဆောင်းပါးများ စိန်မြား အမည်ဖြင့် ဝတ္ထုတိုများ၊ သူရိယနီတိအမည်ဖြင့် သတင်းစာ၏ မျက်နှာဖုံးတွင် ထိပ်စီးများ စသည်တို့ကို ရေးသားခဲ့ပါသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ခေတ်တွင် ရန်ကုန်တိုင်း ပြည်သူ့ကောင်စီ၌ အချိန်ပိုင်းတိုင်းတရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် 'ဘုရားသမိုင်း'၊ 'ထေရုပ္ပတ္တိကထာ'၊ 'ကျေးရွာသမိုင်း' တို့ကိုလည်း ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - ၂၆-ဒီ၊ ၁၄၄ လမ်း၊ အရှိုးကုန်းရပ်ကွက်၊ တာမွေ။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးမြင့်သိန်း (ဦးအုန်းကျော်)

၁၂၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် (၅) ရက် (၁၀-၅-၁၉၁၈) တွင် ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ အလယ်ရွာ၌ အဖ ဦးမြတ်မင်း၊ အမိ ဒေါ်ရုံတို့က မွေးဖွားခဲ့သည်။

၁၉၃၅ ခုနှစ်တွင် ပြွန်တန်ဆာမြို့၊ အင်္ဂလိပ်-မြန်မာ ဗုဒ္ဓဘာသာ အထက်တန်းကျောင်းမှ ၁၀တန်းကို ကအဆင့်ဖြင့် အောင်မြင်ပြီး ကာလကတ္တားမြို့နှင့် ရန်ကုန်မြို့တို့တွင် ပညာကိုဆက်၍ဆည်းပူးခဲ့သည်။ ဝိဇ္ဇာဘွဲ့နှင့် ပညာရေးဒီပလိုမာ (အထူးဘာသာ အင်္ဂလိပ်စာ) ဘွဲ့ရခဲ့သည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်နေ့တွင် ကျင်းပခဲ့သော ပထမဆုံး မြန်မာ့လွတ်လပ်ရေး အောင်ပွဲနေ့အတွက် လွတ်လပ်ရေးနေ့ဝတ္ထုပြိုင်ပွဲတွင် "သူတို့" ဝတ္ထုဖြင့် ပထမရွှေတံဆိပ်ကို ဆွတ်ခူးရရှိခဲ့သည်။

အင်္ဂလိပ်စာပြ ကျောင်းဆရာလုပ်ခဲ့သည်။ ငွေကြေးချို့တဲ့သော တပည့်များကို အခမဲ့ပညာပေးခြင်းဖြင့် ကူညီခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် "ဤမိုး ဤမြေ" ဝတ္ထုရှည်ကြီး နှင့် "ချစ်ပန်းတစ်ပွင့်" ဝတ္ထုရှည်တို့ကို ရေးသားခဲ့သည်။ ပြွန်တန်ဆာအသင်း(ရန်ကုန်)တွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး အသင်း၏ ရွှေဇာစာစောင်ကို အောင်မြင်စွာ ထုတ်ဝေခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် ၄၈၊ သမာဒိဋ္ဌိလမ်း၊ မြေညီထပ်၊ မလွှကုန်း၊ ဒွေးကြွယ် (က)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးသာဒင် (မြဝတီ)
# (မင်းသိဒ္ဓိ)

၁၂၈၂ ခုနှစ် သီတင်းကျွတ်လဆန်း ၃ ရက် (၁၂. ၁၀. ၁၉၂၃) တွင် အဖ ဦးဘမောင်၊ အမိ ဒေါ်နှင်းသစ်တို့မှ ရန်ကုန်မြို့ ပုဇွန်တောင် ရေကျော်ရပ်တွင် မွေးဖွားသည်။ ရေကျော်မက်သဒစ် အထက်တန်းကျောင်းနှင့် ကန်တော်ကလေး မြူနီစီပယ် အထက်တန်းကျောင်း (ယခု အထက - ၁ မင်္ဂလာတောင်ညွန့်) တို့တွင် ဆယ်တန်းအထိ ပညာသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) နှင့် မျိုးချစ်ဗမာ့တပ်မတော် (ပီဘီအက်ဖ်) တို့တွင် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် သောင်းကျန်းမှုနှိမ်နင်းရေးတပ် (Stricking Force) တွင် တပ်ခွဲ (၁) တပ်ရင်း (၂) ၌ ဗိုလ်ကြီးအဆင့်ဖြင့် ၁၉၄၇ ခုနှစ်အထိ တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၄၈ ခုနှစ်၌ စစ်ရဲတပ်ရင်း (၁၆) ၌ ဒု- တပ်ရင်းမှူးအဆင့်ဖြင့် တာဝန်ထမ်းဆောင်၍ ၁၉၅၀ ပြည့်နှစ်တွင် အငြိမ်းစားယူခဲ့သည်။

၁၉၅၂ မှ ၁၉၇၇ ခုနှစ်အထိ ၂၅ နှစ် မြဝတီမဂ္ဂဇင်းတွင်



www.burmeseclassic.com

အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဆရာကြီးသည် မင်းသိဒ္ဓိ ကလောင်အမည်အပြင် ရဲဘော်သာဒင် (မြဝတီ)၊ ကာတွန်း မောင်မောင်ဒင်၊ ရှင်ညိုမှိုင်း၊ ညီညီလွင်စသော ကလောင်အမည် ခွဲများဖြင့် ဆောင်းပါးများစွာ ရေးသားခဲ့သည်။

၁၉၇၀ ပြည့်နှစ် တပ်မတော်ငွေရတုသဘင်၊ စန္ဒာမဂ္ဂဇင်း၌ မင်းသိဒ္ဓိ ကလောင်အမည်ဖြင့် "တပ်တော်ဦးဆီ မျှော်လိုက်ပြန်တော့" ဆောင်းပါး၊ သပြေမဂ္ဂဇင်းတွင် ရဲဘော်သာဒင် (မြဝတီ) ကလောင်အမည်နှင့် "ဗိုလ်ချုပ်အောင်ဆန်း နှင့် တေးဂီတ" ဆောင်းပါးတို့ကို ရေးသားခဲ့သည်။

၁၉၆၀-၇၀ပြည့်နှစ် မြန်မာဘောလုံး ရွှေခေတ်တွင် တံခွန်ဂျာနယ် နှင့် သက်လုံဂျာနယ်တို့၌ အားကစားဆောင်းပါးများ၊ ပြည်သူ့ကြယ် ဂျာနယ်တွင် ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်ဖ် ခေတ်သုံးခေတ်အတွင်း ဟာသပင်တိုင် ဆောင်းပါးများ၊ လူငယ်ဂျာနယ်တွင် ရှင်ညိုမှိုင်း၊ ညီညီလွင် ကလောင် အမည်တို့ဖြင့် ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၁၈)၊ ၁၃၄ လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်။ ဖုံး - ၂၉၉၀၂၃



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးမောင်ကလေး
# (သောကြာ-ဦးမောင်ကလေး)

မန္တလေးတိုင်း ညောင်ဦးမြို့ တစ်ဖက်ကမ်းမြစ်ခြေမြို့ သရက်တောရွာတွင် အဖသစ်စက်စာရေးကြီး ဦးဖိုးထွန်း၊ အမိဒေါ်ကရင်မတို့မှ ၁၂၈၅-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၄)ရက် (၂၄-၁-၁၉၂၄)နေ့တွင် မွေးဖွားသည်။

၁၉၄၈-ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ၁၉၅၁-ခုနှစ် မတ်လထုတ် ရှုမဝရုပ်စုံမဂ္ဂဇင်းတွင် 'သူတို့ဘဝ'ဟူသော ဝတ္ထုတိုကို 'အောင်စွာ' ဟူသော ကလောင်အမည်ဖြင့် စတင်ရေးသားကာ စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ဟံသာဝတီသတင်းစာ တနင်္လာနေ့ထုတ် မဂ္ဂဇင်းကဏ္ဍတွင် ဝတ္ထုတိုနှင့် ဆောင်းပါးများ ရေးသားသည်။

စာရေးဆရာကြီးဦးရန်အောင်နှင့် တွေ့ဆုံရင်းနှီးပြီး ဆရာကြီး၏ ထောက်ခံမှုဖြင့် ရှုမဝမဂ္ဂဇင်းတွင် စာပြင်ဆရာ ဝင်ရောက်လုပ်ကိုင်သည်။ ၁၉၅၃-ခုနှစ်တွင် ဦးလေးကြီးဦးတင်မောင် ကြီးကြပ်ထုတ်ဝေသော သင့်ဘဝမဂ္ဂဇင်းတွင် တွဲဖက်အယ်ဒီတာလုပ်ပြီး ညဘက်တွင် ရှုမဝမဂ္ဂဇင်း၌ စာပြင်ဆရာလုပ်ခဲ့သည်။ ၁၉၅၆-ခုနှစ်တွင် 'ဗမာဒိုင်ဂျက်' စာစောင်ကို တာဝန်ခံ အယ်ဒီတာလုပ်၍ ထုတ်ဝေခဲ့သည်။



www.burmeseclassic.com

၁၉၅၇-ခုနှစ်တွင် 'မေ့တွက်တာ' မဂ္ဂဇင်းတွင် တာဝန်ခံ အယ်ဒီတာ လုပ်ခဲ့သည်။ ၁၉၅၈-ခုနှစ်တွင် 'မေ' အမျိုးသမီးမဂ္ဂဇင်းကို အယ်ဒီတာလုပ်၍ ကိုယ်ပိုင်ထုတ်ဝေသည်။

၁၉၆၂-ခုနှစ်မှစ၍ သောကြာ စာစောင်ကို အယ်ဒီတာလုပ်၍ ကိုယ်ပိုင်ထုတ်ဝေခဲ့ရာ ယနေ့အထိ ဖြစ်သည်။ ဆရာကြီးသည် စာအုပ်သုံးအုပ်၊ ဝတ္ထုတို ပုဒ်ရေ ၅၀ခန့်နှင့် ဆောင်းပါးပုဒ်ရေ ၅၀၀ ကျော် စာနယ်ဇင်းမျိုးစုံ၌ ရေးသားခဲ့ပြီး ဆက်လက်၍လည်း ရေးသားဆဲဖြစ်သည်။

**နေရပ်လိပ်စာ။ ။ အမှတ်-၁၅၊ ဩဘာလမ်း၊ ကျောက်မြောင်း အထက်ရပ်ကွက်၊ တာမွေ၊ ရန်ကုန်မြို့။**



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးဦးစန်းမောင် (ရွှေတည်စံ)

ပေါင်းတည်မြို့တွင် အဖ ဦးဘိုးငြိမ်း၊ အမိဒေါ်မြခဲတို့မှ ၁၂၇၈ ခုနှစ် တန်ဆောင်မုန်းလဆုတ် (၇) ရက် (၁၆-၁၁-၁၉၁၆) တွင် မွေးဖွားသည်။ ဘကြီးတော်သူ သခင်ကိုယ်တော်မှိုင်း၏ စာပေပညာ သွန်သင်မှုကို ခံယူလျက် ၁၈ နှစ်သားမှ၍ ဒဂုံမဂ္ဂဇင်းတွင် "ဆန္ဒနှင့်အညီ" ကဗျာမှစတင်လျက် စာပေလောကထဲသို့ ဝင်ရောက်ခဲ့ရာ ဒဂုံမဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ သွေးသောက်၊ မြဝတီ၊ ရှုမဝမဂ္ဂဇင်း၊ တောင်သူ လယ်သမားဂျာနယ်၊ လုပ်သားဂျာနယ်၊ ကြီးပွားရေး၊ လူထု၊ အိုးဝေ ဂျာနယ်၊ ရှေ့သို့စာစောင်၊ မှုခင်းပေါင်းစုံတို့တွင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများ နှစ်ပေါင်း ၅၀ ကြာရေးသားလာခဲ့ပါသည်။

မြန်မာ့အလင်း၊ လုပ်သား၊ သူရိယ၊ ဗိုလ်တထောင်၊ ဟံသာဝတီ၊ ဂါဒီယန်နှင့် အင်္ဂလိပ်သတင်းစာများ၏ ဒိုက်ဦးမြို့နယ် သတင်းထောက်၊ မြို့နယ်စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌ၊ ပဲခူးတိုင်း သတင်းထောက်ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပြီး ပေါင်းတည် နှင့် သဲကုန်းမြို့နယ်တွင် အင်္ဂလိပ်၊ ဂျပန်တို့ကို ဗမာ့တပ်မတော်၊ အာရှလူငယ်အဖွဲ့၊ ဘီဒီအေအဖွဲ့၊ ဘီအိုင်အေအဖွဲ့များ၌ ပါဝင်လှုပ်ရှားခဲ့သည်။

ကမ္ဘာအေးကုန်းမြေမှာ မဟာပါသဏလိုဏ်ကြီးကို ညောင်ရမ်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်၊ မဟာစည်ဆရာတော်၊ တိပိဋကရေဆရာတော်ဦးဝိစိတ္တ သာရာဘိဝံသ ဆရာတော်နှင့် ဉက္ကဋ္ဌကြီးဆြာဦးသွင်၊ ဝန်ကြီးချုပ်ဦးနု တို့နှင့်အတူ မဟာစည်ရိပ်သာကြီးကို ထူထောင်ခြင်း၊ မဟာပါသဏ လိုဏ်ဂူကြီးထူထောင်ခြင်း၊ ကမ္ဘာအေးစေတီတော်ကြီး၊ ပိဋက စာကြည့်တိုက်ကို အကျိုးတော်ဆောင်အဖြစ် ဆောက်လုပ်ခဲ့ပါသည်။

ဆဋ္ဌသင်္ဂါယနာတင် မော်ကွန်းပြတိုက်သို့ မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ မှတ်တမ်းတင်ဂုဏ်ပြုလွှာနှင့် ဆရာတော်ဘုရားကြီး ၏ (အံသွား)ကို လှူဒါန်းခဲ့သည်။

၁၉၇၃ ခုနှစ်၊ ဩဂုတ်လတွင် သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ အက်စ်တီဘီ၏ ကိုယ်စားလှယ်အဖြစ်နှင့် ၂၁ နိုင်ငံသို့ ဘားမားအင် ပို့တား စင်ဒီကိတ်မန်နေဂျင်းဒါရိုက်တာအဖြစ် ကျွန်း၊ ပျဉ်းကတိုး အတွက် ဈေးကွက်ရှာရန် ကမ္ဘာကိုလှည့်၍ ဆောင်ရွက်ခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် ၅၅၇၊ ၁၈ လမ်း၊ ကေတုမတီ ၆ ရပ်ကွက်၊ တောင်ဉက္ကလာပမြို့နယ်။ ဖုန်း ၅၇၂၇၀၂



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးဦးအုန်းမောင် (ရွှေတည်လျှောင်)

၁၂၇၉ ခုနှစ် ပြာသိုလဆန်း (၁၄) ရက် (၂၆-၁၂-၁၉၁၇) နေ့တွင် ပေါင်းတည်မြို့၌ အဖ ဦးရာမ၊ အမိ ဒေါ်ငွေလှတို့မှ မွေးဖွားသည်။ ပေါင်းတည်တွင် မူလတန်းကျောင်းနှင့် တရုတ်မူလတန်းကျောင်း၊ ကြည့်မြင်တိုင် ဝှာကျုံးအလယ်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံးတွင် တရုတ်ဘာသာပြန်အရာရှိ အဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၆၁ခုနှစ်တွင် နိုင်ငံတော်သမ္မတထံမှ ဂုဏ်ထူးဆောင်လက်မှတ်နှင့်ခြောက်လုံးပူး သေနတ်ဆုရရှိခဲ့သည်။ တရုတ်-မြန်မာ နယ်နိမိတ်သတ်မှတ်ရေးတွင်အထက်တန်းစကားပြန်အဖြစ်ဆောင်ရွက်ခဲ့သည်။

ချစ်ကလိမ် (ချစ်ပွေလီ အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးခဲ့သည်)။ သင်းတို့တိုက်ပွဲ (ဂျင်းစိမ်းနှင့် မိတ်သလင်အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးခဲ့သည်)။ တရုတ်အပ်စိုက်ပညာ (ပုံနှိပ်ခြင်းမပြုရသေး)၊ သားကောင်းတစ်ယောက် (ဘာသာပြန်ဝတ္ထု)၊ ကိုယ်တိုင်းပြည်အတွက် ပေမို့ (တရုတ်ဘာသာပြန်ဝတ္ထုရှည်)နှင့် အခြားဆောင်ပါးများကို ရွှေတည်လျှောင်၊ ကုန်းစောင့်နတ်ကလေး၊ ပေါင်းတည် အုန်းမောင်၊ ဖိုးသောကြာ၊ ပုလိပ်အရာရှိတစ်ဦးမဟုတ်သူ၊ မခင်မေ ကလောင်အမည်ဖြင့် ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် ၈၃/၁၊ ရွှေပြည်စိုးလမ်း၊ ၁၄/၂ ရပ်ကွက်၊ မြင်သာ၊ တောင်ဥက္ကလာပမြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးဦးထွန်းတင် (တက္ကသိုလ်သက်ပန်)

သံတွဲခရိုင် တောင်ကုတ်မြို့၌ အဖဦးဘိုးစိန်၊ အမိဒေါ်ညွန့်တို့မှ ၁၂၈၄-ခုနှစ်၊ တပို့တွဲလဆန်း ၁၁-ရက်၊ (၂၇-၁-၁၉၂၃)နေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးထွန်းတင်ဖြစ်ပြီး ကလောင်အမည်များမှာ တက္ကသိုလ်သက်ပန်၊ တက်ထွန်းအောင်တို့ဖြစ်သည်။

၁၉၃၈-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင် ပညာသင်ကြားသည်။ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့များရရှိခဲ့သည်။ ထိုအချိန်မှစ၍မြန်မာ့အလင်းသတင်းစာ၊ နဂါးနီဂျာနယ်၊ ဂန္ထလောက စာစောင်တို့တွင် ဆောင်းပါးနှင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။ မြန်မာ့အလင်းသတင်းစာ၏ တက္ကသိုလ်သတင်းထောက်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

၁၉၄၃-၄၄ ခုနှစ်တွင် ဂျပန် ဒိုမေသတင်းဌာန လက်ထောက်သတင်းအယ်ဒီတာ၊ ၁၉၄၄-ခုနှစ်တွင် ဗမာ့ကာကွယ်ရေး တပ်မတော်အချက်ပြဆက်သွယ်ရေးတပ် နိုင်ငံခြားသတင်းဌာန အယ်ဒီတာ၊ ၁၉၄၆ ခုနှစ်တွင် သတင်းစုံ ဂျာနယ် အမှုဆောင် အယ်ဒီတာ၊ ၁၉၄၇-ခုနှစ်တွင် ဗြိတိသျှသတင်းပြန်ကြားရေးဌာန နေ့စဉ်ထုတ်သတင်းလွှာ မြန်မာသတင်းအယ်ဒီတာ၊ ၁၉၅၃-ခုနှစ်တွင် မြန်မာနိုင်ငံတော်အစိုးရနိုင်ငံခြားရေးဝန်ကြီးဌာနသို့ပြောင်းရွှေ့၍ တတိယအတွင်းဝန်အဖြစ် ထမ်းဆောင်ပြီး ၁၉၈၃-ခုနှစ်တွင် ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အငြိမ်းစားယူပြီးနောက် စာပေဗိမာန်ထုတ် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များတွင် ကုလသမဂ္ဂနှစ်ပတ်လည် အထွေထွေညီလာခံအကြောင်း၊ ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်များအကြောင်းနှင့် နိုင်ငံတကာရေးရာများကို ယနေ့တိုင် ရေးသားနေဆဲဖြစ်သည်။

၁၉၃၉-ခုနှစ်၊ ရန်ကုန်တက္ကသိုလ် ဥပစာတန်းစာမေးပွဲတွင် မြန်မာစာ(အထူး) ဘာသာရပ်အတွက် 'သာဒိုးအောင်'ဆုရရှိခဲ့ပြီး လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့်၊ လွတ်လပ်ရေးစည်းရုံးမှု တံဆိပ်၊ ၁၉၆၁-ခုနှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့၊ ၁၉၈၅-ခုနှစ်တွင် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်တို့ ရရှိခဲ့သည်။

**နေရပ်လိပ်စာ။ ။အမှတ်-၉၄၊ ဗဟိုလမ်း၊ ၃-ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။**



www.burmeseclassic.com

www.burmeseclassic.com



## ဆရာကြီးဦးစံငွေ (သတင်းထောက် တွံတေးစံငွေ)

၁၂၈၄ ခုနှစ် နတ်တော်လဆန်း (၁၀) ရက် (၂၈-၁၁-၁၉၂၂) တွင် တွံတေးမြို့၊အုန်းပင်စုရပ်ကွက်တွင် အဖဦးကြီးညို၊ အမိဒေါ်စောခင်တို့မှ မွေးဖွားသည်။

စစ်ကြိုခေတ်၌ တွံတေးမြို့ အိုးဖိုရပ်ကွက်၊ မြန်မာစာအလယ်တန်းကျောင်းတွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၅၈-၅၉ ခုနှစ်တွင် ဗိုလ်တထောင်သတင်းစာတွင် သတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့သည်။ ထို့နောက် ကြေးမုံ၊ မြန်မာ့အလင်း၊ ရန်ကုန်၊ မိုးကြိုးပြည်တော်စိုး နေ့စဉ် သတင်းစာများတွင် သတင်းထောက်အဖြစ် ဆောင်ရွက်ကာ တိုင်းပြည်အကျိုးပြု သတင်းများနှင့် ဆောင်းပါးများကို ရေးသားခဲ့သည်။

မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့၊ တွံတေးမြို့နယ်ဥက္ကဋ္ဌအဖြစ် ၁၉၈၀ ပြည့်နှစ်နှင့် ၁၉၈၄ ခုနှစ်များတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အဖွဲ့၏ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၄ ခုနှစ်မှ ယခုအချိန်အထိ တွံတေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နာယကအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

**နေရပ်လိပ်စာ** - အမှတ် (၇၁၉) ကန်သာယာ (၉) လမ်း၊ ကျွန်းတောရပ်ကွက်၊ တွံတေးမြို့။



www.burmeseclassic.com



# ဆရာမကြီး ဒေါ်သိန်းဆိုင် (မမြတ်လေး)

၁၂၇၆ ခုနှစ် တော်သလင်းလကွယ်နေ့ (၁၈-၉-၁၉၁၄) ရက်နေ့တွင် ပဲခူးမြို့၊ ဗိုင်းဂနိုင်တောင်ပိုင်း အဖ ဦးဟုန်အင်း၊ အမိ ဒေါ်ကြင်မေတို့မှ ဖွားမြင်သည်။ အမည်ရင်းမှာဒေါ်သိန်းဆိုင်ဖြစ်၍ ကလောင်အမည်များမှာ မမြတ်လေး၊ ပဲခူးသိန်းသိန်း၊ ဒေါ်ကြော့ဝေတို့ဖြစ်ကြသည်။

ပညာအရည်အချင်းမှာ B.A.D.T.,B.L ဖြစ်၍ အထက်တန်းပြဆရာမ၊ ဗဟိုတရားရုံးရှေ့နေများ လုပ်ခဲ့သည်။

၁၀တန်းတွင် တစ်ကျောင်းလုံး၌ မြန်မာစာပထမရ၍ ဆရာကြီး၏ ချီးမြှောက်ခြင်းခံရသည်။ အသက် ၂၀-နှစ်ကျော်အရွယ်တွင် မဂ္ဂဇင်းများ၌ 'ပဲခူးသိန်းသိန်း' အမည်ဖြင့် ဝတ္ထုဆောင်းပါးများ ရေးသားခဲ့သည်။ တိုးတက်ရေးဂျာနယ်၊ ဒဂုန်မဂ္ဂဇင်းနှင့် နဂါးနီဂျာနယ်များတွင် ပင်တိုင်ဆောင်းပါးနှင့် တိုးတက်ရေးဂျာနယ်တွင် အခန်းဆက် ဝတ္ထုရှည်များ ရေးသားခဲ့သည်။

၁၉၄၆ ခုနှစ်တွင် အရှေ့တိုင်းမဂ္ဂဇင်း ဝတ္ထုပြိုင်ပွဲတွင် 'မမြတ်လေး' ကလောင်အမည်ဖြင့် ဝတ္ထုတိုပြိုင်ပွဲဝင်ခဲ့ရာမှ 'မမြတ်လေး' ဟူသော ကလောင်အမည်ကို ယခုတိုင်အသုံးပြုရေးသားခဲ့သည်။

၁၉၄၈-၄၉ ခုနှစ်အထိ 'အရှေ့တိုင်းမဂ္ဂဇင်း'တွင် ဝတ္ထုတိုများကို



www.burmeseclassic.com

တစ်နှစ်ခန့်ရေးသားခဲ့သည်။ မေမြို့မောင်တည်ထောင်သည့် သတင်းစာတွင်လည်း ပင်တိုင်ဆောင်းပါးများ ရေးသားခဲ့သည်။

နောက်ပိုင်းတွင် မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းများတွင် ဆောင်းပါးအများအပြား ရေးသားခဲ့ပြီး 'မြတ်လေး' မဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။ ယခုအထိ လုံးချင်းဝတ္ထုအုပ်ရေ ၂၀ နှင့် ဝတ္ထုတို ၄၀၀ ခန့်ရေးသားခဲ့ပြီးဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် ၁၂၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာမကြီး ဒေါ်နုယဉ်

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နေ မွန်မြန်မာလူမျိုး၊ အဖ ဦးလွန်းပင်၊ မိခင်ဒေါ်မိတို့မှ ၁၂၇၈ - ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (၁၁-၁၀-၁၉၁၆) တွင်ဖွားမြင်သည်။ သားချင်းငါးယောက်ရှိ၍ ကဗျာဆရာကြီး (မင်းသုဝဏ်)၏ ညီမအငယ်၊ စာရေးဆရာကြီး (တက်တိုး)၏ ဇနီး၊ ဦးမင်းအောင် (ကလောင်အမည် သိပ္ပံမင်းကြည်)၊ ဒေါ်ငွေရည် (ကျောင်းဆရာမ)၊ ဒေါ်စိုးငြိမ်း (ကလောင်အမည် ‘မျိုးနွယ်’၊ ‘ဒေါ်လေးစိုး’)၊ ဦးဒွေးအောင် (ကလောင်အမည် ‘မောင်လွန်းပင်’) တို့၏ မွေးသမိခင်ဖြစ်သည်။

တစ်ဆယ့်ရှစ်နှစ်အရွယ်တွင်ကဗျာများ စတင်လေ့ကျင့်ကာ ဒီးဒုတ်ဂျာနယ်၊ ဒဂုန်မဂ္ဂဇင်း၊ ဘားမားဂျာနယ်တို့တွင် ရေးသားခဲ့သည်။ ဂန္ထလောကမဂ္ဂဇင်းတွင် ဝတ္ထုတို၊ ဆောင်းပါး၊ ကလေးစာပေနှင့် ကဗျာများရေးသား၍ ဂျပန်ခေတ်တွင် လက်ရေးစာစောင်များတွင် ပါဝင်ရေးသားခဲ့သည်။ ၁၉၄၇-ခုနှစ်တွင် နုယဉ်၏ ပထမဆုံးစာအုပ် အဖြစ် ‘ချစ်ကြေးမုံ’ လုံးချင်းဝတ္ထုကို ရှုမဝစာပေမှ ထုတ်ဝေဖြန့်ချိ ခဲ့သည်။

စစ်ပြီး၍ နုယဉ်ပုံနှိပ်တိုက်နှင့် နုယဉ်စာပေဌာနကို တည်ထောင်



www.burmeseclassic.com

ပြီးသောအခါ မူပိုင်စာအုပ်များ ဆက်လက်ရေးသား ထုတ်ဝေခဲ့ရာ လုံးချင်းဝတ္ထု ၄ အုပ်၊ ကဗျာ ၁၁ အုပ်၊ ကလေးလူငယ်ပုံပြင်ဝတ္ထု ၁၅ အုပ်၊ ဗုဒ္ဓဝင် (အင်္ဂလိပ် မြန်မာ) ၂ အုပ်၊ ၂၀၀၂ ခုနှစ်တွင် 'မေတို့တွက်တာ သိမှတ်စရာ'ဒုတိယတွဲ၊ 'ရှင်မပပဝတီနှင့်နိပါတ်တော်လာဇာတ်လမ်းများ'၊ ၂၀၀၃ခုနှစ်တွင် 'ချစ်ပန်းနွယ်ကဗျာပေါင်းချုပ်' ၊ ၂၀၀၄ခုနှစ်တွင် 'ယစ်ရွှေရည်ကို ချစ်တဲ့သူ' နှင့် 'ကိသာဂေါတမီထေရီအရှင်မနှင့် နိပါတ်တော်လာဇာတ်လမ်းများ'အပါအဝင် စုစုပေါင်းစာအုပ် ၄၅အုပ် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ ထို ၄၅အုပ်အနက် ၁၉၅၈ ခုနှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကလေးစာပေနှင့် ကဗျာစာအုပ်ပေါင်း ၅ အုပ် အမျိုးသားစာပေဆု ချီးမြှင့်ခြင်းခံယူခဲ့ရသည်။

ယခုလက်ရှိစာနယ်ဇင်းများတွင် သုတ၊ ရသ အကျိုးဝင်ရာစာပေများဆက်လက်ရေးသားလျက် ရှိနေပေသည်။

**နေရပ်လိပ်စာ** - အမှတ် - ၁၁၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးဟိန်းစိုး (ကြည်စိုး-ဒဂုန်)

စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့တွင် အဖ ဦးကစ်၊ အမိ ဒေါ်ဆင့်တို့ မှ ၁၂၈၁ ခုနှစ် ကဆုန်လဆန်း (၁၁) (၉-၅-၁၉၁၉) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၁၉၃၅-၁၉၃၈ ခုနှစ်၊ စစ်ကိုင်းမြို့အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ကြားနေစဉ်ကပင် မြန်မာစာပေဆုများ ရရှိခဲ့သည်။ ကျောင်းနှစ်ပတ်လည်မဂ္ဂဇင်းများတွင် ဆောင်းပါးကဗျာများ စတင်ရေးသားကာ လက်ရေးမဂ္ဂဇင်းစာစောင်များ ထုတ်ဝေခဲ့သည်။

၁၉၃၈ ခုနှစ်တွင် ရန်ကုန်ယူနီဗာစတီတက္ကသိုလ်တွင် ပညာဆက်လက်သင်ကြားခဲ့သည်။ တက္ကသိုလ်မဂ္ဂဇင်းတွင် ကဗျာ၊ ဆောင်းပါးများ ရေးသားခဲ့သည်။

မုံရွာမြို့တွင် ချင်းတွင်းရေကြောင်းသမဂ္ဂ အတွင်းရေးမှူးတာဝန်ယူခဲ့စဉ်က ချင်းတွင်းဆောင်းပါးများ ရေးသားခဲ့သည်။ အိုးဝေ၊ ဇဝန၊ ဟစ်တိုင်မဏ္ဍိုင်သတင်းစာများတွင် သတင်းထောက်အဖြစ် နှစ်ကြာမြင့်စွာ လုပ်ကိုင်ခဲ့သည်။

စီးပွားရေးအကြံပြုဆောင်းပါးများကို ကြေးမုံ၊ အိုးဝေ၊ မဏ္ဍိုင်သတင်းစာများတွင် ရေးသားခဲ့သည်။

ရာပြည့်မော်ကွန်းမဂ္ဂဇင်း၊ ချင်းတွင်းမဂ္ဂဇင်း၊ စစ်ကိုင်းမဂ္ဂဇင်းများတွင် ဆောင်းပါးများရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၂၆)၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာမကြီး ဗိုလ်မှူးဒေါ်ခင်အုန်းမြ (မြမာလာ)

အဖရှေ့နေကြီး ဦးဦးဖေ၊ အမိ ဒေါ်ခင်တို့မှ ၁၂၈၄ ခုနှစ် သီတင်းကျွတ်လဆုတ် (၁၁) ရက် (၁၆-၁၀-၁၉၂၂) တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူမြို့တွင် မွေးဖွားသည်။

၁၉၃၈ခုနှစ်တွင် မိုးကောင်းမြို့၌ အမျိုးသမီးကြက်ခြေနီ သူနာပြုတပ်ကို စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၄၂ခုနှစ်၊ ဗမာ့တပ်မတော်တွင် မကျန်းမာသူ ရဲဘော်များအား ပြုစုပေးခဲ့သည်။

၁၉၄၅ ခု၊ မတ်လ ၂၇ရက် ဂျပန်တော်လှန်ရေးတွင် စွန့်စွန့်စားစား ပါဝင်ခဲ့သည်။ ၁၉၄၅ခုနှစ်၊ ပဲခူးပြည်သူ့ဆေးရုံမှ သားဖွားသူနာပြုသင်တန်းအောင်မြင်ပြီး၊ ၁၉၄၈-၄၉ခုနှစ်တွင် ရှေ့တန်းစစ်မျက်နှာဆေးရုံတွင် အမှုထမ်းခဲ့သည်။ (အင်းစိန်တိုက်ပွဲ) ၁၉၈၂ခုနှစ်တွင် တပ်မတော်အမှတ်(၂)ဆေးရုံ၌ အမှုထမ်းဆောင်ခဲ့ရာ၊ ဗိုလ်မှူးအဆင့် တိုးမြှင့်ခန့်ထားခြင်းခံခဲ့ရသည်။ ၁၉၆၃ ခုနှစ်တွင် မြန်မာပြည်၌ ပထမဦးဆုံးသော ဖလော့ရင့် နိုက်တင်ဂေး (လ်) (Florence Nightingale)ဆုတံဆိပ်ကို ရရှိခဲ့သည်။

မော်ကွန်းဝင်ဒုတိယအဆင့်၊ လွတ်လပ်ရေးစည်းရုံးမှုတံဆိပ်၊ လွတ်မြောက်ရေးတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်ပရန်နှိမ်နင်း



www.burmeseclassic.com

www.burmeseclassic.com

တံဆိပ်၊ ပြည်သူ့စစ်ပွဲဝင်တံဆိပ်၊ ကြက်ခြေနီ ဂုဏ်ထူးဆောင် တပ်ဖွဲ့ဝင်ဆုတံဆိပ်များ ရရှိခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ဆုချီးမြှင့်ခြင်းခံရသောသူများ၏ အတ္ထုပ္ပတ္တိအကျဉ်းကို ရေးသားပြုစုသည်။ ၁၉၉၈ခု၊ ဩဂုတ်လတွင် ထုတ်ဝေခဲ့သည်။

အထောက်တော်သတင်းစာတွင် ဣတ္ထိယဘဝကဏ္ဍဆောင်းပါး၊ ၁၉၈၁ခုနှစ်၊ မြန်မာနိုင်ငံသူနာပြုအသင်း နှစ်ပတ်လည်မဂ္ဂဇင်းတွင် “ဘဝတိုက်ပွဲ” ဝတ္ထုရေးသားခဲ့ခြင်း၊ ၁၉၉၅ ခု၊ ကြေးမုံသတင်းစာတွင် ‘ကျွန်မဘဝအစကြက်ခြေနီက” ဆောင်းပါးနှင့် ၁၉၉၈ ခုနှစ်၊ ကြက်ခြေနီသတင်းလွှာတွင် “ဖွားဖွား ကြက်ခြေနီ” အခန်းဆက်ဆောင်းပါးနှင့် အခြားဆောင်းပါးများ ရေးသားခဲ့သည်။ ယခုအခါတွင် မြဝတီဂျာနယ်နှင့် မဂ္ဂဇင်းများတွင် ဝတ္ထု၊ ဆောင်းပါးများ ရေးသားလျက်ရှိပါသည်။

မြစ်ကြီးနားမြို့နယ်အသင်း၏ နာယက၊ မြို့နယ်မိခင်ကလေးစောင့်ရှောက်ရေးအသင်းအမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**နေရပ်လိပ်စာ-** တိုက် (၈)/အခန်း (၁၆)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



# မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးအေးနိုင်

၁၂၈၄ ခု၊ ပြာသိုလဆန်း ၇ ရက် (၂၄-၁၂-၁၉၂၂) တွင် ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ ခနွဲကဘိုရွာ၌ အဖ ကုန်သည်ကြီး ဦးဘဖေ၊ အမိ ဒေါ်သော်တို့မှ မွေးဖွားသည်။ သတ္တမတန်းအထိ ပညာသင်ယူခဲ့ပြီး (၁၅) နှစ်သားအရွယ်၌ သာမဏေဝတ်ပြီးနောက် ရဟန်းပြုခဲ့သည်။ ရဟန်းအဖြစ်နှစ်ပေါင်း ၂၀ နေခဲ့သည်။ ရဟန်းဘဝတွင် ဓမ္မာစရိယ စာချဘွဲ့များကို ရရှိခဲ့၍ ၁၉၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပစာတန်းအောင်မြင်ခဲ့သည်။

ပါဠိတက္ကသိုလ် ကထိကအဖြစ် ဓမ္မာစရိယတန်း စာသင်သားများကို ခုနစ်နှစ် စာပေပို့ချပေးခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ဆဋ္ဌ သံဂီတိ ပါဠိဝိသောဓကနှင့် ဆဋ္ဌသံဂီတိကာရကများ အဖြစ် ဆောင်ရွက်ခဲ့သည်။ အသက် (၄၀) တွင် လူဝတ်လဲခဲ့ပြီး ၁၉၆၅ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ထို့နောက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းပြဆရာများအဖြစ် ခြောက်နှစ်အမှုထမ်းခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် သာသနာရေးဦးစီးဌာနသို့ ပြောင်းရွှေ့၍ စာတည်းအယ်ဒီတာ၊ ကျမ်းပြုဌာနမှူး၊ ဌာနစုမှူး၊ လက်ထောက် ညွှန်ကြားရေးမှူး စသည်ဖြင့် ၁၉၈၆ ခုနှစ်အထိ အဆင့်ဆင့် တာဝန် ထမ်းဆောင်ခဲ့သည်။ အငြိမ်းစားယူပြီးနောက် ပိဋကတ်တော် (အင်္ဂလိပ်)



www.burmeseclassic.com

www.burmeseclassic.com

ဘာသာပြန်စာပေ ဖြန့်ချိရေးအဖွဲ့ကြီးတွင် ဓမ္မရေးရာ စာတည်းပညာရှင် အဖြစ် သုံးနှစ်ထမ်းဆောင်ခဲ့သည်။၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ သာသနာရေးဝန်ကြီးဌာနတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် အမှုထမ်းခဲ့သည်။

၁၉၅၆ ခုနှစ်တွင် စာပေဗိမာန်ကကျင်းပသော အနာကင်းခြင်း၊ စောင့်ခြင်းသီလစသည့် ကြီးပွားကြောင်း ခြောက်ပါးအနက် တစ်ပါးစီ ဆောင်းပါးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တစ်နိုင်ငံလုံး၌ ဒုတိယဆု ရခဲ့သည်။ ထိုမှစ၍ စာပေနယ်သို့ဝင်ရောက်ခဲ့ပြီး ကျမ်းစာများ၊ ယဉ်ကျေးမှုစာအုပ်များ ရေးသားထုတ်ဝေခဲ့ရာ ယခုထိ ၁၅ အုပ်ရှိပြီ ဖြစ်သည်။ သာသနာ့ရောင်ခြည်နှင့် မြတ်ဆုမွန် မဂ္ဂဇင်းတို့တွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာရိုးရာ ရာသီပွဲတော်များအကြောင်းကိုလည်း လစဉ် ခြောက်နှစ်တိုင် မြန်မာ့အသံမှ အသံလွှင့် ဟောပြောခဲ့သည်။

သာသနာပြုစိတ်ဓာတ်ဖြင့် ဝိုင်အမ်ဘီအေအသင်းကြီး၌ မင်္ဂလာ သင်တန်းကို နှစ်ပေါင်း ၃၀၊ အဘိဓမ္မာသင်တန်းကို ၁၅ နှစ် ပို့ချခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆရာကြီးအား ‘ မဟာသဒ္ဓမ္မ ဇောတိကဓဇ’ ဘွဲ့တံဆိပ်ချီးမြှင့်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ဝိုင်အမ်ဘီအေ အသင်းကြီးက ‘ မဟာမင်္ဂလဓမ္မ ဇောတိကဓဇ ’ ဘွဲ့ကို ချီးမြှင့်ခဲ့သည်။

ယခုအခါ ဝိုင်အမ်ဘီအေအသင်းကြီး၏ နာယကအဖြစ် ထမ်းဆောင်လျက်ရှိပြီး ပိဋကတ်တော်(အင်္ဂလိပ်)ဘာသာပြန် စာတည်း အဖွဲ့တွင် ၁၉၉၆ ခုနှစ်မှစ၍ ဓမ္မရေးရာ စာတည်းအဖြစ် ထမ်းဆောင်၍ ဘာသာရေးမဂ္ဂဇင်းများတွင် ဆောင်းပါးများ ရေးသားလျက်ရှိသည်။

နေရပ်လိပ်စာ - အမှတ် (၇၃)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။



www.burmeseclassic.com



# ဆရာကြီး ဦးမျိုးညွန့် (ရန်အောင်မျိုးညွန့်)

ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ မြောက်ကန်ကြီးရွာ၌ အဖ ဦးစံရှင်နှင့် အမိ ဒေါ်သန့်တို့မှ ၁၂၇၉ ခုနှစ်၊ နတ်တော်လဆုတ် ၁ရက် (၂၉-၁၁-၁၉၁၇) နေ့တွင် မွေးဖွားသည်။

ငယ်စဉ်က ရွာဦးဘုန်းတော်ကြီးကျောင်း၌ စတင်ပညာသင်ကြားခဲ့ပြီးနောက် ပျော်ဘွယ်မြို့ နော်မန်ကျောင်းသို့ ပြောင်းရွှေ့ကာ ဆက်လက်ပညာသင်ကြားရာ အင်္ဂလိပ်မြန်မာ (၇)တန်း အောင်မြင်ခဲ့သည်။

ထို့နောက် ရဟန်းဘောင်သို့ ဝင်ရောက်ပြီး မုံရွာမြို့၊ ဇောတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်တွင် လောကုတ္တရာစာပေများ ကိုသင်ကြားသည်။ ပထမကြီးတန်းကို အောင်မြင်ခဲ့သည်။ ထိုအချိန် မှစ၍ ဒဂုံမဂ္ဂဇင်းတွင် ကဗျာများကိုစတင်ရေးသားသည်။

ဂျပန်ခေတ်တွင် ရဟန်းဘဝမှ လူထွက်၍ မိမိ၏ရွာသို့ပြန်ပြီး၊ မိဘများနှင့်အတူ တောင်သူလုပ်ကိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးသောအခါတွင် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်ခဲ့သည်။

ဖ-ဆ-ပ-လ အစိုးရခေတ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး လူပြန်တော်ပတ္တမြားဆေးတိုက်၌ နယ်လှည့်အရောင်းကိုယ်စားလှယ်အဖြစ်လုပ်ကိုင်ခဲ့သည်။ ထိုအချိန်မှစပြီး ဒေသန္တရဗဟုသုတ ဆောင်းပါးများ၊



www.burmeseclassic.com

www.burmeseclassic.com

မန္တလေးသူရိယတွင် ရေးသားသည်။ ထိုအချိန်က နယ်လှည့်သတင်းထောက်အဖြစ်လည်း တာဝန်ယူလုပ်ကိုင်ခဲ့ပါသည်။ ကလောင်အမည်မှာ (ရွှေမန်းမျိုးညွန့်)ဖြစ်ပါသည်။

တော်လှန်ရေးကောင်စီအစိုးရ တက်သောအခါတွင် ဆေးတိုက်မှ လုပ်ငန်းကို ရပ်နားပြီး၊ တောင်ဥက္ကလာပမြို့နယ်၌ အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်ခဲ့ပါသည်။ ထိုအချိန်တွင် ဆရာ သတိုးသောင်း (ကွယ်လွန်)နှင့်အဆက်ရပြီး မြန်မာ့အလင်းနှင့် အလုပ်သမားဂျာနယ်၊လယ်သမားသမဝါယမဂျာနယ်နှင့် မြဝတီမဂ္ဂဇင်းတွင် ကဗျာများ နှင့် ဆောင်းပါးများ ရေးသားခဲ့သည်။

ဘာသာရေးစာအုပ် (၇) အုပ်နှင့် ခေတ်စာပေစာအုပ် (၈) အုပ် ထုတ်ဝေခဲ့ပါသည်။ ကိုယ်ပိုင်စာပေတိုက်မှာ (ယနောင်စာပေ) ဖြစ်သည်။

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြို့နယ် (တောင်ပိုင်း) မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယကတာဝန် ထမ်းဆောင်လျက်ရှိသည်။ ယင်းမြို့နယ်တွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ထုတ်ဝေသော ခရာမဂ္ဂဇင်းတွင် အမှတ် (၁) မှ အမှတ် (၉) အထိ ကဗျာနှင့် ဆောင်းပါးများကို ရေးသားခဲ့ပါသည်။

**နေရပ်လိပ်စာ** - အမှတ် (၂၆/က) ၂၀ ရပ်ကွက်၊ လှော်ကားလမ်း ဒဂုံမြို့နယ် (တောင်ပိုင်း)မြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးစံသိမ်း (သီဟဆွေ)

၁၂၈၀ ပြည့်နှစ် နယုန်လဆန်း (၅)ရက် (၁၄-၅-၁၉၁၈) ရက်နေ့တွင် စစ်တွေခရိုင်၊ ရသေ့တောင်မြို့နယ်၊ ဂူတောင်ရွာ၌ အဘ ဦးမောင်မဲ၊ အမိ ဒေါ်မဘုံတို့မှ ဖွားမြင်သည်။ ၁၉၃၁ ခုနှစ်တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ ပျဉ်းတောင်ရွာဘုန်းကြီးကျောင်း၌ သာမဏေဝတ်ပြီး ပိဋကတ်စာပေများ သင်ကြားသည်။ ၁၉၃၈တွင် ရဟန်းဘောင်ဝင်သည်။

၁၉၄၀ ပြည့်နှစ်၌ ကျောက်တော်မြို့တွင် ကျင်းပသည့် ပရိယတ္တိစာမေးပွဲအကြီးတန်းကို ဂုဏ်ထူးဖြင့်အောင်မြင်၍ 'ပရိယတ္တိသာသနဓရ' ဟူသော ဘွဲ့ထူးကိုရရှိခဲ့သည်။ မိမိကိုယ်တိုင် စတင်ထူထောင်ခဲ့သည့် စာသင်တိုက်ကြီးမှာ မြောက်ဦးမြို့၊ မဟာပညာရာမကျောင်းတိုက်ဟူ၍ ထင်ရှားခဲ့သည်။ စာသင်သား ၄၀ခန့်အမြဲရှိသည်။ ၉ နှစ်တိုင်စာချခဲ့သည့်အတွက် 'မူလဓမ္မာစရိယ' ဟု အသိအမှတ်ပြုခြင်းခံခဲ့ရသည်။

၁၉၄၇ ခုနှစ်မှစ၍ ရခိုင်ပြည်လမ်းမှန်သတင်းစာတွင် 'ကမ္ဘာ့ဝရမ်းသမားများ' အမည်ရှိ အခန်းဆက်ဝတ္ထုကို အရှင်ဇာဂရအမည်ဖြင့် ရေးသားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် လူဝတ်လဲပြီး ရန်ကုန်သို့လာခဲ့ရာ ကြယ်နီညနေသတင်းစာနှင့် တိုင်းလုံးကျော်သတင်းစာများတွင် စာပြင်ဆရာအဖြစ် တာဝန်ထမ်းဆောင်သည်။

၁၉၅၁ ခုနှစ်၊ အိုးဝေသတင်းစာတွင် စာပြင်ဆရာအဖြစ် တာဝန်



www.burmeseclassic.com

www.burmeseclassic.com

ထမ်းဆောင်ရင်း ဆောင်းပါးများရေးသားခဲ့သည်။ ဗုဒ္ဓဘာသာ အကြောင်း သိကောင်းစရာ အခြေခံအချက်များ 'သစ္စဝါဒကျမ်း' ကို ရေးသားပြုစုခဲ့သည်။

၁၉၆၃ ခုနှစ်တွင် 'ရွှေ့ပြောင်းတောင်ယာမှ လှေကားထစ် တောင်ယာသို့' ဟူသော ဆောင်းပါးကို လုပ်သားနေ့စဉ်သတင်းစာ တွင် 'သီဟဆွေ' ဟူသော ကလောင်အမည်ဖြင့် အခန်းဆက်ရေးသား ခဲ့သည်။ မြန်မာ့အလင်း၊ ဗိုလ်တထောင်၊ လုပ်သားဂျာနယ်၊ လယ် သမားဂျာနယ်၊ စန္ဒာမဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်း စသည့်စာနယ်ဇင်းများ တွင် ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ ဟာသများကို သီဟဆွေ၊ စံလွင်မိုး၊ စိန်နဘန် ဟူသော ကလောင်အမည်များဖြင့် ရေးသားခဲ့သည်။

BURMESE CLASSIC .com

၁၉၈၆ ခုနှစ် ဓမ္မဗျူဟာ၊ ဓမ္မအလင်းစာစောင်တွင် ပင်တိုင် ဆောင်းပါးရှင်အဖြစ်ရေးသားခဲ့သည်။ ၁၉၈၈ ခုတွင် ဂမ္ဘီရမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ဓမ္မပဒေသာဘာသာ ရေးမဂ္ဂဇင်းကို ထုတ်ဝေ၍ အယ်ဒီတာချုပ်အဖြစ်လည်း ဆောင်ရွက် ခဲ့သည်။ ၁၉၈၉ ခု၊ ငွေတာရီနှင့် မြဝတီမဂ္ဂဇင်းများတွင် လစဉ် ဆောင်းပါးများ ရေးသားခဲ့သည်မှာ ယခုအထိဖြစ်ပါသည်။

လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေပြီး စာအုပ်များမှာ (၁) ဗုဒ္ဓနှင့် မာရ်နတ်၊ (၂) ဗုဒ္ဓနှင့်သစ္စက၊ (၃) ဗုဒ္ဓခေတ် သက်တော်ရှည်အရိယာ များ၊ (၄) အရှင်ဗာကုလကိုးကွယ်နည်းနှင့် အကျိုးကျေးဇူးများ၊ (၅) ဗုဒ္ဓ ခေတ် ရဟန္တာထူးများ၊ (၆) သိမ်အကြောင်းသိကောင်းစရာ၊ (၇) အစိန္တေယျဗုဒ္ဓ၏ ကြည်ညိုဖွယ်ရာ စွယ်တော်ဓာတ်တော် မွေတော်များ၊ (၈) တိုင်းရင်းသားမျိုးနွယ်စုဝင် ခမီးရိုးရာပုံပြင်များ၊ (၉) မေတ္တေယျ အနာဂတဝင်ကျမ်းတို့ ဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် ၆၀ (က)၊ စွယ်တော်လမ်း၊ ၂၀ - ရပ်ကွက် ဈေးအနီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးအုန်းကြည် (မောင်ကြည်လွင်-စမ်းချောင်း)

မင်းဘူးခရိုင်၊ စလင်းမြို့တွင် ၁၂၈၀ ပြည့်နှစ် နတ်တော်လဆန်း (၈)ရက်၊ (၁၀-၁၂-၁၉၁၈)တွင် မွေးဖွားသည်။ စလင်းမြို့၊ အမျိုးသား အထက်တန်းကျောင်းတွင် ဒသမတန်းအထိပညာသင်ကြားခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် မိဘများကွယ်လွန်ပြီး အစ်မဖြစ်သူနှင့်အတူ ရန်ကုန်မြို့ စမ်းချောင်းရပ်တွင် ပြောင်းရွှေ့အခြေချခဲ့သည်။ အိမ်ထောင်ကျခဲ့ပြီး သားသမီး (၆)ယောက်ထွန်းကားခဲ့သည်။ ထို့နောက် အကောက်ခွန်ဦးစီးဌာနတွင် အောက်တန်းစာရေး၊ အထက်တန်းစာရေး၊ (ဒု) ငွေကိုင်မှူးစသည့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ထိုအတောအတွင်း အကောက်ခွန်မဂ္ဂဇင်းတွင် ဆောင်းပါး၊ ဝတ္ထုတိုများကို စတင်ရေးသားခဲ့သည်။

မောင်ကြည်လွင်(စမ်းချောင်း) အမည်ဖြင့် မြို့နယ်မဂ္ဂဇင်းများတွင် ရေးသားခဲ့သည်။ ပေဖူးလွှာ၊ မဟေသီ နှင့် ဘာသာရေးစာစောင်များတွင် ရုပ်ရှင်ဝေဖန်အကြံပေး ဆောင်းပါးများ၊ ဝတ္ထုတိုများနှင့် ဘာသာရေး ဆောင်းပါးများ ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - ၅၊ ဘိုကလေးကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



## ဆရာမကြီး ဒေါ်ရင်ရင်မော် (ရင်ရင်မော်-အာမခံ)

ဧရာဝတီတိုင်း၊ ကြံခင်းမြို့တွင် အဖဦးစံဘ၊ အမိဒေါ်သင့်တို့မှ ၁၂၈၄ ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၁၃)ရက် (၁၈-၁၀-၁၉၂၂) နေ့၌ မွေးဖွားခဲ့သည်။

မြန်မာ-အင်္ဂလိပ် (၉)တန်းအောင်မြင်ခဲ့သည်။ အယ်ဒီတာ၊ စာကြည့်တိုက်မှူး၊ သုတေသနကော်မတီ(အလုပ်သမား ဝန်ကြီးဌာန) စသည်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် မြန်မာ့အာမခံလုပ်ငန်းတွင် လုပ်သက်အနှစ်(၃၀)ကြာမျှ ကြီးကြပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ယုဝတီကလောင်ရှင် သီရိမော်၊ ရင်ရင်မော် (အာမခံ) ဟူသော ကလောင်အမည်များဖြင့် အာမခံစာစောင်၊ ဗမာ့ခေတ် သတင်းစာနှင့် ယုဝတီဂျာနယ်များတွင် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများ ရေးသားခဲ့သည်။

အာမခံပညာရေးစာအုပ် (၃)အုပ်ကို စာပေဗိမာန်မှ ထုတ်ဝေခဲ့သည်။ ဝတ္ထုတိုပေါင်းချုပ်(၁)အုပ်နှင့် ဓမ္မအမွေ စာအုပ်(၁)အုပ်ကိုလည်း ရေးသားထုတ်ဝေခဲ့သည်။

**နေရပ်လိပ်စာ။** **။အမှတ်(၉၀၂)၊ ပြည်ထောင်စုလမ်းမကြီး၊ (၂၈)ရပ်ကွက်၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။**



www.burmeseclassic.com

www.burmeseclassic.com



# ကာတွန်းဆရာကြီး ဦးဗကလေး၊

၁၂၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း (၁၀) ရက် (၁၂-၁၂-၁၉၁၈) ရက်နေ့တွင် အဖ ဦးစံလှ၊ အမိဒေါ်အေးပုံတို့မှ သံတွဲမြို့တွင် မွေးဖွားခဲ့သည်။

သံတွဲဟိုက်စကူးကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့သည်။ စာပေ၊ ပန်းချီ၊ ကာတွန်းပညာကို ငယ်ရွယ်စဉ်ကပင် ဝါသနာကြီးမားခဲ့ပြီး ၁၉၃၆ ခုနှစ်၊ စစ်ကြိုခေတ်နောက်ဆုံး မြန်မာပြည်ပန်းချီအသင်းကြီး၏ အဖွဲ့ဝင်ဖြစ်ခဲ့၏။ ဦးငွေကိုင်၊ ဦးဘဂျမ်း၊ ပိသုကာ ဦးသာထွန်း၊ ဆရာဆောင်၊ ဦးဗကြည်၊ ဦးဟိန်စွန်း၊ ဦးအုန်းလွင်၊ ဦးစံဝင်းအစရှိသော ပန်းချီ၊ ကာတွန်း၊ ပညာရှင်များနှင့်အတူ ပန်းချီကာတွန်းကို စတင် ရေးဆွဲခဲ့သည်။ သူရိယ၊ ရန်ကုန်၊ တိုးတက်ရေး၊ သတင်းစာများနှင့် ဒီးဒုတ်ရယ်ရွှင်ဖွယ်ဂျာနယ်နှင့် မဂ္ဂဇင်းတို့တွင် ကာတွန်းရုပ်ပြောင်များ ရေးဆွဲခဲ့သည်။ ဝတ္ထု၊ ဆောင်းပါး၊ ဟာသဇာတ်လမ်းများ ရေးသားခဲ့ပြီး ၁၉၄၂ ခုနှစ်တွင် ဒို့ဗမာသတင်းစာ၊ ၁၉၅၅ ခုနှစ်တွင် ကလေးသတင်းစာ ထုတ်ဝေခဲ့ပါသည်။

ဗြိတိသျှဘားမားညွှန့်မြန်မာရုပ်ရှင်ကုမ္ပဏီတွင် အဝီစိသံစုံသွင်း မြန်မာကာတွန်းရုပ်ရှင်ကားကိုလည်းကောင်း၊ ဘုန်းဝင်းရုပ်ရှင်ကုမ္ပဏီမှ



www.burmeseclassic.com

ဖိုးလနတ်သား၊ ဒိုင်းမွန်းကုမ္ပဏီအတွက် သူဌေးမင်း၊ ရွှေခြသေ့်ကုမ္ပဏီ အတွက် ကော်ဇောပျံ၊ ဘီပီအိုင်အတွက် အိမ်ရှင်မ၊ ဒို့ရန်သူ ဆေးရောင်စုံ အသံထွက် ကာတွန်းဇာတ်ကားများ ရိုက်ကူးခဲ့သည်။

လုံးချင်းဝတ္ထု၊ ဆောင်းပါး၊ ကာတွန်း၊ ပုံပြင် အမျိုးပေါင်း ၁၂၀ခန့် ထုတ်ဝေခဲ့ပြီး ၁၉၅၂ ခုနှစ် မနီလာတွင် ရိုက်နှိပ်ခဲ့သော လူထုအောင်သံ ဆေးရောင်စုံကာတွန်းစာအုပ်မှာ အကျော်ကြားဆုံးဖြစ်ပြီးစောင်ရေ သုံးသိန်းရောင်းချခဲ့ရသည်။ ယနေ့ မိမိကိုယ်ပိုင်ရွှင်ပြုံးအပတ်စဉ်ကို ပုံမှန်ထုတ်ဝေလျက်ရှိသည်။

**နေရပ်လိပ်စာ** - အမှတ် (၁၉) အိမ်ကြီးလမ်း၊ ရေကျော်ရပ်၊ ပုဇွန် တောင်မြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com



# ဒေါ်မြင့်သန်း(ကထိက ဒေါ်မြင့်သန်း)

ဦးကြင်သိန်း၊ ဒေါ်မမကြီးတို့မှ ၁၂၈၅ခုနှစ်၊ ပြာသိုလဆန်း (၁၂)ရက်၊ (၁၇. ၁. ၁၉၂၄)နေ့တွင် ရန်ကုန်မြို့၌ ဖွားမြင်သည်။ ၁၉၄၁ခုနှစ်တွင် မြို့မအမျိုးသမီးအထက်တန်းကျောင်း (မြို့မတိုင်းရင်းသူ အထက်တန်းကျောင်း) မှ ဆယ်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်နေစဉ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာသဖြင့် ပညာသင် ပျက်ခဲ့ရသည်။

၁၉၄၅ခုနှစ်တွင် အရေးပေါ်တက္ကသိုလ် (အီးယူစီ)နှင့် ရန်ကုန်တက္ကသိုလ်သို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ ၁၉၄၉ခုနှစ်တွင် မြန်မာစာဝိဇ္ဇာဂုဏ်ထူးတန်း (ပထမတန်း) (First Class) ဖြင့် အောင်သည်။ ထိုနှစ်၌ပင်ရန်ကုန်တက္ကသိုလ်တွင်အချိန်ပြည့်နည်းပြ အဖြစ် အရာထမ်းသည်။ ၁၉၅၀ခုနှစ်တွင် လက်ထောက်ကထိက ဖြစ်သည်။ မဟာဝိဇ္ဇာဂုဏ်ထူးတန်းကို ဂုဏ်ထူးအမှတ် (Distinction)ဖြင့် အောင်မြင် ခဲ့သည်။

ရန်ကုန်တက္ကသိုလ်မှ မော်လမြိုင်ကောလိပ်သို့ လက်ထောက် ကထိကအဖြစ်ဖြင့်ပင် တာဝန်ပြောင်းရွှေ့ထမ်းဆောင်ရပြီး ရန်ကုန်



www.burmeseclassic.com

ဆေးသိပ္ပံ(၂)၊ မင်္ဂလာဒုံသို့လည်းကောင်း၊ ပညာရေးတက္ကသိုလ် (ရန်ကုန်)နှင့် ပုသိမ်ကောလိပ်သို့လည်းကောင်း၊ ကထိကဌာနမှူး အဖြစ် တာဝန်ပြောင်းရွှေ့ထမ်းဆောင်ရသည်။ ၁၉၇၇ ခုမှ ၁၉၈၅ ခုတွင် ရန်ကုန်တက္ကသိုလ်သို့ ကထိကအဖြစ် ပြန်လည် ရောက်ရှိပြီး ၁၉၈၅ တွင် သက်ပြည့်အငြိမ်းစားယူခဲ့ပါသည်။

၁၉၄၄ စစ်အတွင်း 'စာရေးဆရာအသင်း'ဝင်ခဲ့သည်။ ဆရာဇဝန၊ ဆရာသခ်ိါတို့ဦးဆောင်သော စာရေးဆရာစာစောင်တွင် စာညွှန့်ဆောင်းပါးရေးခဲ့သည်။ စစ်ပြီးစ ၁၉၄၅တွင် 'ရွှေမန်းစာဆို' ယုဝတီဂျာနယ်၊ သံတော်ဆင့်သတင်းစာ၌ ထောင်ကဲအော်သံ အခန်းဖွင့် လျက် လွတ်လပ်ရေးမရမီနှင့် ရလုဆဲဆဲအချိန်၊ တို့ခေတ် နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသည့်'ခေတ်ကြေးမုံ' ပြအနေဖြင့် အပတ်စဉ် ခြယ်မှုန်းရေးသားခဲ့သည်။

အချို့သော တက္ကသိုလ်မဂ္ဂဇင်းများတွင် မြန်မာစာစာတည်း မှူးနှင့် သုတေသနစာတမ်းရှင်၊ ဆောင်းပါး၊ ကဗျာရှင်အဖြစ်လည်း ကောင်း၊ ယခုအခါ ပြင်ပစာနယ်ဇင်းများဖြစ်သော ငွေတာရီ၊ မြဝတီ စသည့် မဂ္ဂဇင်းများ၊ ဂျာနယ်နှင့် သတင်းစာများနှင့် ဘာသာရေး ဆောင်းပါးများကို ကထိက ဒေါ်မြင့်သန်းကလောင်အမည်ဖြင့်စာများ ရေးသားလျက်ရှိသည်။

၁၉၉၇ ခုနှစ်အတွက် အမျိုးသားစာပေဆု(လူငယ်စာပေဆု) ကို 'အလှသုံးဖြာ စာပဒေသာ'စာအုပ်ဖြင့် ဆွတ်ခူးရရှိခဲ့သည်။မြန်မာ စာအဖွဲ့ဦးစီးဌာနတွင် မြန်မာစာအဖွဲ့ဝင်အဖြစ် ယခုအခါ တာဝန် ထမ်းဆောင်လျက်ရှိပါသည်။

**နေရပ်လိပ်စာ**။ ။အမှတ် ၄၉၁၊ ညောင်တန်းလမ်း၊ ပုစွန်တောင်မြို့ နယ်တွင် နေထိုင်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးကျော်ဝင်းမောင် (ဝမ်းအိုဝမ်း ကျော်ဝင်းမောင်)

အဖ ဦးဟာနစ်၊ အမိ ဒေါ်စိန်ညွန့်တို့မှ ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၌ ၁၂၈၁ခုနှစ် တပို့တွဲလဆုတ် (၁၃) (၁၆-၂-၁၉၂၀) တွင် မွေးဖွားခဲ့သည်။

ဗန်းမော်၊ မိုးကုတ်၊ ကသာမြို့များတွင် ပညာသင်ခဲ့သည်။ ဂျပန်ခေတ်တွင် ဘီ-ဒီ-အေသို့ ဝင်ခဲ့သည်။ ရေနံချောင်းလေယာဉ်ပစ်အမြောက်ကြီးတပ်တွင် အမှုထမ်းခဲ့သည်။ ဂျပန်ခေတ် မင်္ဂလာဒုံစစ်တက္ကသိုလ် ဗိုလ်သင်တန်းတတိယပတ်ကို တက်ခဲ့သည်။ ဂျပန်တော်လှန်ရေး ကာလတွင် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ (A.F.O) နှင့် အမေရိကန်လေထီးတပ်ဖွဲ့ (၁၀၁) ကို ပထမဆုံး ဆက်သွယ်ပေးခဲ့သည်။ ယင်းတာဝန်ကို ထမ်းဆောင်ရင်း စစ်ကိုင်းမြို့နယ် မင်းကွန်းရွာတွင် ဂျပန်များဖမ်းဆီးခြင်းကို ခံရသည်။ အသတ်ခံရမည့်ဆဲဆဲတွင် ဂျပန်တော်လှန်ရေးရဲဘော်များ၏ အကူအညီဖြင့် အချုပ်ကိုဖောက်၍ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ဥပဒေအတွင်းသို့ဝင်ခဲ့သည်။ ‘ဝမ်းအိုဝမ်းနဲ့ ဗမာ့မြေအောက်တော်လှန်ရေး’ သမိုင်းဝင်စာအုပ်ကို



www.burmeseclassic.com

www.burmeseclassic.com

ပြုစုခဲ့ပြီး စာပေနယ်သို့ ဝင်ခဲ့သည်။ ရုပ်ရှင်၊ ဝတ္ထု၊ ဇာတ်ညွှန်း၊ ဆောင်းပါးများနှင့် သုတေသနစာအုပ်များ ရေးသားခဲ့သည်။ ၁၉၇၂ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယ အဆင့်နှင့် ၁၉၈၀ ပြည့်နှစ်၊ မေလ ၂၈ ရက်နေ့တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့်တို့ကို နိုင်ငံတော်က ချီးမြှင့်ခဲ့သည်။

ဝမ်းအိုဝမ်းနှင့် မြန်မာ့မြေအောက်တော်လှန်ရေး၊ ဆရာကြီး ဦးရာဇတ် (ပထမပိုင်း)၊ ဂျပန်သံ့ပန်း မဂိုကပြားမလေး၊ နွေဦးရဲ့သမီးပျို၊ မေတ္တာလက်တစ်လှမ်း၊ မန္တလေး ၁၃၀၀ ပြည့်အရေးတော်ပုံမှ သည် နယ်ချဲ့တော်လှန်ရေးသို့၊ နယ်ချဲ့ကိုဒူးမထောက်တဲ့ သခင်နက်ဖေ (၁၉၉၉)၊ ဂျပန်ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ (၁၉၉၉) စသည့်စာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။

**နေရပ်လိပ်စာ** - အခန်း ၄၃၊ မြေညီထပ်၊ ၂၆ လမ်း၊ ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com



# ဆရာမကြီး ဒေါ်စောရင် (ကြီးကြီးစော)

၁၂၆၇ ခုနှစ် တပေါင်းလဆုတ် (၅) ရက် (၁၃-၃-၁၉၀၆) ရက်နေ့တွင် မြိတ်မြို့၊ ထားဝယ်စုရပ်၌ အဖပန်းထိမ်ဆရာ ဦးဆန်း၊ အမိဒေါ်နှင်းဇင်တို့မှ မွေးဖွားသည်။

မြိတ်မြို့နေရှင်နယ်ကျောင်းတွင် ၂ နှစ်ခန့်ဆရာမဝင်လုပ်သည်။ ရန်ကုန်နေရှင်နယ် အမျိုးသမီးအထက်တန်းကျောင်းတွင် ၁၀တန်း ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၃၀ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေဘွဲ့ရရှိသည်။

ထို့နောက် မန္တလေးဗုဒ္ဓဘာသာအလယ်တန်း ကျောင်းတွင် ကျောင်းအုပ်ဆရာမကြီးအဖြစ် ဝင်ရောက်လုပ်ကိုင် သည်။ ၁၉၃၂ ခုနှစ်မှ ၁၉၃၄ ခုနှစ်တွင် B. Ed ဘွဲ့ကို ရရှိခဲ့သည်။ ရန်ကုန်နေရှင်နယ် အမျိုးသမီးကျောင်းတွင် အထက်တန်းပြ ဆရာမ အဖြစ် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလအထိ လုပ်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ဆရာဇော်ဂျီနှင့် လက်ထက်၍ သမီး ၃ ဦးမွေးဖွားခဲ့သည်။

၁၉၅၁ -၆၂ ထိ စာပေဗိမာန်တွင် လက်ထောက်စာတည်း အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ စာပေဗိမာန်၌ တာဝန်ထမ်းဆောင် နေစဉ် ကျောင်းသုံးစာအုပ်များကို ပြုစုရေးသားပေးရသည်။



www.burmeseclassic.com

ကျောင်းသုံးစာအုပ်အဖြစ် ရေးသားခဲ့သော စာအုပ်များမှာ ရှေးခေတ်ကမ္ဘာ့ခရီးစဉ်၊ မြန်မာတစ်ခွင်ခရီးစဉ်၊ မြန်မာနိုင်ငံသဘာဝ အပိုင်းကြီးများ၊ မြန်မာနိုင်ငံပထဝီ၊ ကမ္ဘာ့သမိုင်းပုံပြင်များ၊ အိမ်တွင်းမှု သိပ္ပံ၊ အိမ်သူရှုဖွယ်တို့ဖြစ်ကြသည်။

ကလေးများအတွက် သူရဲကောင်းပုံပြင်များ၊ ဇာနည်မယ်ပုံပြင် (ပ)နှင့် (ဒု)အတွဲ၊ မူလတန်းအတွက် ရာဇဝင်ပုံပြင်များ စသည်တို့ကို လည်း ရေးသားခဲ့သည်။ လုံမလေးမဂ္ဂဇင်း၊ မင်္ဂလာမောင်မယ်စာစောင် စသည်တို့တွင်လည်း ကလေးများအတွက် ပုံဝတ္ထုများရေးသားလျက် ရှိသည်။ ကလောင်အမည်ဒေါ်စောရင်အပြင် ကြီးကြီးစော အမည်ကို လည်းအသုံးပြုသည်။

**နေရပ်လိပ်စာ** - အမှတ် ၁၀ A ၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးခင်သန်း (တိုင်းပညာဝန် ဦးခင်သန်း)

၁၂၇၀ ပြည့်နှစ် တပေါင်းလဆုတ် (၄)ရက် (၉-၃-၁၉၀၉) ရက်နေ့တွင် မင်းတုန်းမြို့၌ အဖဦးထွန်းအုံ၊ အမိဒေါ်သဲညွန့်တို့မှ ဖွားမြင်သည်။ ကလောင်အမည်များမှာခင်သိန်းကျော်၊ဘကြီးသူနှင့်တိုင်းပညာဝန် ဦးခင်သန်းတို့ဖြစ်သည်။ ပညာအရည်အချင်းမှာB. A. B. E. S (Class 1) ဖြစ်သည်။ ပညာရေးဌာနတွင် အမျိုးသားကျောင်းဆရာ၊ ကျောင်းအုပ်ကြီး၊ ခရိုင်ပညာဝန်၊ တိုင်းပညာဝန်၊ ကျောင်းများအုပ်ချုပ်ရေးမှူး၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်အရာရှိစသည်ဖြင့် ထမ်းဆောင်ခဲ့သည်။

ရေနံချောင်းအမျိုးသားကျောင်းတွင် အမျိုးသားကြေးမုံမဂ္ဂဇင်းကို ထုတ်ဝေရာ ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်စာကဏ္ဍတွင် လက်ထောက်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

ရေးသားထုတ်ဝေခဲ့သော စာအုပ်များမှာ အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် The Story of Mg Mg (1953), The Story of Ma Ni (1953), Ma Ni goes to school (1953), Twelve Tales (1956), Nursery Rhymes (1956), Middle School Poems (1956), Little Aung Net (1971), Little Princess Frog (1971), Little Pussy (1971), Princess Malar Yi (1971), The Flying Horse (1974), The Magic Horse (1974), Prince



www.burmeseclassic.com

www.burmeseclassic.com

Wizaya (1974), One Hundred English Dialogues (1980), Every Day English for Children and Beginners (1982), အင်္ဂလိပ်သားချော့ကဗျာများနှင့် မြန်မာပြန်ကဗျာများ (၁၉၈၇)တို့ကို မြန်မာဘာသာဖြင့် ထုတ်ဝေသောစာအုပ်များအဖြစ် လူမှုရေးရာသင်ပြမှု (၁၉၅၃)၊ ဆရာ့တက်လမ်း (၁၉၅၄)၊ ဘကြီးသူ၏ မေးပါများ စကားရ (၁၉၆၈)၊ ပညာဝန် ဦးခင်သန်း၏ အသံလွှင့်ဟောပြောချက်များ (၁၉၆၂)၊ (လူငယ် ပညာပေး)၊ စာမေးပွဲကျရှုံးရသော အကြောင်းရင်းများနှင့် တားဆီးနိုင်သောနည်းလမ်းများ(၁၉၇၀)၊ ပညာပေးပြဇာတ်ကလေးများ (၁၉၇၂)တို့ကို ရေးသားထုတ်ဝေခဲ့ သည်။

ရန်ကုန်တက္ကသိုလ် ပုဂံဆောင် ပုဂံလက်သီးသတင်းစာ အယ်ဒီတာ၊ ၁၉၂၉တွင် အလုပ်သမားသတင်းစာအယ်ဒီတာ၊ ပညာတံခွန် (အင်္ဂလိပ်+မြန်မာ) မဂ္ဂဇင်းအယ်ဒီတာ တာဝန်များဆောင်ရွက်ခဲ့သည်။ အတွင်းဝန်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာများအသင်းချုပ်ကြီး ပြန်ကြားရေးမှူး၊ တိပိဋကစရေ ရွေးချယ်ရေးအဖွဲ့ဝင်၊ ပါဠိ ပထမပြန် စာမေးပွဲကျင်းပရေးအဖွဲ့ဝင်၊ တက္ကသိုလ်ဝင်စာမေးပွဲများ နှင့် အခြေခံပညာ အထက်တန်း စာမေးပွဲများတွင် အင်္ဂလိပ်စာ စာစစ် မှူး၊ မြန်မာစာ စာစစ်မှူးတာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။

၁၉၅၆ ခုနှစ်တွင် World Confederation of The Teaching Profession, Manila, Philippine တွင်ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာကမ္ဘာ့ကျောင်းဆရာများ ညီလာခံကို တက်ရောက်ခဲ့သည်။ အပြည်ပြည် ဆိုင်ရာ ပညာရေးအယ်ဒီတာများ၏ အလုပ်ရုံဆွေးနွေးပွဲတွင် ပညာတံခွန် (အင်္ဂလိပ်-မြန်မာ) မဂ္ဂဇင်း၏ အယ်ဒီတာအဖြစ် တက်ရောက်ခဲ့သည်။

၁၉၆၁ခုနှစ်တွင် လန်ဒန်၊ချက်ကိုစလိုဗက်ကီးယား၊ပိုလန်နှင့် အနောက် ဂျာမနီနိုင်ငံများသို့ မြန်မာနိုင်ငံ၏ ပညာရေးကိုယ်စားလှယ် အဖွဲ့ဝင်အဖြစ် တက်ရောက်ခဲ့သည်။

**နေရပ်လိပ်စာ။** အမှတ်(၅၅)၊ ဥဿဖယားလမ်း၊ တာမွေမြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးဦးလှကြိုင် (ပါရဂူ)

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ သန္ဓိသနော့ကျေးရွာတွင် အဖ ဦးဘစော၊ အမိ ဒေါ်မေတုတ်တို့မှ ၁၂၈၃ ခု၊ တန်ဆောင်မုန်း လဆန်း ၁၁ ရက်၊ ကြာသပတေးနေ့ (၁၀-၁၁-၁၉၂၁) တွင် မွေးဖွားသည်။ အမည်ရင်း ဦးလှကြိုင်ဖြစ်သည်။

သန္ဓိသနော့ကျေးရွာ မူလတန်းကျောင်း၌ စတုတ္ထတန်းအထိ ပညာသင်ယူခဲ့သည်။ ၁၁နှစ်အရွယ်တွင် ရှင်သာမဏေဝတ်သည်။ ၁၅ နှစ် တွင် ပထမငယ်၊ ၁၆ နှစ်တွင် ပထမလတ်၊ ၁၇ နှစ်တွင် ပထမကြီး၊ ၁၉၄၁ခုနှစ် အသက် ၁၉နှစ်တွင် အစိုးရစာချတန်း (ဂုဏ်ထူးတန်း) အောင်သည်။ အသက် ၂၀ တွင် ရဟန်းခံသည်။ ၁၉၄၇ မှ ၁၉၅၂ ထိ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီ၊ ဟိန္ဒီတက္ကသိုလ်တွင် ပညာသင်သည်။ ၁၉၅၄ တွင် လူဝတ်လဲသည်။

မြန်မာနိုင်ငံ အိန္ဒိယသံရုံးပြန်ကြားရေးဌာန၌ ဘာသာပြန်အရာရှိ၊ မြန်မာနိုင်ငံတက္ကသိုလ်နှင့် ကောလိပ်များ၏ အရှေ့တိုင်းပညာ သင်ကြားရေးအဖွဲ့ အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့အဖွဲ့ဝင်၊ မြန်မာနိုင်ငံထေရဝါဒ ဗုဒ္ဓဘာသာသာသနာပြုဗဟိုအဖွဲ့ အမှုဆောင်၊ သီယိုဆိုဖီအသင်း နာယက၊ မြန်-စာ-ပြန့် ဒုဥက္ကဋ္ဌ၊ မြန်မာပြည်တဂိုးအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်းဥက္ကဋ္ဌနှင့် စာရေးဆရာအဖွဲ့အစည်း



www.burmeseclassic.com

www.burmeseclassic.com

များတွင် တာဝန်အသီးသီးထမ်းဆောင်ခဲ့သည်။

၁၉၃၉ ခုနှစ်မှစ၍ စာရေးသည်။ ပင်ကိုယ်ရေးနှင့် ဘာသာပြန် ဆိုခဲ့သည့် ကျမ်းစာဝတ္ထုပေါင်း ၈၀ ခန့်ရှိသည်။ ယင်းတို့အနက် ဗုဒ္ဓ စကား၊ ဓမ္မစကား၊ ဗုဒ္ဓဒိုင်ယာရီ၊ နိဗ္ဗာန်၊ ညီတော်မင်းနန်၊ သားတော် ရာဟုလာ၊ သိဒ္ဓတ္ထ၊ စိတ္တရလေခါ၊ အမ္ဗပါလီ၊ ပီယဒဿီ၊ ပရကထာ၊ ဘဝခရီးသည်၊ တမ္ပပဏ္ဏိ၊ ပုဂံခရီးသည်နှင့်ယယာတိတို့မှာထင်ရှားသည်။

၁၉၆၃တွင် 'ညီတော်မင်းနန်' ဖြင့် အနုပညာစာပေဆု (ဘာသာပြန်-ပထမ)၊ ၁၉၈၆တွင်'ဂေါ်ရီ' ဖြင့် အမျိုးသားစာပေဆု (ဘာသာပြန်-ရသ) ၊ ၁၉၆၇တွင် မြန်မာနိုင်ငံဟိန္ဒီစာပေအသင်း၏ စာပေရွှေတံဆိပ်ဆု နှင့် ၂၀၀၂ ခုနှစ်တွင် ပခုက္ကူ ဦးအုံးဖေတစ်သက်တာ စာပေဆုများ ရရှိခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် အမျိုးသားစာပေ တစ်သက် တာဆုကို ချီးမြှင့်ခံရသည်။

**နေရပ်လိပ်စာ** - အမှတ် (၃) ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာမကြီး ဒေါ်မြတင်

မုဒုံမြို့နေ အဖ ဦးတောင်သူ၊ အမိ ဒေါ်အုန်းရင်တို့မှ ၁၂၈၀ ပြည့်နှစ် ကဆုန်လဆန်း(၁၁)ရက် (၂၀-၄-၁၉၁၈) နေ့တွင် မွေးဖွားခဲ့သည်။ မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

ရေးသားပြုစုခဲ့သော ကျမ်းစာအုပ်များမှာ (၁) The Dhammapada (Verses & Stories) (1984 ,1990,1995) (၂) A Guide to the Mangala Sutta (၃) Nine Attributes of the Buddha * 1995 (၄) Maha Sarangamase the Great Refuge (1995) (လယ်တီဆရာတော်ဘုရားကြီး ၏ မဟာသရဏဂုံတော်ကြီးကို ပြန်ဆိုသည်။) (၅) ဗုဒ္ဓဘာသာဝင် လက်စွဲ (အရှင်သေဌ္ဌိလ) ၁၉၉၆ (Claudine W.Lggleden ရေးသည့် A-Buddhist Companion) ကို မြန်မာဘာသာသို့ ပြန်ဆိုသည်။

၁၉၇၈ခုနှစ်၌ ပထဝီဝင်ဌာနမှူးအဖြစ်မှ အငြိမ်းစားယူပြီးနောက် ၁၉၈၀ပြည့်နှစ်၊ပိဋကဘာသာပြန်စာပေဖြန့်ချိရေးအသင်းတွင် အင်္ဂလိပ် ဘာသာပြန်စာတည်းအဖြစ် ဘာသာပြန်ကျမ်းစာအုပ် (၁၀)အုပ်ကိုတည်း ဖြတ်ခဲ့သည်။၁၉၉၁ခုနှစ်မှစ၍ပိဋကတ်ဘာသာပြန်စာတည်းအဖွဲ့ဝင် နှင့် ၁၉၉၃ခုနှစ်မှစ၍ ယနေ့အထိပိဋကဘာသာပြန်စာတည်းအဖွဲ့၏ ဂုဏ်ထူးဆောင်သဘာပတိအဖြစ် တာဝန်ထမ်းဆောင်ယင်း ပိဋက ဘာသာပြန်ကျမ်းစာမူများကို ဦးစီးတည်းဖြတ်လျက်ရှိသည်။ ဓမ္မစာပေ ဆောင်းပါးများကို ဂျာနယ်၊ မဂ္ဂဇင်းများတွင် ရေးသားလျက်ရှိသည်။

**နေရပ်လိပ်စာ** - အမှတ် (၅၄)(က)၊ ရွှေတောင်ကြားလမ်း၊ ဗဟန်း။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးတင်ဦး (မြောင်)

စစ်ကိုင်းခရိုင်၊ မြောင်မြို့တွင် အဖဦးဘ၊ အမိဒေါ်စိန်ပုတို့မှ ၁၂၈၅-ခုနှစ် တော်သလင်းလပြည့်ကျော် (၅)ရက်၊ (၂၉-၉-၁၉၂၃) နေ့တွင် မွေးဖွားသည်။ ဥပဒေဝိဇ္ဇာဘွဲ့၊ ဒီအမ်အေ၊ ဒီအီးပီ ဒီပလိုမာများ ရရှိခဲ့သည်။ ၁၉၄၈-၅၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၀ မှ ၁၉၅၂ခုနှစ်အထိ ကုန်သွယ်လုပ်ငန်းခွန်ဌာနတွင် ကုန်သွယ် လုပ်ငန်းခွန်ဝန်ထောက်၊ ၁၉၅၂ မှ ၁၉၇၇ ခုနှစ်အထိ ပြည်သူ့အိုးအိမ်အဖွဲ့တွင် လက်ထောက်အုပ်ချုပ်ရေးအရာရှိ၊ အုပ်ချုပ်ရေးအရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး (အိုးအိမ်ဦးစီးဌာန)စသည်ဖြင့် အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၇-ခုနှစ်တွင် အငြိမ်းစား ယူခဲ့သည်။

၁၉၈၁ ခုနှစ်တွင် မြန်မာနိုင်ငံ ပိဋကစာပေ ဖြန့်ချိရေးအသင်း (အမ်ပီအေ)ကို ထူထောင်ရာ၌ ပိဋကဘာသာပြန်လုပ်ငန်းများ လုပ်ကိုင်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် စာတည်းအဖြစ် စတင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၁ ခုနှစ် ဇွန်လ၌ ပိဋကဘာသာပြန်စာပေဖြန့်ချိရေးအသင်းကို ဖျက်သိမ်းသည့်အခါ ထိုအသင်း၏ စာတည်းကော်မတီကို သာသနာတော် ထွန်းကား



www.burmeseclassic.com

www.burmeseclassic.com

ပြန်ပွားရေးဦးစီးဌာန၌ ပိဋကဘာသာပြန် ဂုဏ်ထူးဆောင်စာတည်း ကော်မတီအဖြစ် ပြန်လည်ဖွဲ့ စည်းပေးခဲ့ရာ ထိုကော်မတီတွင် ယနေ့တိုင် တာဝန်ထမ်းဆောင်ဆဲဖြစ်သည်။ ၁၃၅၉-ခုနှစ်တွင် နိုင်ငံတော်အစိုးရက မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ် ချီးမြှင့်ခဲ့သည်။

ဆရာကြီးရေးသားပြုစုခဲ့သော စာအုပ်များမှာ ခန္ဓသံယုတ် (ပိဋကတ်ဘာသာပြန်-သာထွန်းပြန့်)၊ သဂါထာဝဂ္ဂ သံယုတ်၊ သုတ္တနိပါတ်၊ အရှင်ဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင် (ပဉ္စမတွဲ) (အင်္ဂလိပ်ဘာသာပြန်၊ တိ=နိအဖွဲ့မှ ထုတ်ဝေသည်)၊ ဆဌမတွဲ (ပထမအုပ်နှင့် ဒုတိယအုပ်)၊ လယ်တီပဋ္ဌာနုဒ္ဒေသဒီပနီကို မစိုးရိမ်ဆရာတော်ဦးဉာဏ၏ အင်္ဂလိပ်ဘာသာပြန်ဆိုချက်ကို မြန်မာဘာသာသို့ ပြန်ဆိုခြင်း (သာထွန်းပြန့်)၊ လယ်တီဆရာတော်၏ ဉတ္တမ ပုရိသ ဒီပနီ အင်္ဂလိပ်ဘာသာပြန် (တိ=နိ၊ ရန်ကုန်)၊ ၎င်းအလင်းကျမ်း အင်္ဂလိပ်ဘာသာပြန် (အင်္ဂလန်) ဗုဒ္ဓဝါဒီ ဉာဏ်အမြင်နှင့် ကျင့်ဝတ်စဉ် (ဂုဏ်ထူးစာပေ)၊ ၎င်းစာအုပ်ကို အင်္ဂလိပ်ဘာသာမူရင်း The Buddha's Teaching. The Doctrine And the Practice, Today Publishing House, 'မြတ်ဗုဒ္ဓ၏စိတ်ကို လေ့လာခြင်း (သင်္ဂြိုဟ်စေတသိတ်ပိုင်း)၊ The Buddha's Analysis of Mind (အထက်ပါစာအုပ်ကို အင်္ဂလိပ်ဘာသာပြန်)၊ ပထမသပိတ်အိုင် ဆရာတော်ဦးကိတ္တိ၏ ဒူဋ္ဌသောတာပန်ဖြစ်ခန်း ခတ်ကမ္မဋ္ဌာန်း (ဘာသာပြန်)တို့ ဖြစ်ပါသည်။

**နေရပ်လိပ်စာ**။ ။အမှတ်-၁၅၆(အီး)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း ၅၄၄၁၃၅။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးဦးစန်ဝင်း

မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ်၊ ပင်တလည်ရွာ၌ အဖ ဦးဖိုးလူ၊ အမိဒေါ်ချိုတို့မှ ၁၂၈၆-ခု၊ တပေါင်းလဆန်း (၁၀)ရက် (၃-၃-၁၉၂၅)တွင် မွေးဖွားခဲ့သည်။

ပင်တလည်ရွာ မူလတန်းကျောင်း၊ ကျောက်ဆည်ဝက်စလီယံ အလယ်တန်းကျောင်းနှင့် မန္တလေး ဝက်စလီယံ အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့ပြီး အင်္ဂလိပ် မြန်မာ(၁၀)တန်းအောင်မြင်ခဲ့သည်။

တပ်မတော် ပညာရေးဌာနတွင် နည်းပြဆရာအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ ခလရ(၉၁)တွင် တပ်ခွဲမှူးအဖြစ်လည်းကောင်း၊ ပညာရေးနှင့် စိတ်ဓာတ်ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ယူစဉ်က လည်းကောင်း ကလောင်အမည် အမျိုးမျိုးဖြင့် သတင်းစာဆောင်းပါး များ ရေးသားခဲ့သည်။

တော်လှန်ရေးကောင်စီသတင်းစဉ် ကြွခိုင်ရေး မှ ဦးစီးထုတ်ဝေ သော 'သတ္တိဂျာနယ်'ကို တာဝန်ယူ ထုတ်ဝေခဲ့သည်။ တော်လှန်ရေး ကောင်စီခေတ်တွင် ပြန်ကြားရေး အထူးအရာရှိ၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း)အယ်ဒီတာချုပ်၊ မြဝတီ ပုံနှိပ်တိုက် အုပ်ချုပ်ရေးအဖွဲ့ဝင် စသည်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လူငယ်ဂျာနယ်များတွင်



www.burmeseclassic.com

ဆောင်းပါးများ လစဉ်ရေးသားခဲ့သည်။ ပါတီရေးရာ၊ လမ်းစဉ်သတင်းဂျာနယ်၊ နိုင်ငံတကာသတင်းဂျာနယ်များ ထုတ်ဝေရာတွင် ပံ့ပိုးပေးခဲ့သည်။စိုက်ပျိုးရေးစာတမ်းများနှင့်ဆောင်းပါးများလည်းရေးသားခဲ့သည်။

လမ်းစဉ်ပါတီဌာနချုပ်၏ ပါတီမော်ကွန်းတိုက်နှင့် စာကြည့်တိုက်တွင် စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**နေရပ်လိပ်စာ။ ။ အမှတ်-၁၆၃/၁၆၉၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။**



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးဦးသော်ဇင် (ဦးသော်ဇင်- သီဟဗလ)

၁၂၆၉ ခုနှစ် ပြာသိုလဆန်း (၈) ရက် (၁၀-၁-၁၉၀၈) ရက်တွင် သထုံမြို့နယ်၊ ဇင်းမသွယ်ကျေးရွာသူကြီး ဦးဖိုးသင်း၊ ဒေါ်သိန်းခင်တို့မှ မွေးဖွားခဲ့သည်။

၁၉၂၅ခုတွင် မြင်းပွဲအငယ်တန်းစာရေးအဖြစ် ၂ နှစ်လုပ်ကိုင်ခဲ့ပြီးနောက် ၁၉၂၈ခုတွင် ရန်ကုန်စာတိုက်ကြီးတွင် စာရေးအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၃၀တွင် 'မြန်မာအမျိုးသားများစာတိုက်အစည်းအရုံး' (All Burma Postal League)တွင် တွဲဖက်အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုတွင် သခင်မြ (ကွယ်လွန်သူ-အာဇာနည်ခေါင်းဆောင်ကြီး) ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော 'မြန်မာပြည်စာတိုက် အစည်းအရုံး' (All Burma Postal Union) တွင် တွဲဖက်အတွင်းရေးမှူး အဖြစ်ဆောင်ရွက်ခဲ့သည်။

၁၉၃၉ ခုနှစ်တွင် 'မြန်မာပြည်ကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဖွဲ့ချုပ် (Burma Strength and Health League) မှ ဘဝသစ်စာစောင် (New Life) (အင်္ဂလိပ်/မြန်မာ) နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့ရာ ကာယဗလဆောင်းပါးများ စတင်ရေးသားကာ စာပေနယ်သို့ရောက်ရှိခဲ့သည်။

၁၉၃၇ ခုနှစ်တွင် 'သီဟဗလ' အလေးမအသင်းကို စတင်တည်ထောင်သဖြင့် ဦးသော်ဇင် (သီဟဗလ)အမည်ကို ခံယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၄၆ ခုနှစ်တွင် 'မြန်မာပြည်အလေးမအသင်း'ကို စတင်တည်ထောင်ရာ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ 'မြန်မာပြည် အိုလံပစ်အသင်း' (Burma Olympic Association) စတင် ဖွဲ့စည်းရာတွင် တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၄၆ ခုနှစ်မှ ၁၉၄၉ အထိ ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ ခုနှစ်၊ လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်အဖြစ် လိုက်ပါခဲ့သည်။ ၁၉၅၇ တွင် မြန်မာအလေးမအဖွဲ့အုပ်ချုပ်သူ နည်းပြဆရာအဖြစ် 'ကမ္ဘာအလေးမတံခွန်စိုက်ပြိုင်ပွဲ'သို့ သွားရောက်ခဲ့ရသည်။

၁၉၆၁ အရှေ့တောင်အာရှဒေသမှ ပထမဆုံးအပြည်ပြည်ဆိုင်ရာအလေးမအဖွဲ့ချုပ်၏ အလေးမဒိုင်လူကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။ ၁၉၆၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ အဆင့်အမြင့်ဆုံး ဒိုင်လူကြီးအဆင့်(၁)အဖြစ် ထပ်မံအသိအမှတ်ပြုခြင်းခံခဲ့ရသည်။ မြန်မာအလေးမအားကစား တိုးတက်ရေးအတွက် 'ခေတ်သစ်အလေးမ'စာအုပ်ကို ၁၉၇၀တွင် ရေးသားပြီးစီးသဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာနသို့ လှူဒါန်းခဲ့ရာ ၁၉၇၃၊ နိုဝင်ဘာလတွင် ထုတ်ဝေခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့် ချီးမြှင့်ခြင်းခံခဲ့ရသည်။

နိုင်ငံတကာ အားကစားပြိုင်ပွဲအတွေ့အကြုံများ၊ ကာယဗလနည်းစနစ်များနှင့် ကျန်းမာရေးအထောက်အကူပြု ဆောင်းပါးများကို ဘဝသစ် (New Life) စာစောင်မှနေ၍ ၁၉၃၉ မှ ၁၉၄၁ အထိ ရေးသားခဲ့သည်။ စစ်ပြီးခေတ်နောက်ပိုင်းတွင် (ဦးကြင်စွမ်-ထားဝယ်) ထုတ်ဝေသည့် ကာယဗလစာစောင်၊ ထို့နောက် သင့်ဘဝမဂ္ဂဇင်း၊ ဂျာနယ်ကျော်၊ ရှေ့သို့၊ အား/ကာနှင့် တံခွန်စာစောင်များတွင် ဦးသော်ဇင် (သီဟဗလ) အမည်ဖြင့် ဆောင်းပါးများစွာရေးသားခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် အမျိုးသား စာပေဆု (အသုံးချသိပ္ပံဘာသာရပ်)ကို 'ယနေ့ခေတ်မီ အလေးမနည်းစနစ်များ' စာအုပ်ဖြင့် ရရှိခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် ၂၀၊ ဘောဂသိဒ္ဓိလမ်း၊ (ဦးရေခဲလမ်းထိပ်)၊ ၂ ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်မြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးသန်းဦး (ရွှေဥဩ)

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ ကတုပ်ဘုရားကြီးကျေးရွာ၌ အဘ ဆေးဆရာကြီး ဦးမင်းနောင်၊ အမိဒေါ်သင်းတို့မှ ၁၂၈၀-ပြည့်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (၂၄-၁၁-၁၉၁၈) နေ့တွင် မွေးဖွားသည်။

သာမဏေဘဝနှင့်တစ်ဆက်တည်း ပရိယတ္တိစာပေများ သင်ကြား ဖြေဆိုခဲ့ရာ၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးအောင်ပြီး၊ အင်္ဂလိပ် လက်ထက် (ပထမဆုံးပထမကျော်) ဆရာတော် ဦးကေတု (အဂ္ဂမဟာ ပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝနှင့် မူလဓမ္မာစရိယအဖြစ် စာချခဲ့သည်။

ဂျာနယ်ကျော်နှင့် ဟံသာဝတီသတင်းစာတွင် ဆောင်းပါးများ ရေးခဲ့သည်။ ဂျပန်အုပ်စိုးသော ၁၉၄၂-၄၃-၄၄-ခုနှစ်များတွင် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းတွင် 'ဒိုက်အိချိ-နိပွန်ဂတ်ကောကျောင်း' ၌ ကျောင်းထွက်လက်မှတ်ရသည်အထိ ဂျပန်စာကို ရဟန်းဘဝနှင့် သင်ခဲ့သည်။ အင်္ဂလိပ်စာကိုလည်း အလွတ်သင်ကြားခဲ့သည်။

အသက် ၃၅ နှစ်အရွယ်တွင် လူ့ဘောင်သို့ပြောင်း၍ ၁၉၅၁- ခုနှစ်မှစ၍ ရန်ကုန်နေ့စဉ်သတင်းစာ အထူးထုတ်များ၌ ကဗျာများ



www.burmeseclassic.com

www.burmeseclassic.com

ကို စတင်ရေးသားခဲ့သည်။ ယင်းနောက် ဟံသာဝတီ၊ ပြည်ထောင်စု နေ့စဉ်၊ မြန်မာ့အလင်း၊ ဗမာ့ခေတ်၊ ထွန်းနေ့စဉ်၊ အထောက်တော်၊ မဏ္ဍိုင်၊ အိုးဝေ၊ ဗိုလ်တထောင်နှင့် လုပ်သားပြည်သူ့သတင်းစာများ တွင် ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။

၁၉၅၆-ခုနှစ်မှ ၁၉၇၆-ခုနှစ်အထိ ဒေးလီဂေဇက်ပုံနှိပ်တိုက်တွင် စာပြင်ဆရာနှင့် တွဲဖက်စာတည်းမှူးအဖြစ် လုပ်ကိုင်ခဲ့သည်။ ယင်း တိုက်မှ ထုတ်ဝေသော 'ဒို့တိုင်းပြည်ဂျာနယ်နှင့် ဥက္ကလာစာစောင်' များတွင် စာတိုက်ခန်း၊ ကဗျာခန်း၊ ဆောင်းပါးခန်းများကို တာဝန်ယူ လုပ်ကိုင်ခဲ့ သည်။

ယင်းကာလအတွင်းမှာပင် ခွဲထားသတ်ပုံကျမ်း၊ မြွေဆေးလမ်း ညွှန်နှင့် ကုနည်းပဒေသာ၊ လက်တွေ့အနာကုနည်း၊ တိရစ္ဆာန်မွေးမြူ စောင့်ရှောက်နည်း၊ ဗုဒ္ဓ၏မဂ်ခရီးလမ်းညွှန်၊ တစ်ချိန်က ထင်ရှားသော ပုဂ္ဂိုလ်ကြီးများ၊ ပါဠိသက် အဘိဓာန်၊ မြန်မာ့စာဆိုတော်များ၊ သမိုင်းဝင် ပုဂ္ဂိုလ်ကြီးများ စသည့်စာအုပ်များရေးသားခဲ့သည်။

**နေရပ်လိပ်စာ။** ။စိုက်ပျိုးမွေးမြူရေးရုံးချုပ်၊ ၉ မိုင်၊ ၄ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာမကြီးဒေါ်ခင်သိန်း

ဧရာဝတီတိုင်း၊ ဖျာပုံခရိုင် ကျိုက်လတ်မြို့တွင် (၁၂၈၁ ခု၊ သီတင်းကျွတ်လ)တွင် အဖ ဦးလှအောင်၊ အမိ ဒေါ်ကြင်မေတို့မှ မွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် ကျိုက်လတ်မြို့၊ အမျိုးသားကျောင်းတွင် ပညာသင်ယူခဲ့သည်။ ၁၉၃၄ ခုတွင် ဆယ်တန်းအောင်မြင်သည်။

၁၉၃၄ ခု၌ ရန်ကုန်ယူနီဗာစီတီကောလိပ်တွင် ပညာသင်ယူခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ပါဠိဘာသာဝိဇ္ဇာဂုဏ်ထူးတန်းကို ဒုတိယတန်း (ပထမဆင့်)ဖြင့် အောင်မြင်ကာ ဘီအေဂုဏ်ထူးဘွဲ့ကို ရရှိခဲ့ပါသည်။

၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပါဠိဌာနသို့ အချိန်ပြည့်နည်းပြဆရာမအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။ မဟာဝိဇ္ဇာဂုဏ်ထူးတန်းကို ၁၉၅၀ ပြည့်နှစ်တွင် အောင်မြင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အရှေ့တောင်တိုင်း ယဉ်ကျေးမှုဘာသာရပ်ကို ထပ်မံတိုးချဲ့သင်ကြားရန် ချဲ့ထွင်ရာ၌ ကထိကအဖြစ် တာဝန်တိုးမြှင့်ပေးခဲ့ပါသည်။ ထိုနှစ်တွင်ပင် အမေရိကန်နိုင်ငံ ယေးလ်တက္ကသိုလ်တွင် အရှေ့တောင်အာရှတိုင်းပြည်များ၏ ယဉ်ကျေးမှုဘာသာကို သင်ယူရသည်။

၁၉၅၉ ခုနှစ်တွင် ယေးလ်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကိုရရှိခဲ့သည်။ ဘာသာစာ၊ စကားများကို ဝါသနာပါသဖြင့် ယေးလ်တက္ကသိုလ်



www.burmeseclassic.com

တွင်ရှိစဉ် ဂျာမန်ဘာသာကိုလည်း သင်ယူခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ရုရှားဘာသာ (ညနေ) သင်တန်းကို တက်ရောက်ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာ (ပါဠိ) ဌာန၌ အမှုထမ်းနေစဉ် ပါဠိသဒ္ဒါစာအုပ်ကို ပြုစုခဲ့သည်။ ပညာပဒေသာစာစောင်တွင်လည်း ဓမ္မပဒကျမ်း၊ ပါဠိစာပေလာဆောင်ပုဒ်များ၊ စကားပုံများကို ရေးသားခဲ့သည်။ အရှေ့တောင်တိုင်းယဉ်ကျေးမှုနှင့် သက်ဆိုင်သည့် စာပေများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာပေဆိုင်ရာ ဘုရားရုပ်တုတော်သမိုင်း၊ ဗုဒ္ဓ၏ ဥဏှီသသိသ (ဦးခေါင်းတော်) စသည့် စေတီပုထိုးဆိုင်ရာ သမိုင်းကြောင်းတို့ကို ပြုစုရေးသားခဲ့သည်။

၁၉၇၉ ခုနှစ်တွင် သက်ပြည့်ပင်စင်ယူခဲ့သည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ မြတ်မင်္ဂလာ၊ မင်္ဂလာမောင်မယ်တို့တွင် ဆောင်းပါးများရေးသားခဲ့သည်။ ဦးဝင်းမောင် (မင်းယုဝေ) ရေးသားထုတ်ဝေခဲ့သည့် ဗုဒ္ဓဝင်ကျမ်းစာအုပ်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့သည်။

**နေရပ်လိပ်စာ** - ခြံအမှတ် ၁၁၆ (စီ)၊ သီရိမင်္ဂလာလမ်း၊ (၈) မိုင်၊
အမှတ် (၄) ရပ်ကွက်၊ မရမ်းကုန်း၊ ရန်ကုန်။



www.burmeseclassic.com

www.burmeseclassic.com



## ဆရာကြီး ဒေါက်တာ မောင်မောင်ခ B.Sc. (Hons) M.Sc.Ph.D

၁၂၈၁ ခုနှစ် နတ်တော်လဆန်း (၄) ရက် (၂၅-၁၁-၁၉၁၉) တွင် မွေးဖွားသည်။ မော်လမြိုင်မြို့နှင့် ရန်ကုန်မြို့တွင် ပညာသင်ခဲ့ပြီး၊ ၁၉၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်၌ ရူပဗေဒကို ဂုဏ်ထူးနှင့် အောင်မြင်၍ ၁၉၃၉ ခုနှစ်တွင် U.K London မြို့ Imperial College of Science and Technology ၌ ပညာဆက်လက်သင်ယူခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် M.Sc နှင့် Ph. D ဘွဲ့များ ရရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း India နိုင်ငံ Poona မြို့တွင် ပညာဆက်လက်ဆည်းပူးခဲ့သည်။ ၁၉၄၆-၁၉၄၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ရှိ ရူပဗေဒဌာန၌ ပါမောက္ခဖြစ်လာခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ဒေါ်ခင်စိုးတင်နှင့် အိမ်ထောင်ပြုပြီး ရူပဗေဒ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ရင်း Phi-Beta-Kappa Alumni Scholarship ရရာ Nuclear Physics နှင့် Physics Laboratory Organisation များ လေ့လာဆည်းပူးရန် University of California at Los Angeles (U.C.L.A) ကိုသွားရသည်။

၁၉၆၃ မှ ၁၉၇၇ အထိ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်



www.burmeseclassic.com

www.burmeseclassic.com

တာဝန်ကို ထမ်းဆောင်ခဲ့သည်။ စာပေးစာယူသင်တန်း (ယခုအဝေးသင်တက္ကသိုလ်)ဌာနဖွင့်ပြီး၊ ဝိဇ္ဇာ၊ ဥပဒေ၊ စီးပွားရေးနှင့် သိပ္ပံစာပေးစာယူသင်တန်းများ စဖွင့်ခဲ့ရာ ၎င်းဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် ၁၉၇၈ ခုနှစ်အထိ လုပ်ဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့သည်။

မြန်မာအစိုးရက Atomic Energy Centre ဖွင့်လှစ်လျက်ရှိရာ ၎င်းဌာနတွင် Chief Consultant အဖြစ် ဆောင်ရွက်ခဲ့သည်။ Peaceful Uses of Atomic Energy Conference ကို တက်ရောက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်ရူပဗေဒဌာနခွဲ၌ ပါမောက္ခအဖြစ် ထမ်းဆောင်စဉ်ကာလတွင် Nuclear Physics and Electronics Laboraties များဖွင့်ခဲ့ပါသည်။

Acoustic (အသံ) မြန်မာ့ပတ္တလား(The Burmese Xylophone)နှင့် မြန်မာ့စောင်းကောက်များကို ကျောင်းသားများနှင့်အတူတူ သုတေသနဆောင်ရွက်ခဲ့ပြီး သုတေသနစာတမ်းတင်သွင်းခဲ့သည်။

ဆရာကြီးရေးသားပြုစုသော စာပေများမှာ -

(၁) အထက်တန်းများအတွက် ရူပဗေဒကျောင်းသုံးစာအုပ် (Physics Text Book)

(၂) ဒုတိယနှစ်တက္ကသိုလ် ရူပဗေဒကျောင်းသုံးစာအုပ်

(၃) အနုမြူစွမ်းအင် ဆောင်းပါး/သုတေသနစာစောင်

(၄) မြန်မာ့ပတ္တလား၊ ဂီတအသံနှင့် မြန်မာ့စောင်းကောက်များစာတမ်း

(၅) မဟာသိပ္ပံကျမ်းပြုစာပေများစွာကို စိစစ်တည်းဖြတ်ပေးခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၅၅)၊ ရွှေနှင်းဆီ (၆)လမ်း၊ မရမ်းကုန်းမြို့နယ်၊



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးသီရိဘုန်းထွန်း (သီရိဘုန်းထွန်း)

၁၂၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၄ ရက် (၄-၁-၁၉၁၉)တွင် ဖွားမြင်ပြီး မွေးချင်း (၃) ယောက်အနက် အကြီးဆုံးဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၈ ခုနှစ်အထိ အိန္ဒိယနိုင်ငံဗာရာဏသီ၊ ဟိန္ဒူတက္ကသိုလ်တွင် သက္ကတဘာသာနှင့် ဗုဒ္ဓအဘိဓမ္မာကို အထူးပြု သင်ယူခဲ့သည်။ အိန္ဒိယနိုင်ငံမှ ဝိဇ္ဇာဘွဲ့ကို ရယူခဲ့သည်။

၁၉၅၁ ခုနှစ်မှစ၍ ပြည်တော်သစ်မဂ္ဂဇင်း၊အားသစ်မဂ္ဂဇင်းတို့တွင် စာပေနှင့် ပန်းချီကို သီရိဘုန်းထွန်း အမည်ဖြင့် ရေးသားခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် တိုင်းရင်းဆေးပညာကိုအထူးဦးစားပေး၍အနောက်တိုင်းဆေးပညာနှင့်အရှေ့တိုင်းဆေး၊ဒေသနာနယဆေးများကိုလက်တွေ့ ကုသစီမံဖော်စပ်ပြီး မဟာဝိဇ္ဇာမိုရ်ဟူသောအမည်ဖြင့် ဆေးတိုက်ဖွင့်ခဲ့သည်။

တိုင်းရင်းဆေးပညာမဂ္ဂဇင်းတွင် ဆေးဆောင်းပါးများကို ရေးသားလျက်ရှိပြီး မြန်မာနိုင်ငံအဘိဓမ္မာ ဒေသနာနယဆေးပညာရှင်များအဖွဲ့ချုပ်ကိုတည်ထောင်၍ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ မှော်ဘီမြို့နယ်တွင်လည်း မှော်ဘီဆရာသိန်း ဗိမာန်တည်ဆောက်ရေးကော်မတီဝင်၊မှော်ဘီဆရာသိန်း စာမူထိန်းသိမ်းရေးကော်မတီနာယကနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယကအဖြစ် ဆောင်ရွက်ဆဲဖြစ်ပါသည်။

**နေရပ်လိပ်စာ** - အမှတ် (၂၇)၊ ကဖ (၁) ဗဟိုလမ်းမကြီး၊ မြို့မ (၄) ရပ်ကွက်၊ တိုးချဲ့မြို့သစ်၊ မှော်ဘီမြို့။



www.burmeseclassic.com



# ဆရာကြီး ဗိုလ်မှူးချုပ်ခင်အုန်း (ငြိမ်း)
# (သုတေသီ ရာမညကိုကိုနိုင်)

၁၂၈၄ ခု၊ တန်ခူးလပြည့်ကျော် ၆ ရက် (၁၇-၄-၁၉၂၃) တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၌ အဖ ဦးအုန်းဖေ၊ အမိ ဒေါ်ခင်မြင့် တို့မှ မွေးဖွားသည်။ မွန်ပြည်နယ်၊ သထုံမြို့ အထက်တန်းကျောင်းတွင် စစ်ကြိုခေတ်က အင်္ဂလိပ်-မြန်မာ ဆယ်တန်းအထိ ပညာသင်ယူ ခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ ကာကွယ်ရေးတပ်မတော်နှင့် လက်ရှိမြန်မာတပ်မတော်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ဗိုလ်မှူးချုပ် အဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။ တပ်မတော်မော်ကွန်းဝင် ပထမဆင့်၊ တိုက်ပွဲဝင်နှင့် စစ်မှုထမ်းကောင်းတံဆိပ်များနှင့် နိုင်ငံဂုဏ်ရည် ပထမ ဆင့်တို့ ချီးမြှင့်ခြင်းခံရသည်။ အစိုးရအဖွဲ့တွင် ဝန်ကြီး၊ ပြည်သူ့တရား သူကြီးအဖွဲ့ဝင်၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်တာဝန်များ ထမ်း ဆောင်ခဲ့သည်။

ပန်းချီ၊ ပန်းပုနှင့် ဂီတသုခုမပညာရပ်များအပြင် မြန်မာစာပေကို ပါ လေ့လာလိုက်စားခဲ့သည်။ ဝတ္ထုတိုများ၊ ယဉ်ကျေးမှုနှင့်ပန်းချီ၊ ပန်းပု၊ ဂီတအနုပညာဆိုင်ရာ ဆောင်းပါးများကို ရေးသားဆဲဖြစ်သည်။ “အမွေခံထိုက်သော မြန်မာ့ပန်းပုပညာ”၊ “မြန်မာ့စောင်း”စာအုပ်ရှိ။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ 'ရှေးကမြန်မာ့စောင်းပညာရှင်များနှင့် စောင်းဝေါဟာရ' စာအုပ်များအပြင် '၁၉၄၅ခုနှစ်၊ ဖက်ဆစ်ဝါဒီများကို တော်လှန်တိုက်ခိုက်ခဲ့စဉ်က' စာအုပ်ကိုလည်း ဗိုလ်မှူးချုပ်ခင်အုန်း အမည်ဖြင့် ရေးသားခဲ့သည်။

၁၉၈၅ ခုနှစ်တွင် အမျိုးသားစာပေဆု (မြန်မာယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ)ကို 'မြန်မာ့စောင်း သိကောင်းစရာနှင့် တတ်ကောင်းစရာ' စာအုပ်ဖြင့် ရရှိခဲ့ပြီး ၂၀၀၀ ခုနှစ် အမျိုးသားစာပေဆု (မြန်မာယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ) ကို 'မြန်မာ့ရုပ်သေးနှင့် ရုပ်သေးပန်းပု ရုပ်ထုပညာ သိကောင်းစရာ' စာအုပ်ဖြင့် ဆွတ်ခူးရရှိခဲ့သည်။ ၂၀၀၁ ခုနှစ် စာပေဗိမာန်စာမူပြိုင်ပွဲတွင် "စစ်ပါရဂူနှင့် ကဗျာ့ဝိဒူ" စာမူဖြင့် စာပဒေသာပထမဆုရခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၁၄)၊ မေခလမ်း၊ (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။



www.burmeseclassic.com



# ဆရာကြီး ဦးတင်မောင် (သိပ္ပံမျိုးတင်)

မန္တလေးတိုင်း၊ မိုးကုတ်မြို့တွင် အဘဦးလေးမောင်၊ အမိ ဒေါ်စောမေတို့မှ ၁၂၈၂ခုနှစ်၊ကဆုန်လပြည့်ကျော် ၇-ရက် (၂၄-၅-၁၉၂၄) ရက်တွင် ဖွားမြင်သည်။ အိန္ဒိယနိုင်ငံ စစ်အင်ဂျင်နီယာ ဒီဂရီကောလိပ်သို့ တက်ရောက်သင်ကြားအောင် မြင်ခဲ့သည်။ ၁၉၆၅ ခုနှစ်၊နိုဝင်ဘာလ'လုပ်သားပြည်သူ့နေ့စဉ်'သတင်းစာတွင်'အိခေယကေခိ' ကြယ်တံခွန်ဆောင်းပါးရေးခဲ့သည်မှ စာပေလောကသို့ စတင်ဝင်ရောက်သည်။ ယနေ့ သိပ္ပံမဂ္ဂဇင်းအမှတ် ၁-၂-၃-၄-၅ တွင် နေနှင့်လူသား၊ ဒိုင်နိုဆောများအကြောင်း ဆောင်းပါးများရေးခဲ့သည်။ နိုင်ငံတော်မှ ချီးမြှင့်သော လွတ်လပ်ရေး မော်ကွန်းဝင်ပထမဆင့်၊ နိုင်ငံဂုဏ်ရည် ပထမဆင့်ကို ရရှိခဲ့ပြီး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၁၉၉၁ ခုနှစ် 'ဆေးလိပ် (သို့မဟုတ်) ကျန်းမာရေး'တံဆိပ်ကို လက်ခံရရှိခဲ့သည်။ မရမ်းကုန်းမြို့နယ် စာပေလုပ်သားအဖွဲ့ဝင်ဖြစ်ခဲ့ပြီး ယခုမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယကအဖြစ် ဆောင်ရွက်လျက်ရှိသည်။

၁၉၆၅ ခုနှစ်အထိ တပ်မတော်တွင် ဗိုလ်မှူးရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၉ မှ ၁၉၇၅ ခုနှစ်အထိ ပို့ဆောင်ရေးကိုယ်စားလှယ်ကော်ပိုရေးရှင်းတွင် ဦးဆောင်ညွှန်ကြားရေးမှူး



www.burmeseclassic.com

www.burmeseclassic.com

အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှ ယနေ့အထိ သိပ္ပံမဂ္ဂဇင်းတွင် ထုတ်ဝေသူ၊စာတည်းမှူးချုပ်၊ ပင်တိုင်ဆောင်းပါးရှင် အဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ စာပေဟောပြောပွဲများနှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဟောပြောဆွေးနွေးခဲ့သည်။

၁၉၆၅ ခုနှစ်မှစ၍ ရေးသားခဲ့သော ဆေးလိပ်အန္တရာယ်နှင့် စပ်လျဉ်းသည့် မြန်မာ၊ အင်္ဂလိပ် ဆောင်းပါးများကို ကမ္ဘာ့ကျန်းမာရေး အဖွဲ့အဆင့်မီ ဆေးသိပ္ပံဆောင်းပါးများအဖြစ် ၁၉၉၁ခုနှစ်တွင် ဆေးသိပ္ပံစာပေဆုချီးမြှင့်ခံခဲ့ရသည်။ ကလောင်အမည် သိပ္ပံမှူးတင် သာမက မှူးသစ္စာ၊ ကျော်ကိုကို၊ အေးငြိမ်း၊ အောင်မြတ်ကျော်၊ အာကာမှူး၊ အဏ္ဏဝါအေး၊ စိုက်ပျိုးမောင် ကလောင်ခွဲ အမည်များဖြင့် လည်း စာပေများရေးသားခဲ့သည်။

**နေရပ်လိပ်စာ**။ ။အမှတ်-၄၅(အယ်)၊ ၇ မိုင်ခွဲ၊ တေးနုယဉ်လမ်းသွယ်၊
ပြည်လမ်း (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၆၆၀၇၀၈။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးစဝ်ထွန်းမှတ်ဝင်း
# (အရှင်ဝဏ္ဏဓဇသီရိ)

ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေနယ်၊ မိုင်းသောက်မြို့၌ အဖဦးငေါ်ရာ(ခ)စဝ်စံလှိုင်၊ အမိဒေါ်နန်းဌေး(ခ)ဒေါ်ဌေးဌေးတို့မှ ၁၂၈၇-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၉)ရက်နေ့ (၁၂-၈-၁၉၂၅)ရက်တွင် ဖွားမြင်ခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ၁၉၅၂-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဂုဏ်ထူးတန်း၊ ၁၉၅၄-ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့နှင့် ၁၉၅၉-၆၀ခုနှစ်တွင် အောက်စဖို့ဒ်တက္ကသိုလ်မှ မဟာဝိဇ္ဇာဂုဏ်ထူးဘွဲ့နှင့် ၁၉၆၁-၆၂ခုနှစ်တွင် ဟားဗဒ်ဒစ်ဗင်းနီတီတက္ကသိုလ်မှ အထက်တန်း သုတေသနပညာရှင်ဘွဲ့ ရရှိခဲ့သည်။

နည်းပြဆရာ၊ ဌာနမှူး၊ ကထိက၊ ဌာနမှူး၊ သုတေသနဌာနမှူး၊ တတိယ သုတေသနညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်(တွဲဖက်) အစရှိသည်ဖြင့် အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့ကာ ၁၉၈၆-ခုနှစ်တွင် အငြိမ်းစား

www.burmeseclassic.com

www.burmeseclassic.com

ယူခဲ့ပြီး ၁၉၈၇-ခုနှစ်တွင် သာသနာရေးဝန်ကြီးဌာန အကြံပေးပညာရှင် ၊၁၉၉၅-ခုနှစ်တွင် သာသနာရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် မဟာဌာနမှူး၊ ၂၀၀၀-ပြည့်နှစ်တွင် မြန်မာနိုင်ငံ သမိုင်းကော်မရှင်အဖွဲ့ဝင်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။

ဘာသာရေး ကျမ်းစာအုပ်များ (အင်္ဂလိပ်ဘာသာဖြင့်) ၁၅-အုပ်နှင့် အခြားကျမ်းနှင့် သမိုင်းစာအုပ်(၁၅)အုပ် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ 'ဓမ္မစကြာမြို့တော်ကြီးနှင့် တရားဦး'စာအုပ်မှာ တက္ကသိုလ် အနုပညာ ပထမဆုရစာအုပ်ဖြစ်ပြီး 'သုတေသနပြုစုနည်း အမျိုးမျိုး' စာအုပ်မှာ ၁၉၆၈ ခုနှစ်တွင် 'အမျိုးသား စာပေဆု'ရရှိခဲ့သည်။

**နေရပ်လိပ်စာ။ ။ အမှတ်-၂၉(စ)၊ ရေစက်လမ်း၊ ကမ္ဘာအေး (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။**



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးမောင်စိုး (ပွင့်လင်း)

၁၂၈၃ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၁)ရက် (၁၀-၁၁-၁၉၂၁) နေ့တွင် ပိန်းဇလုတ်မြို့တွင် အဖဦးတိုးစု၊ အမိဒေါ်မမတို့မှ မွေးဖွားသည်။ ပိန်းဇလုတ်အလယ်တန်းကျောင်း၊ ညောင်လေးပင်အထက်တန်းကျောင်း တို့တွင် ပညာသင်ကြားခဲ့သည်။

၁၉၄၅ခုနှစ် ဖက်ဆစ်တော်လှန်ရေးကာလ၌ဆက်သွယ်ရေး၊ ထောက်လှမ်းရေး၊ စည်းရုံးရေးတာဝန်များကို ညောင်လေးပင်မြို့၌ ထမ်းဆောင်ခဲ့သည်။ ၁၉၄၈တွင် ရန်ကုန်မြို့သို့ပြောင်းရွှေ့ခဲ့ပြီး၊ ၁၉၅၂မှ ၁၉၈၂ခုနှစ်အငြိမ်းစားယူသည်အထိ ယခင်အလုပ်သမားဘုတ် အဖွဲ့ (ယခုဆိပ်ကမ်းကော်ပိုရေးရှင်း)တွင်အချိန်မှူးချုပ်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၈-၄၉ခုနှစ် ဂျာနယ်ကျော်စာစောင်တွင် (စာပေစိုး)အမည်ဖြင့်လည်းကောင်း၊ ရှုမဝ၊ သွေးသောက်၊ စုံထောက်မဂ္ဂဇင်းများတွင် (ပွင့်လင်း)အမည်ဖြင့်လည်းကောင်း ဝတ္ထုတိုနှင့် ဆောင်းပါးများရေးသားခဲ့သည်။ဂျာနယ်ကျော်မမလေး ဥက္ကဋ္ဌ၊ လင်းယုန်နီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သောစာပေအသင်း၌ (၁၉၅၀-၅၁) အသင်းဝင်ဖြစ်ခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ်၈၂/၅၆၊စက္ကဝတ်၆လမ်း၊မြောက်ဥက္ကလာပ



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးရဲလွင် (သင့်ဘဝဦးရဲလွင်)

၁၂၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ (၂၇-၉-၁၉၂၂)၌ ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့တွင် အဖ ဦးရွှေအေး၊ အမိ ဒေါ်ဖွားခင်တို့မှ မွေးဖွားသည်။

ဒေါင့်ကျေးရွာ ဆရာဦးထွန်းတင်ကျောင်း၊ ညောင်တုန်း အင်္ဂလိပ် အလွတ်ပညာသင်ကျောင်းတို့တွင် ပညာဆည်းပူးခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဒုလ္လဘရဟန်းခံ၍ အခြေခံပိဋကတ်စာပေများ သင်ယူခဲ့သည်။

၁၉၄၃ ခုနှစ်တွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို ပခုက္ကူနည်းဖြင့် ကျမ်းကြီးပေါက်သင်ယူခဲ့ပြီး မြောင်းမြဆရာတော်လောင်းလျာ ဦးဉာဏိကထံတွင် ပါဠိ၊ ဟိန္ဒီ၊ သက္ကတ၊ မြန်မာကဗျာရေးနည်းများ ဆည်းပူးလေ့လာခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် “သုံးထပ် လက်ျာ” လက်ရေးမဂ္ဂဇင်းကို ဦးစီးထုတ်ဝေပြီး ၁၉၄၇ခုနှစ်တွင် ဒဂုံမဂ္ဂဇင်းနှင့် အခြားဂျာနယ်များတွင် ကဗျာများ စတင်ရေးသားခဲ့သည်။ ၁၉၅၁ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည်။ ၁၉၅၃ ခုနှစ်တွင် လူဝတ်လဲ၍ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားသည်။



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တက္ကသိုလ်တွင် ပါဠိအသင်းအတွင်းရေးမှူး/ဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်ကာ ပါဠိအသင်းမဂ္ဂဇင်းကို ပါဠိ၊ အင်္ဂလိပ်၊ မြန်မာ သုံးဘာသာဖြင့် ၁၉၅၄ မှ ၁၉၅၈ ထိ သုံးတွဲထုတ်ဝေခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် "လွင်" တက္ကသိုလ်ဝင်ကျောင်းအမည်ဖြင့် ကိုယ်ပိုင်ကျောင်းဖွင့်ခဲ့သည်။ "တက္ကသိုလ်မောင်ရဲလွင်" အမည်ဖြင့် သင့်ဘဝမဂ္ဂဇင်းတွင် "စာဖတ်ခြင်းဖြင့် သင့်ဘဝကို မြှင့်တင်လော့" ဆောင်းပါးရေးသားပြီး ၁၉၅၈ ခုနှစ်တွင် သင့်ဘဝမဂ္ဂဇင်း၌ တာဝန်ခံအယ်ဒီတာဖြစ်လာသည်။

မောင်ဝိုင်း၊ မောင်လူအေး၊ ကြီးကြီးမေ၊ သစ်ဆန်းယဉ်၊ နယ်လှည့်အယ်ဒီတာ၊ မောင်လေ့လာ၊ မောင်သိပ္ပံ၊ ဟာသမောင်ကလောင်ခွဲအမည်များဖြင့် ဆောင်းပါးများစွာ ရေးခဲ့သည်။ ကမ္ဘာအေးသံဃာ့တက္ကသိုလ်အုပ်ချုပ်ရေးအရာရှိ၊ ကမ္ဘာ့ ဗုဒ္ဓဘာသာ သာမဂ္ဂီအဖွဲ့ချုပ်တွင် အုပ်ချုပ်ရေးမှူး တာဝန်များထမ်းဆောင်ခဲ့သည်။ အုပ်ချုပ်ရေးမှူးဘဝတွင် နိုင်ငံတကာ ဗုဒ္ဓဘာသာသတင်းစာတစ်စောင်ကို အင်္ဂလိပ်ဘာသာဖြင့် လစဉ် ထုတ်ဝေသည်။ ၁၉၆၃ခုနှစ်တွင် အမေရိကန်ပြန်ကြားရေးဌာန၌ ဘာသာပြန်လုပ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှစ၍ စွယ်စုံကျမ်းနှစ်ချုပ်တွင် ဆောင်းပါးများရေးသားကာ ၁၉၈၄ ခုနှစ်တွင် လင်းရောင်ခြည် မဂ္ဂဇင်းအယ်ဒီတာချုပ်တာဝန်မှ အငြိမ်းစားယူခဲ့သည်။ မဂ္ဂဇင်း၊ ဂျာနယ်များတွင် စာပေများ ဆက်လက်ရေးသားလျက်ရှိသည်။

**နေရပ်လိပ်စာ** - အမှတ် (၅၈)၊ ရော (၇) လမ်း၊ ည - ရပ်ကွက်၊ မြောက်ဥက္ကလာပ။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးသန်းရှိန် (အောင်ကျော်မင်း)

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာတွင် အဖဦးတင့်၊ အမိဒေါ်အိမ်ကြွယ်တို့မှ ၁၂၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက် (၂၂-၅-၁၉၂၄)နေ့တွင် မွေးဖွားသည်။ အသက် ၂၇နှစ်တွင် ရန်ကုန်မြို့ထုတ် ပေါ်ပြူလာကာတွန်းမှ စ၍ စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ရုပ်ရှင်ပဒေသာမဂ္ဂဇင်းတွင် အောင်ကျော်မင်း အမည်ဖြင့် ဝတ္ထု၊ ဆောင်းပါးနှင့် ကဗျာများရေးသားခဲ့သည်။ ငွေတာရီ၊ ရှုမဝ၊ နဝဒေးမဂ္ဂဇင်းများတွင် ဆက်လက်ရေးသားပြီး စစ်ပြန်မဂ္ဂဇင်းတွင် ၁၆ နှစ်ကြာမျှ စာပြင်အဖြစ် လုပ်ကိုင်ခဲ့သည်။ 'ဗုဒ္ဓဝါဒ-ဗုဒ္ဓသာသနာ'၊ 'ဗုဒ္ဓခေတ် ပြဿနာများ'၊ 'မိလိန္ဒ အမေးအဖြေ' စာအုပ်များကို ဦးကောင်းထွန်းအမည်ဖြင့် ရေးသားထုတ်ဝေခဲ့သည်။ ယခုအခါ 'နေမင်းကွယ်ချိန် လသာချိန် ' သို့မဟုတ် 'သာမညဖလသုတ်တော်နှင့်အဇာတသတ်'၊ 'ဓမ္မကထာ မိလိန္ဒပဥှာ'၊ 'တရားစစ်သူကြီး အရှင်ဥတ္တမကျော်နှင့် ရွှေနေလူမော် ခံတော်မောင်ကျဘမ်း' စာအုပ်များကို ထုတ်ဝေရန် စီစဉ်လျက် ရှိသည်။ 'ဦးပေါ်ဦး၏ ဟာသပဒေသာ မြတ်ပညာ' စာအုပ်ကို ဒုတိယအကြိမ်အဖြစ် ထုတ်ဝေခဲ့သည်။

**နေရပ်လိပ်စာ။** ။အမှတ်-၂၃၄၊ ဥက္ကာ ၈-လမ်း၊ ၈-ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးလေးမြိုင် (လေးမြိုင်)

မိတ္ထီလာခရိုင် သာစည်မြို့နယ် ဟံဇားရွာကြီးတွင် ၁၂၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၉)ရက် (၂၁-၉-၁၉၂၄) နေ့တွင် အဖဦးပေါ်မြိုင်၊ အမိဒေါ်လေးကြီးတို့မှ မွေးဖွားသည်။ ဟံဇား ဘုန်းတော်ကြီးကျောင်းတွင် ရှင်သာမဏေဝတ်ခဲ့ပြီး ဂျပန်ခေတ်တွင် အသက် (၂၀) ပြည့်၍ ရဟန်းအဖြစ် ကူးပြောင်းခဲ့သည်။ စစ်ပြီးခေတ်တွင် မန္တလေး၊ အမရပူရမြို့များသို့ ရောက်ရှိပြီး ပရိယတ္တိစာပေများ သင်ကြားခဲ့သည်။ အစိုးရပါဠိ ပထမပြန်စာမေးပွဲ အငယ်၊ အလတ်၊ အကြီးတန်းအထိ ဖြေဆိုအောင်မြင်ကာ အသက်(၃၀)အရွယ်တွင် လူဝတ်လဲခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် မန္တလေးထုတ် စာနယ်ဇင်းများတွင် ကဗျာသုံးပုဒ်၊ ဝတ္ထုသုံးပုဒ်နှင့် ဆောင်းပါးအပုဒ် ၃၀ ကျော် ဖော်ပြခံရသည်။

ရဟန်းအဖြစ်မှ လူဝတ်လဲပြီးနောက် ရန်ကုန်စာပေလောကသို့ ဝင်ရောက်ဆည်းပူးလေ့လာခဲ့သည်။ ရှုမဝ၊ ငွေတာရီ၊ မြဝတီ၊ ပေဖူးလွှာ မဂ္ဂဇင်းများနှင့် ကြေးမုံသတင်းစာတို့၌ စာပြင်ဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ငွေတာရီ မဂ္ဂဇင်းတွင် လက်ထောက်အယ်ဒီတာ၊ တာဝန်ခံအယ်ဒီတာ၊ အမှုဆောင်အယ်ဒီတာ စသည်ဖြင့် အဆင့်ဆင့် ဆောင်ရွက်ခဲ့သည်။ ထို့နောက် မြဝတီတိုက်တွင် ဒုတိယအယ်ဒီတာ၊



www.burmeseclassic.com

ချုပ်အဖြစ် ဆယ်နှစ်ခန့် ထမ်းဆောင်ခဲ့သည်။ မိုးသောက်ပန်း စာစောင်၊ အသုရာစာစောင်နှင့် မူးယစ်မဂ္ဂဇင်း၊ မြို့တော်ရန်ကုန် မဂ္ဂဇင်းများ စတင်ထုတ်ဝေရာ၌ ဦးဆောင်စီစဉ်ခဲ့သည်။

ဓမ္မပဒ၊ ငါးရာ့ငါးဆယ်နိပါတ်၊ မိလိန္ဒပညာစသော ကျမ်းစာအုပ် ၂၀ ကျော်ကိုလည်း ဦးဆောင်စီစဉ်ထုတ်ဝေခဲ့သည်။ ယခုအခါ ဓမ္မရံသီနှင့် ဓမ္မရတနာ ဓမ္မမဂ္ဂဇင်းနှစ်စောင်ကို အယ်ဒီတာချုပ်အဖြစ် ဦးဆောင် စီစဉ်ပေးလျက်ရှိသည်။ ဘိုးဝဇီရစာပေ၊ ဗုဒ္ဓ၏ ဥပမာတစ်ထောင်၊ ထေရီထေရာ၊ မဟောသဓဖြေတ်ထုံး၊ စကားကြီးဆယ်မျိုး၊ ဗုဒ္ဓ၏ ဝါဒစစ်ပွဲများ၊ လောကကြေးမုံ စသည့်စာအုပ်များ ရေးသားပြုစုခဲ့သည်။

**နေရပ်လိပ်စာ**။ ။အမှတ်-၂၄၇၊ သီတာလမ်း၊ ၅-ရပ်ကွက်၊ မြောက်ဥက္ကလာပ။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးဘသီ (ဘာရတီ)

ဖခင် ဒီလ်ရိုဆွာမိ(ခ)ဦးဆိုင်ကြီးနှင့် မိခင်မဟာဒေဝီတို့မှ ဝမ်းဘဲအင်းရွာ၊ ပဲခူးခရိုင်၌ ၁၂၈၂ ခုနှစ် ပြာသိုလဆန်း (၅)ရက်(၁၃-၁-၁၉၂၁) တွင် မွေးဖွားခဲ့သည်။ မင်္ဂလာတောင်ညွန့်မြို့နယ်စာပေနှင့် စာနယ် ဇင်းအဖွဲ့၏နာယကဖြစ်ပြီးသက္ကတစာပြဆရာအဖြစ်ဆောင်ရွက်လျက်ရှိသည်။

ဗိုလ်တထောင်၊ မြန်မာ့အလင်းသတင်းစာတွင် စာပေရေးရာဆောင်းပါးများ ရေးသားခဲ့သည်။ ပရာကျိပရကားသျှဟိန္ဒီနေ့စဉ်သတင်းစာတွင် တွဲဖက်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသတင်းထောက်အသင်းတွင် အဖွဲ့ဝင်ဖြစ်ခဲ့သည်။ ဟိန္ဒီ - မြန်မာ နှစ်ဘာသာဖြင့်ထုတ်ဝေခဲ့သောပြဟ္မာဘုမိမဂ္ဂဇင်းတွင်မြန်မာဘာသာဟိန္ဒီဘာသာတို့ဖြင့် ဘာသာရေးစာပေများ ရေးခဲ့သည်။ သာသနာရေးဦးစီးဌာနတွင် ဟိန္ဒီစာပေ၊ သက္ကတ စာပေနှင့် ဟိန္ဒူဒဿနများကို သင်တန်းပို့ချခဲ့သည်။


မဟာဘာရတ ရာဇဝင်အကျဉ်းချုပ်(မြန်မာဘာသာ)စာအုပ်ကို မြန်မာစာဖြင့် ဟိန္ဒီစာနှင့် စကားသင်နည်းစာအုပ်၊ အာစရိစာဏကျဝတ္ထု ပထမတွဲနှင့် ဒုတိယတွဲစာအုပ်များ ရေးသားပြုစု ထုတ်ဝေခဲ့သည်။

ဟိန္ဒီစာပေ-ဒေဝနာဂရိအက္ခရာဖြင့် ပြဟ္မာဒေသကထာ ဘာရတိအက္ခရာဗောဓ ဘာရတိသံယုတ် အက္ခရာမည်သော စာအုပ်များကိုလည်း ရေးသားပြုစုထုတ်ဝေခဲ့သည်။

**နေရပ်လိပ်စာ**-အမှတ်၆၆/၁၂၃လမ်း၊သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်။



www.burmeseclassic.com



# ဆရာကြီး ဦးသိန်းမောင် (ဦးသုခ)

၁၂၇၁ ခုနှစ် တပို့တွဲလဆန်း (၅) ရက် (၁၄-၁-၁၉၁၀) ကျိုက်လတ်အပိုင် စာဖြူစုကျေးရွာသူကြီး ဦးစံခိုင်၊ ဒေါ်မျှင်တို့မှ ဖွားမြင်သည်။ အလယ်တန်းမှစ၍ ကဗျာရတုများ ရေးသားစပ်ဆိုလာခဲ့ရာ အထက်တန်းကျောင်းသားဖြစ်လာသောအခါ ဝတ္ထုရေးရန် စိတ်သန်လာသည်။

၁၉၂၉ ခုနှစ်တွင် စိန်သိန်းတန်အမည်ဖြင့် 'စံပယ်ပွင့်' ဝတ္ထုရေး၍ ကဝိမျက်မှန်မဂ္ဂဇင်းတွင် ဖော်ပြခြင်းခံရသည်။ ၁၉၃၀ ပြည့်နှစ်တွင် ရှင်ပျော်ပျော်တိုက် ဝတ္ထုပြိုင်ပွဲတွင် မောင်သိန်းမောင် အမည်ဖြင့် "မိန်းမသား"ဝတ္ထုကို ရွေးခံရသည်။ ၁၉၃၄ ခုနှစ်တွင် ရှင်ပျော်ပျော်တိုက်နှင့် လိုက်ဖက်အောင် 'သုခ' ဟူသောကလောင်အမည်ကို ယူခဲ့သည်။ 'သုခဝတ္ထုတိုပေါင်းချုပ်' ကို ငါးကြိမ်ထုတ်ဝေခဲ့ရသည်။ (၁၉၅၁၊ ၁၉၅၅၊ ၁၉၆၆၊ ၁၉၇၈၊ ၁၉၈၈)

စောစောပိုင်းက လုံးချင်းဝတ္ထုပေါင်း ၁၀၀၊ ဝတ္ထုတိုပေါင်း ၂၀၀ ခန့်ရေးခဲ့သည်။ နောက်ပိုင်းတွင် ဘာသာရေးဆိုင်ရာများကိုသာ ဦးစားပေးခဲ့သည်။ သုခမှတ်စု၊ ရာမခရစ်ရှနား သုတ္တန်ပုံပြင်များ၊ အကျော်ဒေးယျ ဗုဒ္ဓ၏ သမီးတော်များ၊ မင်္ဂလာသုတ်၊ မေတ္တာသုတ်၊ လောကနီတိ



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်များ ထုတ်ဝေခဲ့သည်။ ဝဋ္ဋနာ ဒီပနီကိုလည်း ထုတ်ဝေခဲ့သည်။ ကြီးမားထူထဲသောစာအုပ်မှာ ကျိုးသဲလေးထပ် ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော ပကိဏ္ဏက နမက္ကာရ အစိန္တေယျကြီးဘုရားရှိခိုး စာအုပ်ကို ရိုက်နှိပ်၍ ထိုဘုရားရှိခိုး၏ အဖွင့်ကို ရတနာမွန် မဂ္ဂဇင်းတွင် တစ်ပိုင်းတစ်စ ဖော်ပြခဲ့သည်။

၁၉၃၈ ခုနှစ်တွင် 'ချစ်အမျှ' ရုပ်ရှင်ဇာတ်ညွှန်းကို ရေးသား၍ ရုပ်ရှင်လောကသို့ဝင်ရောက်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် 'ချစ်အဏုမြူ' ဇာတ်ကားကို ဒါရိုက်တာအဖြစ် ပထမဆုံးရိုက်ကူးခဲ့ပါသည်။ ထိုကား အတွက် စာရေးဆရာအသင်းကို ချီးမြှင့်သော ဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆုကို ရရှိခဲ့ပါသည်။ ရိုက်ကူးခဲ့သော ဇာတ်ကားပေါင်း ၃၃ ကားအနက် ဩော်-မိန်းမဇာတ်ကား (၁၉၅၄ ခုနှစ်)၊ ဘဝသံသရာ ဇာတ်ကား (၁၉၅၆ ခုနှစ်)၊ စကားပြောသော အသည်းနှလုံးဇာတ်ကား (၁၉၆၈ ခုနှစ်)၊ ကျွန်မမှာ မိန်းမသား ဇာတ်ကား (၁၉၇၀ ပြည့်နှစ်)၊ ဘယ်သူပြိုင်လို့လှပါတော့နိုင် ဇာတ်ကား (၁၉၇၃ ခုနှစ်)၊ ရွှေခြည်ငွေခြည် တန်းပါလို့ ဇာတ်ကား (၁၉၇၅ ခုနှစ်) တို့အတွက်အကောင်းဆုံး ဒါရိုက်တာဆု (အကယ်ဒမီဆု)ကို ရရှိခဲ့သည်။ ရုပ်ရှင်သာမက ဂီတဖက် တွင်လည်း ထက်သန်သည်။ ဘဝ သံသရာ သီချင်း၊ ဂုဏ်သီချင်းတို့သည် ကျော်ကြားသော သီချင်းများ ဖြစ်ကြသည်။

ဂျပန်ခေတ်တွင် ပြဇာတ်များကို ရေးသား၍ စီစဉ်တင်ဆက်ခဲ့ သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း ရန်ပုံငွေအတွက် 'ဝိဇယ'နှင့် 'ဦးပေါ်ဦး' ပြဇာတ်များတွင် ဒါရိုက်တာလုပ်ကာ ကိုယ်တိုင်ပါဝင်ကပြ ခဲ့သည်။

ဗုဒ္ဓဘာသာ စိတ်ထက်သန်မှုဖြင့် 'ရဟန်းစားရသော ဆွမ်းတစ် နပ်၊ ရဟန်းမစားရသော ဆွမ်းတစ်နပ်နှင့် တစ်ပါးသီလ' ရုပ်မြင်သံကြား ဇာတ်လမ်းများသည် အောင်မြင်သော ဇာတ်လမ်းများဖြစ်ခဲ့သည်။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ)၏ နာယက၊



www.burmeseclassic.com

စေတီယင်္ဂဏအသင်း နာယက၊ တိပိဋကနိကာယ သာသနာပြုဥပဌာက အဖွဲ့၏ ဂုဏ်ထူးဆောင်နာယကတာဝန်များဆောင်ရွက်ခဲ့သည်။တိ-နိ စာအုပ်စာပေအနုပညာနှင့် မော်ကွန်းအဖွဲ့၏ နာယကအဖြစ်လည်း တာဝန်ယူလျက်ရှိသည်။

၁၉၉၄ ခု၊ ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးနေ့တွင် မဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၁၉၉၅ ခုနှစ် တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ ၁၉၉၇ ခုနှစ်တွင် အင်ဒိုနီရှား နိုင်ငံက ချီးမြှင့်သော အာစီယံယဉ်ကျေးမှုရေးရာဆု၊ ၂၀၀၀ ပြည့်နှစ် တွင် နိုင်ငံတော်အစိုးရက ချီးမြှင့်သော စာပေပါရဂူဘွဲ့ D .Lit တို့ကို ရရှိခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် ၃၁၊ သုခရိပ်ငြိမ်၊ ပါရမီလမ်း၊ ရန်ကင်းမြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးအေးဖေ (တိုင်းရင်းမေ)

၁၂၇၅ ခုနှစ် တန်ဆောင်မုန်းလဆုတ် (၁၁) ရက် (၂၃-၁၁-၁၉၁၃) ရက်နေ့တွင် အဖ ဦးအောင်မင်း (စစ်ကဲကြီး)၊ အမိ ဒေါ်နီနီတို့မှ ဖြူးမြို့တွင် ဖွားမြင်သည်။

ငယ်စဉ်က အင်းစိန်မြို့၊ ဗုဒ္ဓဘာသာကျောင်း သပိတ်မှောက်ကျောင်းသားများ၏ နေရှင်နယ်ကျောင်း၊ စိန်ဂွန်းကျောင်းတို့တွင် ပညာသင်ကြားပြီး ရန်ကုန်မြို့၊ မြို့မတိုင်းရင်းသားအထက်တန်းကျောင်း၌ ဒုတိယအဆင့်မှ တစ်ဆယ့်တစ်ဆင့်အထိ ပညာသင်ကြားခဲ့ပါသည်။

၁၉၃၂ ခုနှစ်တွင် ဆန်ပွဲစား ဦးသိန်းနှင့် အစ်ကိုဦးမြိုင်တို့၏ နေ့စဉ်ထုတ် 'ညနေသတင်းစာ'တွင် သတင်းထောက်အဖြစ် ၂ နှစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၃၄ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ ဆရာဦးအောင်မြင် (မြို့မမောင်)၏ ဆယ်သန်းဂျာနယ်၊ ရက်ခြားသတင်းစာနှင့် နေ့စဉ်သတင်းစာတို့တွင် သတင်းထောက်၊ သတင်းထောက်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဒီးဒုတ် နေ့စဉ်သတင်းစာ၊ နဂါးနီဂျာနယ် တို့တွင် ညအယ်ဒီတာဘာသာပြန်အဖြစ် ၆ လခန့် လုပ်ကိုင်ခဲ့ပြီး၊ ဂျပန်ခေတ် ဒေါက်တာဗမော် အစိုးရလက်ထက်တွင် ဗမာ့ခေတ် နေ့စဉ်သတင်းစာ သတင်းထောက်အဖြစ် တစ်နှစ်ခန့် လုပ်ကိုင်ခဲ့သည်။



www.burmeseclassic.com

စစ်ပြီးခေတ် ၁၉၄၅ ခုနှစ်မှစ၍ ဆရာဦးအောင်မြင့် အယ်ဒီတာအဖြစ်ဦးစီးလုပ်ကိုင်သော လမ်းညွှန်သတင်းစာ၊ မြို့မမောင်သတင်းစာ၊ ရန်ကုန်သတင်းစာတို့တွင် သတင်းထောက်ချုပ်အဖြစ် ၁၉၄၈ ခုနှစ်အထိ လုပ်ကိုင်ခဲ့ပါသည်။ တိုးတက်ရေးသတင်းစာ သတင်းထောက်ချုပ်အဖြစ် ၁ နှစ်ခန့်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၄၉ ခုနှစ်မှစ၍ NEW TIME BURMA သတင်းစာ၌ သတင်းထောက်ချုပ်၊ သတင်းအယ်ဒီတာ၊ ပုံနှိပ်ထုတ်ဝေသူအဖြစ် ၁၉၅၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ပြီးနောက် သတင်းစာလောကမှ အနားယူခဲ့ပါသည်။

၁၉၅၇ ခုနှစ်တွင် သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ၊ သတင်းထောက်ချုပ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။


တိုင်းရင်းမေဂျာနယ်ကို ၁၉၅၀ ပြည့်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် စတင်ထုတ်ဝေခဲ့ပြီး၊ ၁၉၅၃ ခုနှစ်မှစ၍ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ရပ်နားချိန်အထိ တာဝန်ခံအယ်ဒီတာ၊ အတိုင်ပင်ခံအယ်ဒီတာ၊ အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၉ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ရှမ်းပြည်နယ်လုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်၏ ပိဋကတ်တော်၊ ရှမ်းနိဿျကျမ်း၊ ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းတွင် ကထာဝတ္ထုကျမ်းပထမတွဲအထိ တာဝန်ခံ ထုတ်ဝေပေးခဲ့ပြီး၊ ကထာဝတ္ထုကျမ်း ဒုတိယတွဲမှစ၍ ယမိုက်ငါးကျမ်းအထိ ထုတ်ဝေသူအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ ဇနီးဖြစ်သူ ဒေါ်ညွန့်ညွန့်၏ တိုင်းရင်းမေစာစဉ်တိုက်မှ ရှမ်းဘာသာဖြင့် ရေးသားထုတ်ဝေလျက်ရှိသော တရားစာအုပ် များကို ကြီးကြပ်ပုံနှိပ်ပေးလျက်ရှိသည်။

**နေရပ်လိပ်စာ**- အမှတ်၁၆ (က) သုခဝတီရိပ်သာ၊ ကမ္ဘာအေး ဘုရားလမ်း။ ၆ ရပ်ကွက်၊ ရန်ကင်း။

www.burmeseclassic.com



# ဆရာကြီး ဦးဖေအောင် (M.A , M. S.)

၁၂၇၈ ခုနှစ် တန်ခူးလဆုတ် (၃) (၉-၄-၁၉၁၇) ရက်နေ့တွင် အဖ ဦးချမ်းသာ၊ အမိ ဒေါ်လှဇင်တို့မှ မအူပင်မြို့နယ်၊ မလက်တိုရွာတွင် မွေးဖွားခဲ့သည်။ မအူပင်မြို့ မှ အထက်တန်း စာမေးပွဲအောင်မြင်၍ ရန်ကုန်တက္ကသိုလ်သို့တက်ရောက်ခဲ့ကာ၊အမေရိကန်ပြည်ထောင်စု ကိုလံဘီယာယူနီဗာစီတီမှ စာကြည့်တိုက်ပညာ၊ မဟာသိပ္ပံဘွဲ့ ရရှိခဲ့သည်။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် ညွှန်ကြားရေးဝန်၊ မြန်မာပြည်ဗုဒ္ဓဝါဒ သုသေသနအသင်းဥက္ကဋ္ဌ၊ ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာန ပါမောက္ခပညာရေးဝန်ကြီးဌာနတွင်အကြံပေးအရာရှိနှင့်မြန်မာနိုင်ငံသုတေသနအသင်းတွင်ဥက္ကဋ္ဌအဖြစ် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

မဟာဝိဇ္ဇာဘွဲ့ယူစဉ်က အင်္ဂလိပ်ဘာသာဖြင့် "သမထကျမ်း" ကို ရေးသားခဲ့ပြီး 'ဘာသာရေးအတွေးအခေါ်နှင့်ယဉ်ကျေးမှု'စာအုပ်ငယ်ကို ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ညွှန်ကြားရေးဝန်အဖြစ် တာဝန်ယူစဉ်က ရေးသားထုတ်ဝေခဲ့သည်။ အခြားထင်ရှားသောစာအုပ်မှာ "ခေါင်း ဆောင်တို့၏ကျင့်စဉ်"ဖြစ်သည်။ မဂ္ဂဇင်း၊ဂျာနယ်စာစောင်နှင့်သတင်းစာများတွင် 'ဘာသာရေးအတွေးအခေါ်နှင့်ယဉ်ကျေးမှုဆောင်းပါးများ' ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - တိုက် ၂၉၂၊ အခန်း ၂၊ အရှေ့ရန်ကင်း၊ ရန်အောင် လမ်းသွယ်-၂၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးဘုန်းကျော် (နတ်မောက်-ဘုန်းကျော်)

၁၂၈၂ ခုနှစ် တော်သလင်းလဆန်း (၈) ရက် (၂၀-၉-၁၉၂၀) ရက်နေ့တွင် မကွေးခရိုင်၊ နတ်မောက်မြို့တွင် အဖ ဦးခ၊ အမိ ဒေါ်အုန်းရွှေတို့မှ ဖွားမြင်သည်။ ၁၉၄၀ ခုနှစ်တွင် အေဗီ (၁၀) တန်းနှင့် ၁၉၄၁ ခုနှစ်တွင် အထက်တန်းဆရာဖြစ် အောင်ခဲ့သည်။

နတ်မောက်မြို့အထက်တန်းကျောင်းနှင့် မြင်းခြံမြို့လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအသင်း ဥက္ကဋ္ဌ၊ အထက်မြန်မာပြည်ကျောင်းသား သံမဏိတပ်ဗိုလ်စသည့်တာဝန်များ ဆောင်ရွက်ခဲ့သည်။ ၁၉၄၂-၄၄ အထိ မင်္ဂလာဒုံစစ်တက္ကသိုလ် (ပထမအပတ်) တက်ရောက်ခဲ့ပြီး အောင်လံ (ရွှေညောင်ပင်စခန်းနှင့်ပြလို့စခန်း) အနောက်တိုင်းစစ်ဌာနချုပ် တပ်ခွဲမှူး၊ တွဲဖက်ရုံးအုပ် ဗိုလ်ကြီး၊ ရန်ကုန်စစ်ဝန်ကြီးနှင့် စစ်သေနာပတိချုပ် ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရံတော်ဗိုလ်နှင့် ကိုယ်ရံတော်တပ်မှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲတွင် ပါဝင်ခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနတွင် ဌာနဆက်သွယ်ရေး၊ အရာရှိ အဖြစ် အမှုထမ်းခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ရှေ့ဆောင်သတင်းစာတွင် တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင်



www.burmeseclassic.com

www.burmeseclassic.com

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတွင် ဝင်ရောက်အမှုထမ်းပြီး ၁၉၅၆ ခုနှစ်တွင် တပ်မတော်၊ မော်ကွန်းတိုက် စစ်သမိုင်းသုတေသနအရာရှိနှင့် အယ်ဒီတာ၊ သုတေသနကြီးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင် စာပေဗိမာန်သို့ ပြောင်းရွှေ့အမှုထမ်းပြီး ၁၉၈၀ ပြည့်နှစ်တွင် စာတည်းအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၈၀ မှ ၁၉၈၈ ခုနှစ်အထိ အမျိုးသားစာပေဆု စိစစ်ရေးအဖွဲ့တွင် အဖွဲ့ဝင် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ၊ ၁၉၅၀ (အခြားသူများနှင့် ပူးတွဲ) မင်းလှခံတပ် (၁၉၅၉)၊ ရှေးခေတ်မြန်မာ (၁၉၅၀)၊ ပန်းဝါ တိုက်ပွဲ (၁၉၅၀)၊ အင်္ဂလိပ်မြန်မာစစ်သမိုင်း၊ ပေဖူးလွှာ၊ မေ့ပျောက် မရသော အောင်ဆန်း (၁၉၆၆)၊ ရှေးခေတ်မြန်မာ့တပ်မတော်မှတ်စု များ (၁၉၆၇)၊ သမိုင်းဝင်ဆောင်းပါးများ (၁၉၆၈)၊ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သုတေသနဆောင်းပါးများ၊ ဗုဒ္ဓဂါယာနှင့်ယမုံနာ၊ ဗမာ့တပ်မတော် သမိုင်း (မြဝတီဆောင်းပါးရှင်)၊ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းနှင့် ဟောပြောချက်၊ စာမူမှ စာအုပ်သို့၊ လူကြီးလူကောင်း (၁၉၉၉) စသော စာအုပ်များ ရေးသားခဲ့သည်။ ပေဖူးလွှာစာအုပ်နှင့် အင်္ဂလိပ်မြန်မာ စစ်သမိုင်း စာအုပ်တို့ဖြင့် အမျိုးသားစာပေဆု ရရှိခဲ့သည်။

**နေရပ်လိပ်စာ-** ၂၈၂၊ အခန်း (၁၂)၊ အရှေ့ရန်ကင်း၊ ရန်ကင်း မြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးခင်မောင်အေး (တိမ်မိုးလှိုင်)

အဖ ဦးငွေလှိုင်၊ အမိ ဒေါ်ဖွားအိုတို့ ၁၂၈၂ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (၂၇-၁၀-၁၉၂၀)တွင် မော်လမြိုင်မြို့၌ မွေးဖွားသည်။

၁၉၂၇ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ အစိုးရဟိုက်စကူးကျောင်းတွင် (၁၀) တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၆ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ စစ်လက်နက်ပစ္စည်းတပ်၊ ဗိုလ်တထောင်တွင် အရပ်သားစာရေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၆ ခုနှစ်မှ ၁၉၆၅ခုနှစ်အထိ ချက်ကိုစလိုဗက်နှင့် ဂျီဒီအာကောင်စစ်ဝန်ရုံးများတွင် ကုန်သွယ်ရေးလက်ထောက်အဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၆၅ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ မြစာပေတိုက်နှင့် ဂုဏ်ထူးစာပေတိုက်တို့တွင် ရေးသားခဲ့ပြီး ၁၉၇၄ ခုနှစ်မှစ၍ သွေးသောက်၊ မြဝတီ၊ ငွေတာရီ၊ စစ်ပြန်၊ တေဇ၊ ပျော်တော်ဆက်၊ သံလျင်ဦး၊ မြတ်လေး၊ မြတ်ဆုမွန်၊ ရတနာမွန်မဂ္ဂဇင်းများနှင့် ယုဝတီဂျာနယ်တို့တွင် ဆောင်းပါးများ ရေးသားခဲ့သည်။

၁၉၈၇ ခုနှစ်မှ ယနေ့ထိ သုတစွယ်စုံ၊ အာရောဂျ မဂ္ဂဇင်းများတွင် ဆောင်းပါးများ ရေးသားလျက်ရှိသည်။ ပညာပေးစာအုပ် ၁၀ အုပ်၊ သုတရသဆောင်းပါးမျိုးစုံ အပုဒ် ၂၀၀၀ကျော် ရေးခဲ့ပြီး ဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် ၃/က၊ စွန်းလွန်းဂူကျောင်းလမ်း၊ (၁၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com



# ဆရာမကြီး ဒေါ်သန်းမြင့် (ခင်သန်းမြင့်)

အဖ ဦးဘသန်း (မင်္ဂလာဦးဘသန်း) နှင့် အမိ ဒေါ်စုစုတို့မှ ဇေယျာဝတီမြို့တွင် ၁၂၇၉ ခုနှစ်၊ဝါဆိုလဆန်း (၁၁)ရက်(၂၉-၆-၁၉၁၇) ရက်နေ့တွင် မွေးဖွားသည်။

မန္တလေးမြို့ အေဘီအမ်ကျောင်းတွင် ၁၀ တန်းအောင်သည် အထိ နေပြီး ဥပစာကောလိပ်အောင်၍ ရန်ကုန်တက္ကသိုလ်တွင် ဆက်လက် ပညာသင်ယူရာ ၁၉၃၇ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိသည်။ ဝန်ထမ်းအဖြစ် တပ်မတော်မော်ကွန်းတိုက်တွင် စာကြည့်တိုက်မှူးအဖြစ် အငြိမ်းစား ယူသည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၃ ခုနှစ်တွင် ဘီအက်စီစိုက်ပျိုးရေးအရာရှိ ဦးထွန်းခင်နှင့် အိမ်ထောင်ကျပြီး သားသမီး ၅ ယောက်ရခဲ့သည်။ မိတ်ဆွေမဥ္ဇူသက ဦးသန်းမောင်၏ တိုက်တွန်းမှုဖြင့် ပစ္စယနိဒ္ဒေသပါဠိတော်နှင့် ဆရာ ဦးကျော်ထွတ်၏ မဥ္ဇူသကပဋ္ဌာန်း၊ ဥဒါန်းပါဠိတော်နှင့် ဆရာ ဦးကျော်ထွတ်၏ မဥ္ဇူသကပဋိစ္စသမုပ္ပါဒ်၊ ဆရာဦးလှမောင်၊ ဦးအုံ့မောင်တို့၏ သဂြိုဟ်၊ ပဋိစ္စသမုပ္ပါဒ်၊ ဥဒါန်း ပါဠိတော်တို့ကို မှတ်တမ်းတင်ပြုစုခဲ့သည်။

မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆောင်းပါးများ ရေးသားခဲ့ပြီး ၁၉၈၈



www.burmeseclassic.com

ခုနှစ်တွင် လူထုဂျာနယ်တိုက်မှ ဆရာမကြီးပြုစုရေးသားသော 'မိုးဒေဝါ မလှဗျွေ သုဘဝါသုဂီတ' စာအုပ်နှင့် H.FIELDING HALL ၏ PALACE TALES ကို 'မန္တလေးနန်းတွင်း ဇာတ်လမ်းများ' အဖြစ် ပြန်ဆိုသည့် စာအုပ်ကို ထုတ်ဝေပေးခဲ့သည်။ 'မန္တလေးနန်းတွင်း ဇာတ်လမ်းများ' စာအုပ်ကို ၁၉၆၆ခုနှစ်တွင် ပထမအကြိမ်နှင့် ၂၀၀၀ ပြည့်နှစ်တွင် ဒုတိယအကြိမ်အဖြစ် ထုတ်ဝေခဲ့သည်။

**နေရပ်လိပ်စာ** - တိုက် ၁၃၉၊ အခန်း ၁၊ ရန်ကင်းမြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးထိန်လင်း

၁၂၈၃ ခုနှစ် တပေါင်းလဆုတ် (၈)ရက် (၂၀-၃-၁၉၂၂)နေ့တွင် ဟံသာဝတီခရိုင်၊ ခရမ်းမြို့နယ်၊ ညောင်ပင်ရွာ၌ အဖ ဦးမြ၊ အမိ ဒေါ်အေးဆင်တို့မှ မွေးဖွားသည်။ ရန်ကုန်တက္ကသိုလ်တွင် ဥပစာ အထက်တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၃ ခုနှစ်မှစ၍ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် လက်ထောက်အယ်ဒီတာ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ခေါင်းကြီးပိုင်း အယ်ဒီတာတာဝန်ကို ပြောင်းလဲ တာဝန်ယူခဲ့သည်။ ၁၉၆၆ မှ ၁၉၇၁ ခုနှစ်အထိ အမှုဆောင်အယ်ဒီတာ တာဝန်ကို လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၁ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ဗိုလ်တထောင်သတင်းစာတွင် အယ်ဒီတာချုပ်တာဝန်ကို တိုးမြှင့်ထမ်းဆောင်ခဲ့သည်။

သတင်းစာခေါင်းကြီးပိုင်းနှင့် ဆောင်းပါးများစွာကို ရေးသားခဲ့သည်။ ကလောင်အမည်များမှာ မောင်အေး၊ အယ်ဒီတာအဖွဲ့ဝင် တစ်ဦး၊ တော်လှန်ရေးရဲဘော်တစ်ဦး၊ ကိုကိုထွန်း စသည်တို့ဖြစ်သည်။လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် “ရှေ့သို့ချီလေသောအခါ” ဆောင်းပါးများ၊ လုပ်သားပြည်သူ့နေ့စဉ်အထူးထုတ်များတွင် တော်လှန်ရေးရဲဘော်တစ်ဦး၊ အယ်ဒီတာအဖွဲ့ဝင်တစ်ဦးဟူသော ကလောင်အမည်များဖြင့် ဆောင်းပါးများရေးသားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၆၉-၇၀ ခုနှစ်ခန့်မှစ၍ မောင်အေးကလောင်အမည်ဖြင့် ကုန်ထုတ်လုပ်ရေးနှင့် မြေယာပြုပြင်ရေးဆိုင်ရာဆောင်းပါးများကို မြဝတီမဂ္ဂဇင်းတွင် ရေးသားခဲ့ပြီး၊ ကိုကိုထွန်းဟူသော အမည်ဖြင့် စာပေလုပ်သား စည်းရုံးရေးဆိုင်ရာ ဆောင်းပါးများကို ငွေတာရီမဂ္ဂဇင်း၊ အတွေးနှင့်အရေးစာစောင်များတွင် ရေးသားခဲ့သည်။ ဗိုလ်တထောင် သတင်းစာ အယ်ဒီတာချုပ်တာဝန်မှ အငြိမ်းစားယူခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၉)၊ မြသီတာလမ်း၊ (၁၆) ရပ်ကွက်၊ ပြည်သာယာ၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



## အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ စည်သူတံဆိပ်ရ သီရိပျံချီ၊ စည်သူသရေစည်သူ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)

## (ဆရာကြီး မှူးသမိန်)

၁၂၈၄ ခုနှစ်၊ နတ်တော်လဆုတ်(၁၂)ရက်၊ (၁၅-၁၂-၁၉၂၂) နေ့တွင် စစ်ကိုင်းမြို့ ဗညားရပ် ဗညားကျွန်းတောအမတ်ကြီး၏ အဆက်အနွယ် အဖတိုက်သူကြီး ဦးသာဝင်း၊ အမိဒေါ်ဒေါ်မှီတို့မှ မွေးဖွားသည်။ စစ်ကိုင်းမြို့ ဆရာစိုကျောင်း၊ ဘီဘီအမ်ကျောင်း၊ အစိုးရအထက်တန်းကျောင်းများတွင် ပညာသင်ယူခဲ့၊ ကျောင်းသားဘဝ ရာပြည့်နှစ် အရေးတော်ပုံ၊ကျောင်းသားအရေးတော်ပုံများတွင်ပါဝင်ခဲ့၊စစ်ကိုင်းကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ၊ ကျောင်းသား သံမဏိတပ်ဗိုလ်၊ စစ်ကြိုခေတ် အင်္ဂလိပ်-မြန်မာ ဆယ်တန်းအောင်၊ မြေအောက်တော်လှန်ရေးဝင်။

၁၉၄၂ ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ B.I.A ဝင် P.B.F ဆက်တိုက်ပါဝင်၊ ၁၉၄၂ မှ ၁၉၄၅ ထိ မင်္ဂလာဒုံ ဂျပန်စစ်ဖက် ပထမအပတ် ဗိုလ်သင်တန်းတက်၊ ဂျပန်ပြည် ပထမအပတ် စစ်ပညာတော်သင် အရွေးခံရ၊ ဂျပန်နိုင်ငံ၊ တိုကျိုမြို့ ဧကရာဇ်ဘုရင်မင်းမြတ်၏ စစ်တက္ကသိုလ်အပတ်စဉ် (၅၇)တက်ရောက်၊ အောင်မြင်၊ ဘွဲ့ရဒု-ဗိုလ်



www.burmeseclassic.com

ဖြစ်၊ ကန္နီစာချုပ်အရ ဗြိတိသျှတို့က အသစ်ပြန်ဖွဲ့သည့် တပ်မတော်တွင် ၁၅-၁၂-၁၉၄၅ ခုနှစ်ကစ၍ ပြန်တမ်းဝင် အရာရှိဖြစ်၊ တပ်မတော်တွင် ဗိုလ်မှူးကြီးအဆင့်ထိ တပ်မင်း၊ ရှမ်းပြည်နယ် စစ်အုပ်ချုပ်ရေး စစ်မင်းကြီး၊ ယိမ်းနွဲ့ပါးခေါင်းဆောင်၊ နယ်ခြားဒေသ အရာရှိချုပ်၊ ဘဘစစ်ဆင်ရေး ဦးစီးချုပ်တာဝန်များ ထမ်းဆောင်ခဲ့၊ UK နိုင်ငံ အထက်တန်းအရာရှိကျောင်း S.O.S တက်ရောက်ခဲ့။

၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီဝင်၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ လူမှုဝန်ထမ်းဝန်ကြီးဌာနများ၏ ဝန်ကြီး၊ လမ်းစဉ်ပါတီ ပထမဦးဆုံး အထွေထွေအတွင်းရေးမှူး၊ ဗဟိုနိုင်ငံရေးသိပ္ပံ ကျောင်းအုပ်၊ လယ်ယာစိုက်ပျိုးရေး သစ်တောရေးဝန်ကြီးဌာန အထူးအရာရှိ၊ ၁၉၈၄ ခုနှစ် သက်ပြည့်ပင်စင်သွားပြီးနောက် ယနေ့အထိ မဟေသီမဂ္ဂဇင်း ထုတ်ဝေသူနှင့် အယ်ဒီတာချုပ်။

တပ်မတော်သားဘဝ ၁၉၅၁ ခုနှစ် ဗကပတို့၏ နာမည်ကြီးလွတ်မြောက်သောနယ်မြေကို ပြန်လည်သိမ်းပိုက်လိုက်သောအခါ ဗကပတို့၏ မစားရဝခမန်း ကြွေးကြော်ချက်နှင့် လက်တွေ့ဘဝ ကွာခြားချက်များ တွေ့ရှိရသဖြင့် "ကိုကျောက်လုံးသိတဲ့ ဒီမိုကရေစီ တော်လှန်ရေး"ဆောင်းပါးကို မြဝတီမဂ္ဂဇင်း၌ 'ဗိုလ်မှူးသမိန်'ကလောင်အမည်ဖြင့် ရေးသားဖော်ပြခဲ့ခြင်းဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့၊ ဆက်လက်၍လည်း မြဝတီ၊ ငွေတာရီ၊ စစ်ပြန်၊ ဇေယျာ၊ ပေဖူးလွှာ၊ သွေးသောက် မဂ္ဂဇင်းများတွင် တပ်မတော်သားဘဝ၊ ဒေသန္တရဗဟုသုတ၊ မြန်မာမှုနှင့် ခရီးသွားဆောင်းပါးများကို 'မှူးသမိန်'ကလောင် အမည်ဖြင့် ရေးသားခဲ့ပါသည်။

၁၉၅၄ ခုနှစ်မှစ၍ ၁၉၆၀ ခုနှစ်ထိ အစိုးရ၏ တာဝန်ပေးချက်အရ မိုင်ပေါင်းတစ်ထောင်ကျော် ရှည်လျားသော တရုတ်-မြန်မာနယ်ခြားတစ်လျှောက် စုံစမ်းလေ့လာရေး ယိမ်းနွဲ့ပါး စစ်တံခွန်အဖွဲ့ ခေါင်းဆောင်အဖြစ် ချီတက်ရာ၌ ခါကာဘိုရာဇီ အမြင့်ဆုံးတောင် တွေ့ရှိတက်ရောက်ခြင်းနှင့် နယ်ခြားဆိုင်ရာများကို ယိမ်းနွဲ့ပါး အစီရင်ခံစာအတွဲ(၁) နှင့် အတွဲ(၂)တို့ဖြင့် တင်ပြခဲ့၊ နယ်ခြားချုပ် အနေဖြင့် နယ်ခြား



www.burmeseclassic.com

www.burmeseclassic.com

ဒေသနေတိုင်းရင်းသားများ၊ မနုဿဗေဒ၊ ရုက္ခဗေဒ နှင့် ဗဟုသုတများကို ဆောင်းပါးများရေး၍ 'ယိမ်းနွဲ့ပါး'ကလောင် အမည်ဖြင့် တင်ပြခဲ့။

၁၉၆၂ တော်လှန်ရေးကောင်စီခေတ် ပြန်ကြားရေးဝန်ကြီးဖြစ်လာသောအခါ လုပ်သားနေ့စဉ် အင်္ဂလိပ်-မြန်မာနှစ်စောင် တာဝန်ယူထုတ်ရာ ယင်းသတင်းစာများ၌ ခေါင်းကြီးပိုင်း၊ အာဘော်ဆောင်းပါးများ၊ အရေးကြီးသည့်သတင်းများရေးပေးခဲ့၊ စောင်ရေ သိန်းကျော်ထုတ်ရသော ရှေ့သို့ဂျာနယ်တွင် ခတ်ပုံဆောင်းပါးများ ရေးခဲ့၊ အားလုံးစာမူပေါင်း ရာနှင့်ချီ ရှိပါလိမ့်မည်။

၁၉၆၉ ခုနှစ် လယ်သစ်ဝန်ကြီးဌာနတွင် အထူးအရာရှိ ဖြစ်လာ၍ မြန်မာနိုင်ငံအနှံ့အပြား ခရီးသွားလာနိုင်သော အခွင့်အရေးရရှိသဖြင့် စိုက်ပျိုးရေးနှင့် သီနှံများအကြောင်း၊ ဆည်မြောင်းတာတမံ၊ သစ်တော၊ ရုက္ခဗေဒနှင့် တောင်သူလယ်သမားဘဝ စသည်တို့ကို 'မိုးမြင့်အောင်' ကလောင်ခွဲအမည်ဖြင့် ဘဝအတွေ့အကြုံ၊ ဘာသာရေးနှင့် နယ်ခြားခရီးသွား အခန်းဆက်ဆောင်းပါးများကိုလည်း 'မှူးသမိန်၊ ယိမ်းနွဲ့ပါး'အမည်ဖြင့် မဟေသီမဂ္ဂဇင်း၌ ယနေ့တိုင် ရေးသားလျက်ရှိပါသည်။

**လိပ်စာ။** ။အမှတ်(၁၅)၊ ဇီဇဝါလမ်း၊ ပါရမီရိပ်သာ၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။



www.burmeseclassic.com



# ဆရာကြီး ဦးအောင်သန်း (မင်းသန့်ခေါင်)

၁၂၈၁ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် (၁၄-၃-၁၉၂၀) တွင် အဖ ဦးကြာညွန့်၊ အမိ ဒေါ်ပွေးတို့မှ အင်းစိန်မြို့နယ်တွင် မွေးဖွားသည်။ အင်းစိန်ကျောင်းသူ ကျောင်းသားဟောင်းများအသင်း ဥက္ကဋ္ဌနှင့် အင်းစိန်မြို့နယ် စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့ တို့ကို ရရှိခဲ့သည်။ ဗြိတိန်နိုင်ငံ ဗဟိုသမဝါယမကောလိပ်သို့ တက်ရောက်သင်ကြားပြီး ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

သမဝါယမဦးစီးဌာနတွင် သမဝါယမမြို့အုပ်၊ ဝန်ထောက် အဆင့်တို့ဖြင့် တာဝန် ထမ်းဆောင်ခဲ့သည်။ ကမ္ဘာအေးဗဟိုသမဝါယမ သင်တန်းကျောင်းတွင် ကျောင်းအုပ်ကြီးတာဝန်ကို ၁၀နှစ်မျှ ထမ်းဆောင်ခဲ့ပြီး ရန်ကုန်မြို့ ဗဟိုသမဝါယမအသင်းတွင် အတိုင်ပင်ခံ ပညာရှင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဗြိတိန်၊ အိုင်ယာလန်၊ နော်ဝေး၊ ဒိန်းမတ်၊ ဟော်လန်၊ အရှေ့ဂျာမနီ၊ ဆိုဗီယက်ယူနီယံ၊ ဂျပန်၊ အင်ဒိုနီးရှား၊ ယိုးဒယား၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံများသို့ ပညာသင်၊ လေ့လာရေးအဖွဲ့ဝင်၊ ချစ်ကြည်ရေးအဖွဲ့ဝင်၊ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်စားလှယ် အဖွဲ့ဝင်အဖြစ် သမဝါယမလုပ်ငန်းများကို သွားရောက်သင်ကြားလေ့လာခဲ့သည်။ အသက် (၂၆)နှစ်အရွယ်တွင် တိုးတက်ရေးမဂ္ဂဇင်း၌ "အာဏာရှင်သား စားချင်ပြီ" ဆောင်းပါးကို သိပ္ပံ သန်းဆွေ ကလောင်အမည်ဖြင့် စတင်ရေးသားကာ စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ အခြားကလောင်ခွဲများမှာ အောင်ဇေယျ၊ မောင်ဥဿာ၊ မောင်သန့်စင်၊ မောင်သန့်ခေါင်တို့ ဖြစ်သည်။ "သားဝ မယားဝမြို့အုပ်" ဝတ္ထုဖြင့် သမဝါယမမင်းကြီး၏ ဆုချီးမြှင့်ခြင်းခံရသည်။

ရေးသားခဲ့သော ဆောင်းပါးများနှင့် ဝတ္ထုများကို စုစည်း၍ "နိုင်ငံတကာမှ သက်တံရောင်အဖူးအပွင့်များ" နှင့် "သက်တံရောင်အလင်းတန်းများ" စာအုပ်နှစ်အုပ် ထုတ်ဝေခဲ့သည်။ သမဝါယမမဂ္ဂဇင်း၊ သမဝါယမ ဂျာနယ်၊ သမဝါယမ သတင်းလွှာ၊ ဂျီအီးစီ မဂ္ဂဇင်းများ၏ ပင်တိုင်ဆောင်းပါးရှင်အဖြစ် ရေးသားဆဲဖြစ်သည်။

**နေရပ်လိပ်စာ** - တိုက် (၁၂၄)၊ အခန်း (၂)၊ အရှေ့ရန်ကင်း၊ ရန်ကုန်မြို့။
ဖုန်း ၅၇၇၃၀၀



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးအောင်စိမ့်(ဒေးဒရဲအောင်စေ)

ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့နယ် ရေပူဝကျေးရွာတွင် အဖ ဦးဘခင်၊ အမိဒေါ်အေးဖြူတို့မှ ၁၂၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက် (၁၇-၁-၁၉၂၄)နေ့တွင် မွေးဖွားသည်။ ငယ်စဉ်က ကျေးရွာ စာဖြူကျောင်းတွင် စတုတ္ထတန်းအထိ သင်ကြားအောင်မြင်ခဲ့သည်။ အလယ်တန်းပညာကို ဒေးဒရဲမြို့ ဆရာကြီးဦးဘရှိန်ကျောင်း၌ သင်ကြားခဲ့သည်။ ထို့နောက် ရန်ကုန်မြို့သို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၄၈ ခုနှစ်တွင် တပ်ရင်း(၄) အရန်တပ်၊ အေယူအမ်ပီ တပ်ခွဲ(၁)တွင်တပ်ကြပ်ကြီးအဆင့်ဖြင့်ဝင်ရောက်အမှုထမ်းသည်။ကေအင်ဒီအိုသောင်းကျန်းသူများလက်မှ ထားဝယ်နှင့် ရေးမြို့သိမ်းတိုက်ပွဲများတွင် ပါဝင်ခဲ့သည်။ တိုက်ကြီး၊ ဖလုံ၊ ဥက္ကံ၊ သုံးဆယ်၊ သာယာဝတီ တိုက်ပွဲများတွင် ရန်ကုန်ဘဆွေနှင့် ဗိုလ်မှူးထွန်းတင် တို့၏ ကွပ်ကဲမှုအောက်၌ တာဝန်ထမ်းဆောင်ခဲ့ရသည်။

ထို့နောက် ကျန်းမာရေးအရ တပ်မှထွက်ခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် တီယူစီဘီဌာနချုပ်တွင် ဗဟိုစည်းရုံးရေးမှူး တာဝန်ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

ထိုစဉ်က ဆရာချယ်နှင့်အတူ ပြည်သူ့လက်ရုံး ဂျာနယ်တွင် အယ်ဒီတာအဖြစ်ထမ်းဆောင်၍ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများ ရေးသား ခဲ့သည်။ ဆရာမင်းရှင်နောင်နှင့်တွဲ၍ 'အောင်'ဂျာနယ်ကို ထုတ်ဝေ ခဲ့သည်။ ပေဖူးလွှာမဂ္ဂဇင်းတွင် ဦးမြလှိုင်နှင့်တွဲ၍ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ဒေးဒရဲအောင်စေ အမည်ဖြင့် သတ္တိဂျာနယ်တွင် ကာတွန်း ဦးအောင်ရှိန်၊ ဗိုလ်မှူးစံမြင့်၊ ဗိုလ်ကြီးစံဝင်းတို့နှင့်အတူ အယ်ဒီတာ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

မြဝတီမဂ္ဂဇင်းတွင် 'ရေ၊ မြေ၊ လူနှင့် လုပ်အား' ဆောင်းပါး စတင် ရေးသားသည်။ ရှေ့သို့စာစောင်၌ ဆောင်းပါးအပုဒ် ၂၀ခန့် ရေးသား ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ သတင်းထောက်အဖြစ် အချိန်ပြည့် ဆောင်ရွက်ခဲ့ပြီး နေ့စဉ်ထုတ် သတင်းစာများ၌ ကမ္ဘာ့စားနပ်ရိက္ခာနေ့၊ မူးယစ်ဆေးဝါးအန္တရာယ် စသည့်ဆောင်းပါးများ ရေးသားခဲ့သည်။

၁၉၈၈ ခုနှစ်တွင် အငြိမ်းစားယူခဲ့ပြီး ၁၉၉၅ ခုနှစ်မှစ၍ ယနေ့အထိ မြန်မာ့အလင်းညွှန်ကြားရေးမှူးနှင့် အယ်ဒီတာချုပ်တို့၏ တာဝန်ပေးချက်အရ စာဖောင်စစ်အဖြစ် လုပ်ကိုင်လျက်ရှိသည်။

**နေရပ်လိပ်စာ။** ။တစ်ဆင့် ကိုစိုး၊ အမှတ်-၁၂၈၃၊ သစ္စာလမ်း၊ ၁၁-ရပ်ကွက်၊ ရန်ကင်း၊ ရန်ကုန်မြို့။



www.burmeseclassic.com



# ဆရာကြီး ဦးထင်အောင် (ထင်အောင်-ကာယပညာ)

ဆရာကြီးဦးထင်အောင်ကို ၁၂၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် (၂-၉-၁၉၂၂)နေ့တွင် ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ဘုရားကြီးရွာတွင် အဖဦးဘိုးမြင့်၊ အမိဒေါ်ရွှေလုံးတို့မှ မွေးဖွားသည်။

အားကစား-ကာယပညာ ဒီပလိုမာ (D.H.E.K) လိုက်ပဇစ် (ဂျာမနီ) ရရှိခဲ့သည်။၁၉၅၉ ခုနှစ်မှစ၍ မဏ္ဍိုင်သတင်းစာ၊ တံခွန်အားကစား ဂျာနယ်တို့တွင် အားကစားဆောင်းပါးများ စတင်ရေးသားသည်။ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကော်မတီမှ တစ်ဆင့် အားကစား နှင့် ကာယပညာဦးစီးဌာနတွင် လက်ဝှေ့နည်းစနစ်မှူးအဖြစ် နှစ်ပေါင်း ၃၀ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၆ မှ ၁၉၆၉ ခုနှစ်အထိ ရန်ကင်းမြို့နယ်သဟာယအသင်းတွင် အားကစားအတွင်းရေးမှူးအဖြစ် စေတနာ့ဝန်ထမ်းကူညီဆောင်ရွက်ပြီး အားကစားချန်ပီယံများဖော်ထုတ်ခဲ့သည်။ လက်ဝှေ့နည်းပြပိုင်းတွင် ကျွန်းဆွယ်ချန်ပီယံများ ဖော်ထုတ်ခဲ့သည်။ ၁၉၇၂ ခုနှစ်၊ ကမ္ဘာ့အိုလံပစ် မြူးနစ်ပွဲတော်သို့ နိုင်ငံတော်အတွက် လက်ရွေးစင်နှစ်ဦး စေလွှတ်နိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။ ဆရာကြီးကို



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်က အားကစားပညာတော်သင်အဖြစ် ဂျာမနီနိုင်ငံသို့ စေလွှတ်ခဲ့သည်။ Scientific Training on Boxing for Defence Services (Malaysia), Sports Medicine (New Light of Myanmar) 1998, Scientific Aspects on Boxing (Bangkok Post) Thailand, 8-6-2003, Myanmar (U-18) For Championship, 16-6-2003, Myanmar Close to Winning တို့ကို အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများ ရေးသားခဲ့သည်။ ကြေးမုံ၊ အင်အား၊ တက်လမ်း၊ ထွန်းတောက်ကြယ်၊ တံခွန်၊ မီးရှူးတိုင်၊ Saturday Sports, Soccer, Life Style, အား/ကာမဂ္ဂဇင်းတို့၌ ယနေ့တိုင်အောင် ဆောင်းပါးများ ရေးသားလျက်ရှိသည်။

**နေရပ်လိပ်စာ။** ။တိုက်အမှတ်-၁၄၅(ခ)၊ ဂျူးပလက်တိုက်၊ ရန်နိုင်လမ်းသွယ်(၉)၊ အရှေ့ရန်ကင်း၊ ရန်ကုန်မြို့၊ ဖုန်း ၅၇၉၃၄၈။



www.burmeseclassic.com



# ဆရာကြီး ဦးကျော်ဝင်း (ညိုဝင်း)

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံရှမ်းစုရွာတွင် အဖ ဦးဘိုးရှင်း (ကျောင်းအုပ်ဆရာကြီး)၊ အမိဒေါ်ရွှေရည်တို့မှ ၁၂၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၇-ရက် (၁၁-၂-၁၉၂၄)ရက်နေ့တွင် ဖွားမြင်သည်။ မြန်မာအထက်တန်းဆရာဖြစ်အောင်ခဲ့သည်။

၁၃၀၀ပြည့်တွင်ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုများ စတင်ရေးသားသည်။ ၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက် မြို့နယ် ပြည်သူ့ရဲဘော်အတွင်းရေးမှူးအဖြစ်မှ အနားယူပြီး စာပေနယ်သို့ ဝင်ရောက်သည်။ ၎င်းနှစ် အောက်တိုဘာလတွင် စာရေးဆရာ သန်းဆွေနှင့်အတူ သွေးသောက်မဂ္ဂဇင်းအယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၀-၅၁ ခုနှစ်တွင် ဆရာသန်းဆွေ၊ ဆရာ စိန်ခင်မောင်ရီတို့နှင့်အတူ ကြေးမုံမဂ္ဂဇင်းတွင် လုပ်ကိုင်ခဲ့သည်။ ၁၉၅၂ခုနှစ်တွင် ကလောင်စုံမဂ္ဂဇင်းအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းနှစ် စာဆိုတော်နေ့တွင်ကျင်းပသော စာပေပြိုင်ပွဲ၌ ကဗျာပထမရွှေတံဆိပ်ဆု ရရှိသဖြင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းကိုယ်တိုင် ဆုချီးမြှင့်ခြင်း ခံရသည်။

၁၉၅၂-၅၃ ခုနှစ်တွင် မြဝတီမဂ္ဂဇင်းစတင်ထုတ်ဝေရာ



www.burmeseclassic.com

www.burmeseclassic.com

အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၄-၅၅ ခုနှစ်တွင် အစိုးရ ရုပ်ရှင်နှင့် ပြဇာတ်ဌာနခွဲ တာဝန်ခံအရာရှိနှင့် ၁၉၅၅ ခုနှစ်မှ ၁၉၆၀ပြည့်နှစ် မေလအထိ ကယားပြည်နယ်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းတွင်အလုပ်သမားအရာရှိအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၃ ခုနှစ်တွင် 'ဘဝကဗျာများ'စာအုပ်ကို စတင်ရေးသားထုတ်ဝေခဲ့သည်။ ၁၉၆၁ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ရဲကြေးမုံ 'မှူခင်း မဂ္ဂဇင်း'တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ၁၉၆၃ခုနှစ်တွင် စာရေးဆရာ ပုလိပ်အရာရှိတစ်ဦးနှင့်အတူ 'ပြစ်မှု'မဂ္ဂဇင်းကို စတင် တည်ထောင် ထုတ်ဝေသည်။ ၁၉၆၆ မှ ၆၈ ခုနှစ်အထိ မြစာပေတိုက် မန်နေဂျာအဖြစ် လုပ်ကိုင်ရင်း 'မှောင်လွန်းသောညများ' ဝတ္ထုကို ရေးသားခဲ့ရာ ထိုဝတ္ထုမှာ ၁၉၆၇ ခုနှစ် အမျိုးသားစာပေဆုရရှိခဲ့သည်။ ၁၉၆၈ မှ ၁၉၇၀ ပြည့်နှစ်များ အထိ ကိုယ်ပိုင်ရတနာမိုးစာပေနှင့် ပုံနှိပ်တိုက်တည်ထောင်ပြီး ဝတ္ထုများရေးသားခဲ့ရာ လုံးချင်းဝတ္ထုပေါင်း (၁၅၀)ခန့် ရေးသားခဲ့ပြီး ကဗျာ၊ ဝတ္ထုတို/ရှည်များကို မဂ္ဂဇင်းများတွင် အများအပြားရေးသားခဲ့သည်။

ရန်ကင်းမြို့နယ် စာပေလုပ်သားအဖွဲ့တွင် အမှုဆောင် တာဝန်နှင့် မြန်မာစာအဖွဲ့ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။၁၉၉၉ခုနှစ်၊၄၅နှစ် မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေ ပြိုင်ပွဲနှင့် 'သမိုင်းဖြစ်မှန် ထာဝရ အမိဌာန်' ကဗျာရှည်ဖြင့် ကဗျာရှည်အဆင့်(၁)တွင် ပထမ ရရှိခဲ့သည်။ ၃၁-၁၂-၂၀၀၀ ပြည့်နှစ်တွင် 'ကျေးဇူးသစ္စာ မြတ်ပဏ္ဏာ' ရန်ပုံငွေအဖွဲ့မှ ရွေးချယ်သော စာပေနှင့်အနုပညာရှင်ကြီးများနှင့် တိုင်းကျိုးပြည်ကျိုး စာပေအကျိုး သယ်ပိုးမှုအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်တစ်သိန်းကို ငွေပဒေသာပင် စိုက်ထူပေးခဲ့သည်။ ရေးသားခဲ့သော ဝတ္ထုများအနက်မှ ဝတ္ထု(၁၄)ပုဒ်ကို ရုပ်ရှင်အဖြစ်နှင့် ဝတ္ထုနှစ်ပုဒ်ကို ဗီဒီယိုအဖြစ် ရိုက်ကူးပြသခဲ့သည်။

**နေရပ်လိပ်စာ**။ ။အမှတ်-၃၁၅၊ ကန်ဘဲ့ဘုတာရုံလမ်း၊ (၁၁) ရပ်ကွက်၊ ရန်ကင်း၊ ရန်ကုန်မြို့၊ ဖုန်း ၅၇၉၃၄၈။



www.burmeseclassic.com

www.burmeseclassic.com



## ဆရာကြီး ဦးမြင့်အောင် (ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ စီးပွားရေးစီမံကိန်း ဒီပလိုမာ)

တောင်တွင်းကြီးမြို့၊ မောင်းတိုင်ရပ်နေ အဖကျောင်းအုပ်ဆရာကြီး ဦးဘိုးထိန်နှင့်အမိဒေါ်ခင်မေတို့မှ ၁၂၈၆ခုနှစ်၊တန်ခူးလဆုတ် ၁-ရက် (၁၉-၄-၁၉၂၄)နေ့တွင် တောင်တွင်းကြီးမြို့၌ မွေးဖွားသည်။

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့၊ ဥပဒေဝိဇ္ဇာဘွဲ့နှင့် စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးစီမံကိန်းဒီပလိုမာများရခဲ့သည်။မြို့ပိုင်၊ မြို့နယ်ရာဇဝတ်တရားသူကြီး၊အထက်တန်းပြဆရာနှင့် သွင်းကုန်ထုတ်ကုန်ကော်ပိုရေးရှင်း ဝန်ထမ်းတာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၅၇-ခုနှစ်မှစ၍ အိုးဝေသတင်းစာနှင့် ရွှေမောင်းသတင်းစာတို့တွင် ဆောင်းပါးများရေးခြင်း၊ ဥပဒေစာအုပ်ပေါင်း ၅၀ခန့် ရေးသားခြင်း၊ ခတ္တိယ၊ စက်မှုလက်မှု သတင်းစဉ်၊ ကနောင်၊ ငွေတာရီ စသည့် ဂျာနယ်၊ မဂ္ဂဇင်းများတွင် ဥပဒေရေးရာ ဆောင်းပါးပေါင်း ၅၀၀ကျော်ခန့် ရေးသားခဲ့သည်။ယခုအခါ တရားရုံးချုပ်ရှေ့နေကြီးအဖြစ်ဆောင်ရွက်ရင်း ဥပဒေရေးရာနှင့် ပတ်သက်သော စာအုပ် (၂၅)အုပ်ကိုလည်း ဆက်လက်ရေးသားပြုစုနေဆဲဖြစ်သည်။

**နေရပ်လိပ်စာ။** ။အမှတ်(၁)၊ ခြံအမှတ် ၈/၁၀၊ မိုးကောင်းလမ်းသွယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်း။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးလှမြိုင် (ကိုဆောင်း)

အဖဦးဘကျော်၊ အမိဒေါ်လှခင်တို့မှ မော်လမြိုင်မြို့၌ ၁၂၈၆ခု၊ တန်ခူးလဆန်း ၁၀ရက်၊ (၂-၄-၁၉၂၅)ရက်နေ့တွင် မွေးဖွားသည်။ မော်လမြိုင်ဂျပ်ဆင်ကျောင်း၊ မန္တလေးဝက်စလီကျောင်းများတွင် မူလတန်းနှင့်အလယ်တန်းပညာသင်ခဲ့ပြီး ရန်ကုန်ကူရှင်ကျောင်းမှ (၁၉၄၀)တွင် (၁၀)တန်းအောင်ခဲ့ရာ၊ အစိုးရစကောလားရှစ်ဆုနှင့် တစ်ပြည်လုံး **A.B.M**ကျောင်းများတွင် ပထမရ၍ ဂျပ်ဆင်ကောလိပ်မှပေးသော **Reverend Cummings'** စကောလားရှစ်ဆု ဆုနှစ်ဆုကို ရရှိခဲ့သည်။ ကူရှင်ကျောင်းမှချီးမြှင့်သော ၁၉၄၀ခုနှစ် ဆရာကြီး ဦးဘ၏ ရွှေတံဆိပ် **U Ba Gold Medal** ကို ရရှိခဲ့သည်။ ဂျပ်ဆင်ကောလိပ်တွင် ဥပစာ (သိပ္ပံ) အထက်တန်းအထိ ပညာသင်ယူခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း (၁၉၄၁)ခုနှစ်တွင် **B.I.N** ဗမာ့လွတ်လပ်ရေး ရေတပ်မတော်သို့ စတင်ဝင်ခဲ့ပြီး ဂျပန်ရေကြောင်း ပညာသင်ကျောင်းအရာရှိသင်တန်း ပထမအပတ်မှ အောင်မြင်၍ **Acting Captain** တာဝန်ကို ခေတ္တယူခဲ့သည်။ ထို့နောက် ဗမာ့ တပ်မတော်အချက်ပြဆက်သွယ်ရေးတပ်၊ ထို့နောက် ဖက်ဆစ်တော်လှန်ရေးတွင် ဒေးဒရဲနှင့်ဖျာပုံဌာနချုပ်၊ ထို့နောက်တိုင်း(၄) ပဲခူး(၁၀၂) တပ်ရင်းတွင်



www.burmeseclassic.com

www.burmeseclassic.com

တော်လှန်ရေးပြီးဆုံးသည်အထိ တာဝန်ယူခဲ့သည်။ (၁၉၆၃)ခုနှစ်၊ ဩဂုတ်လတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ တာဝန်ပေးချက်အရ တော်လှန်ရေးကောင်စီအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနမှ စတင်ထုတ်ဝေခဲ့သော လုပ်သားပြည်သူ့နေ့စဉ်သတင်းစာကို စတင်ထူထောင်ထုတ်လုပ်ရာ၌ ပါဝင်ခဲ့သည်။

ပထမအယ်ဒီတာချုပ် ဆရာကြီးရွှေဥဒေါင်း လက်အောက်တွင် လက်ထောက်အယ်ဒီတာ၊ ထို့နောက် တွဲဖက်အယ်ဒီတာ (ဒုတိယအယ်ဒီတာချုပ်)အဖြစ် (၄)နှစ်တာဝန်ယူခဲ့ပြီး (၁၉၆၈)မှ (၁၉၈၅)အထိ အယ်ဒီတာချုပ်အဖြစ် (၁၈)နှစ်၊ စုစုပေါင်း လုပ်သား ပြည်သူ့နေ့စဉ်တွင် (၂၂)နှစ် တာဝန်ယူခဲ့သည်။

(၁၉၆၆)ခုနှစ် စာပေလုပ်သားအဖွဲ့ဖြစ်မြောက်ရေးကော်မတီ (ဥက္ကဋ္ဌ-ဆရာမင်းသုဝဏ်)တွင် ဗဟိုအမှုဆောင်ဝင်အဖြစ် တာဝန်ယူခဲ့ပြီး၊ စာပေလုပ်သားအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီတွင် (၁၉၈၈) ခုနှစ်ထိလည်းကောင်း၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် စတင်တည်ထောင်သော (၁၉၈၉/၉၀)မှအစပြု၍ ဗဟိုအမှုဆောင်ကော်မတီဝင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း (၁၂)နှစ်တာဝန်ယူခဲ့ပြီး၊ (၂၀၀၀) ပြည့်နှစ် ဖေဖော်ဝါရီမှစ၍ ယနေ့တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက်ရှိသည်။ ၂၀၀၂ခုနှစ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယညီလာခံတွင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။စာပေလုပ်သား အဖွဲ့၏ ညီလာခံသုံးကြိမ်နှင့် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ညီလာခံသုံးကြိမ်တို့ကို ဦးဆောင်အဖွဲ့တွင် တာဝန်ယူခဲ့သည်။

(၁၉၆၅)ခုနှစ်တွင် အနောက်ဂျာမနီ F.R.G သို့ ပြန်ကြားရေးအဖွဲ့ဝင်အဖြစ် သွားရောက်ခဲ့သည်။ (၁၉၆၈)တွင် ဆိုဗီယက်ယူနီယံ U.S.S.R ၊ (၁၉၇၃)တွင်အရှေ့ဂျာမနီ G.D.R နှင့် (၁၉၇၄)တွင် U.S.A သို့ သတင်းစာအဖွဲ့ခေါင်းဆောင်အဖြစ် သွားရောက်ခဲ့သည်။

www.burmeseclassic.com

(၁၉၉၅)တွင်ပါကစ္စတန်နိုင်ငံတွင် ကျင်းပခဲ့သည့် နိုင်ငံတကာ အသိပညာရှင်များ ကွန်ဖရင့်သို့ တက်ရောက်ခဲ့သည်။

'ရှေ့သို့'ဂျာနယ်၊ လုပ်သားပြည်သူ့နေ့စဉ်နှင့် ပြည်သူပိုင် သတင်းစာများ၊ မြဝတီ၊ ငွေတာရီ အစရှိသည့် မဂ္ဂဇင်းများတွင် ခေါင်းကြီးများ၊ ဆောင်းပါးများ ရေးသားခဲ့သည်။ မြန်မာ့ စီးပွားရေး ဂျာနယ်နှင့် ရတနာပုံမဂ္ဂဇင်းတို့ကို ဦးစီးထုတ်ဝေခဲ့သည်။

နိုင်ငံဂုဏ်ရည်မဂ္ဂဇင်းတွင်စာပေနှင့် စာနယ်ဇင်းအဖွဲ့သမိုင်း ကို အခန်းဆက်ရေးသားလျက်ရှိပြီး သမိုင်းစာအုပ် အတွဲ(၁)ကို (၂၀၀၂)ခု ဇွန်လက ထုတ်ဝေခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် (၁၉၈၉)ခုနှစ်မှ ယနေ့ တိုင် တာဝန်ယူလျက်ရှိသည်။

ချမ်းမြေ့ရိပ်သာ၊ သဒ္ဓမ္မရံသီရိပ်သာ၊ ညောင်ကန်အေးရိပ်သာ များတွင် နာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဝေနေယျသုခ ရေချမ်းစင်အသင်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဇီဝိတဒါန သံဃာ့ဆေးရုံတွင် အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကအဖြစ်လည်းကောင်း တာဝန်ယူလျက်ရှိသည်။

နိုင်ငံတော်က ချီးမြှင့်သော လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊လွတ်လပ်ရေးစည်းရုံးမှုတံဆိပ်၊လွတ်မြောက်ရေးတံဆိပ် တို့ကိုရရှိခဲ့သည်။၂၀၀၄ခုနှစ်၊ နိုင်ငံတော်လွတ်လပ်ရေးနေ့ ပြန်တမ်း တွင် ဝိဇ္ဇာပညာထူးချွန်ဆုတံဆိပ် (ဒုတိယဆင့်)ကို ရရှိခဲ့သည်။

**နေရပ်လိပ်စာ။** ။တိုက်အမှတ်(၂၄၈)၊ အခန်း(၉)၊ ရန်ကင်းမြို့နယ်၊
ဖုန်း - ၅၅၅၉၆၉ / ၀၉ ၈၀ ၂၃၉၆၅



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးဝမ်းတင် (ဟံသာ)

၁၂၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် (၂၃-၁၀-၁၉၁၆) ရက်နေ့တွင် မုဒုံမြို့နယ်၊ ညောင်ကုန်းကျေးရွာ၌ ဦးသိန်းတင်၊ ဒေါ်စိန်မှုန်တို့က မွေးဖွားသည်။

ညောင်ကုန်းရွာ မူလတန်းကျောင်း၊ မုဒုံမြို့အလယ်တန်းကျောင်း၊ မန္တလေးမြို့ အထက်တန်းကျောင်းများတွင် ပညာသင်ကြားခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့တို့ကို ရရှိခဲ့သည်။ မြန်မာနိုင်ငံဝန်ထမ်း (အထက်တန်း)အဖွဲ့တွင် ရာထူးအမျိုးမျိုးဖြင့် ၃၃နှစ်တိုင်တိုင် အမှုထမ်းခဲ့ပြီး ၁၉၇၉ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

၁၉၃၇ ခုနှစ်မှစ၍ ဥပစာကောလိပ်မဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်း၊ ဂျပ်ဆင်ကောလိပ်မဂ္ဂဇင်း စသည့်မဂ္ဂဇင်းစာစောင်များတွင် ဟံသာ၊ စွယ်တစ်ချောင်း၊ ကျော်ထင်၊ တင်စော၊ တောက်တဲ့စသည့် ကလောင်အမည်များဖြင့် ဝတ္ထု၊ ဆောင်းပါးများ ရေးသားခဲ့သည်။ စာပေဗိမာန်စာမူဆု ၂ ကြိမ်ရရှိပြီး ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏ တာဝန်ပေးချက်အရ ရွှေတိဂုံစေတီတော်ဂေါပက အဖြစ်ဆောင်ရွက်ရင်း ‘ရွှေတိဂုံပုံတူစေတီသမိုင်း’၊ ‘မြတ်ဘုရားရွှေတိဂုံစောင့်ရှောက်ထိန်းသိမ်းပုံ’ စာအုပ်များရေးသားပြုစုခဲ့သည်။ ယခုရွှေပြည်သာမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နာယက အဖြစ်ဆောင်ရွက်လျက်ရှိသည်။

**နေရပ်လိပ်စာ** - အမှတ် ၃၁/၁၁၂၊ အမှတ် (၂) ရပ်ကွက်၊ ရွှေပြည်သာမြို့။



www.burmeseclassic.com

www.burmeseclassic.com



## ဆရာကြီး ဦးဆိုက်ကျင် (ဆိုက်ကျင်သတင်းထောက်)

၁၂၈၁ ခုနှစ်၊ တန်ခူးလဆန်း (၁) ရက် (၁၉-၃-၁၉၂၀) နေ့တွင် ဦးဘိုးရှမ်း၊ ဒေါ်ဖွားခင်တို့မှ ရန်ကုန်တိုင်း၊ ဟံသာဝတီခရိုင်၊ သုံးခွမြို့တွင် မွေးဖွားခဲ့သည်။

ရန်ကုန်မြို့၊ မြို့မအထက်တန်းကျောင်းတွင် (၇)တန်းအထိ ပညာသင်ခဲ့သည်။ ရန်ကုန်သတင်းစာ၊ ကြေးမုံသတင်းစာ၊ ယုဝတီ သတင်းစာ၊ နိုင်ငံသစ်သတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ သံတော်ဆင့်သတင်းစာ၊ မန္တလေးလူထုသတင်းစာ၊ ဟံသာဝတီသတင်းစာများ တွင် ဖြန့်ချိရေးနှင့် သတင်းထောက်လုပ်ငန်းကို တွဲဖက်လုပ်ကိုင်ခဲ့ရာ ယခုအချိန်အထိဖြစ်သည်။

စာပေညီလာခံသို့ သုံးခွမြို့မှ ညီလာခံကိုယ်စားလှယ်အဖြစ် ၁၉၉၇ခုနှစ်တွင် တက်ရောက်ခဲ့သည်။ သုံးခွမြို့စာပေနှင့် စာနယ်ဇင်း အဖွဲ့တွင် နာယကဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် (၁)၊ ဓမ္မစေတီလမ်း၊ (၁၁) ရပ်ကွက် သုံးခွမြို့။

www.burmeseclassic.com



# ဆရာကြီး ဦးဘဝိုင် (ရွှေဘူးမင်းဇေယျာ)

မကွေးတိုင်း၊ မင်းဘူးခရိုင်၊ ငဖဲမြို့တွင် ၁၂၇၇ ခုနှစ် တန်ခူးလဆန်း (၁၀)ရက် (၁၂-၄-၁၉၁၆)တွင် အဖ တိုင်းရင်းဆေးဆရာကြီး ဦးသာထွန်း၊ အမိ ဒေါ်တုပ်တို့မှ ဖွားမြင်သည်။ မင်းဘူးမြို့ အစိုးရ အထက်တန်းကျောင်း ရေနံချောင်းမြို့ ဦးဟန်သာ တိုင်းရင်း မြန်မာ အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့ပြီး ဒသမတန်း အောင်မြင်ခဲ့သည်။ မော်လမြိုင်မြို့၊ အစိုးရနော်မန်ကျောင်းမှ အထက်တန်းဆရာအဖြစ် သင်တန်းအောင်မြင်ပြီး ၁၉၃၈ ခုနှစ် ဒုတိယ ကမ္ဘာစစ်အတွင်း မူလတန်းကျောင်းအုပ်နှင့် အလယ်တန်းပြဆရာ လုပ်ကိုင်ခဲ့သည်။ မင်းဘူးခရိုင် အရှေ့ခရိုင် အရှေ့အာရှ လူငယ်အသင်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၆ ခုနှစ်၊ အထက်တန်းကျောင်းသားဘဝမှစ၍ ဒီးဒုတ်ဂျာနယ်တွင် 'စနေနံဘုရား' ဟူသော ဝတ္ထုတိုဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ စစ်ကြိုခေတ်နှင့် ဂျပန်ခေတ်တွင် 'ရွှေဘူး ခင်ဝိုင်' ကလောင်အမည်ဖြင့် ဒီးဒုတ်ဂျာနယ်၊ ရုပ်ရှင်သဘင်ဂျာနယ်၊ သူရိယ မဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း၊ သောကြာစာစောင်များတွင် ဝတ္ထုတို၊ ကဗျာ၊ စာညွှန့်ခေတ်စမ်းစာပေ (သုတ-ရသ)များ ရေးသားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၃၉ - ၁၉၄၀ ခုနှစ်အတွင်း မင်းဘူးမြို့ မြန်မာ့အလင်းသတင်းစာ အကျိုးဆောင်သတင်းထောက်အဖြစ် ဆောင်ရွက်သည်။ ဂျပန်ခေတ်တွင် မြန်မာနိုင်ငံစာရေးဆရာ အသင်းဝင်တစ်ဦးဖြစ်ခဲ့သည်။ ယခုချိန်ထိ 'ရွှေဘူး မင်းဇေယျာ' ကလောင်အမည်ဖြင့် စာနယ်ဇင်းများတွင် သုတ၊ ရသ၊ ဂန္ထဝင်၊ ဘာသာရေးဆောင်းပါးများ ရေးသားလျက်ရှိပါသည်။

၁၉၈၂ မှစ၍ တိုင်းလူမှုဝန်ထမ်းဦးစီးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့ပြီး ၁၉၉၁ ခုနှစ် မှ ၂၀၀၂ ခုနှစ်အထိ သဃ်န်းကျွန်းမြို့နယ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး ၂၀၀၂ ခုနှစ်မတ်လမှစ၍ နာယကနှင့် ညီလာခံကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လျက် စာပေများရေးသားလျက်ရှိသည်။

**နေရပ်လိပ်စာ** - အမှတ် ၆၀၉၊ ကြိုးစက်လမ်းသွယ်၊ ဆ/က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးထွန်းမြိုင် (ချစ်ဒါလီ)

၁၂၈၄ ခုနှစ် ဝါခေါင်လဆုတ် (၁၂) (၁၉-၈-၁၉၂၂) ရက်တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ အဖ ဦးကောင်း၊ အမိ ဒေါ်ဒါနုတို့မှ မွေးဖွားသည်။ ငယ်စဉ်က ကျောက်ဖြူဟိုက်စကူးကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ရန်ကုန်တက္ကသိုလ်တွင် ပညာများဆက်လက်ဆည်းပူးခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ဘီအေ-ဒီဂရီ (ပထမဆုံး သတင်းစာဒီပလိုမာ) ရရှိခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ကဗျာများကို တာရာမဂ္ဂဇင်း၊ ရှုမဝ၊ မြဝတီ နှင့် ငွေတာရီတို့တွင် စတင်ရေးသားသည်။ ကလောင်အမည်မှာ (ချစ်ဒါလီ) ဖြစ်သည်။ ကားပြာရှင်ငဲ့၊ အိမ်ပြန်ခရီး ကဗျာတို့ကို တာရာမဂ္ဂဇင်းတွင် စတင်ရေးသားသည်။ ဝန်ကြီး၏ အတွင်းရေးအတွင်းဝန်၊ ဗမာ့ခေတ်သတင်းစာအယ်ဒီတာ၊ လမ်းစဉ်သတင်းစာအယ်ဒီတာ တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၄၉-၅၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ရခိုင်တန်ဆောင်မဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၅၀-၅၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းအယ်ဒီတာတာဝန်များကို ထမ်းဆောင်ခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၂၄)၊ သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးလှအောင် (ဘကြီးအောင်)

၁၂၇၇ ခုနှစ် တန်ခူးလဆန်း (၁၀)ရက် (၁၂-၄-၁၉၁၆) တွင် ရန်ကုန်မြို့၊ လသာလမ်း၌ မွေးဖွားခဲ့သည်။ ၁၉၃၆ ခု မှ ၄၀ ပြည့်နှစ် အထိ စတီးဘရားသားကုမ္ပဏီတွင် စပါးအဝယ်တော်အဖြစ် လုပ်ကိုင်ခဲ့ သည်။ ၁၉၄၂ - ၄၄ ဂျပန်ခေတ်တွင် ဆန်စက်လုပ်ငန်းနှင့် ၁၉၄၅ မှ ၅၃ အထိ မြန်မာကိုယ်စားလှယ် လီမိတက်တွင် အရောင်း မန်နေဂျာ လုပ်ကိုင်ခဲ့သည်။

၁၉၅၄ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ဆန်အကဲဖြတ်အဖွဲ့ဝင် တာဝန်နှင့် ၁၉၆၂ မှ ၁၉၈၇ ထိ ဂုဏ်ထူးဆောင်နည်းပြဆရာအဖြစ် ကုန်သွယ်လယ်ယာသင်တန်းကျောင်းတွင် ဆန်စပါးနှင့် အကဲဖြတ် ဘာသာရပ်များကို ပို့ချပေးခဲ့ရသည်။ ၁၉၈၇ ခုနှစ်တွင် ပင်စင်ယူခဲ့ ပါသည်။

၁၉၈၀ မှစ၍ ဘကြီးအောင် ကလောင်အမည်ဖြင့် ဆန်စပါး ဆောင်းပါးများကို ဗိုလ်တထောင်၊ ကြေးမုံနှင့် မြန်မာ့အလင်း သတင်း စာများတွင် ရေးသားခဲ့သည်။ ဘကြီးအောင်စာပေ ထုတ်ဝေခွင့်ဖြင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။ လှိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် နာယက အဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

**နေရပ်လိပ်စာ-** အမှတ် ၁၈၊ အခန်း ၄၊ မယ်ဇီကုန်းလမ်း၊ ၇ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။



www.burmeseclassic.com



# ဆရာကြီး ဦးဟံစိန် (ဒဂုန်ဦးဟံစိန်)

၁၂၈၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၅ ရက် (၁၂-၇-၁၉၁၈) ၌ ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့နယ်၊ အိုင်သပြုရွာတွင် မွေးဖွားခဲ့သည်

တိုင်းရင်းဆေးဆရာလုပ်ငန်း လုပ်ကိုင်နေသူဖြစ်သည်။ မူလ ဓမ္မာစရိယအကျော် အောင်မြင်ခဲ့သည်။ ၁၇ နှစ်သား အရွယ်ခန့်ကပင် ပရိယတ္တိအကျော်တန်း အာဂုံပြန်ဖြေ၊ ရေးဖြေ အောင်မြင်ခဲ့သည်။

ပရမတ္တဆရာကြီးဆရာသင်၏ပရမတ္တအလင်းပြဆေးကျမ်းနှင့်ဘိန္ဓော အလင်းပြဆေးကျမ်း၊ ပထမကျော် ဆရာသိန်း၏ ပုဂ္ဂလိက ပညတ်ဓာတ် ပညာအလင်းပြကျမ်းများကိုရိုက်နှိပ်ရာတွင် တည်းဖြတ်ခဲ့သည်။

ဗုဒ္ဓဓမ္မလောကစာစောင်၊ ဗုဒ္ဓသာသနာပြုစာစောင်၊ ဓမ္မဗျူဟာ စာစောင်တို့တွင် ဘာသာရေးဆောင်းပါးများကို ၁၉၈၂ခုနှစ်မှစ၍ရေး သားခဲ့သည်။စမ်းဦးသာသန၊သဲတစ်ပွင့်၊မယံမြင့်သန်းဟူသော ကလောင် အမည်များဖြင့်ရေးခဲ့ပြီးဒဂုန်ဦးဟံစိန်အမည်ဖြင့် ဆက်လက် ရေးသားခဲ့ သည်။ ပရမတ္တတိုင်းရင်းဆေးသိပ္ပံကျောင်းကို ဖွင့်လှစ်၍ တိုင်းရင်းမြန်မာ ဆေးပညာကို သင်ကြားလျက်ရှိသည်။ဒေသနာနယ၊ ဘေသဇ္ဇနယနှင့် ဒနက္ခတနယဘာသာစကားပြေများကို ရေးသားပို့ချခဲ့ပြီး "ကုသမှုဆိုင်ရာ ပူအေးနှစ်ဖြာ" တိုင်းရင်းဆေးပညာစာအုပ်ကို ရေးသားခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ်-၁၊ မာလာမြိုင် (၉)လမ်း၊ (၁၆)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးတင်ဦး (နာဂတင်ဦး)

၁၂၇၉ ခုနှစ် တပေါင်းလဆုတ် (၁၃) ရက် (၉-၃-၁၉၁၈) ရက် နေ့တွင် အဘဦးဘပု၊ အမိဒေါ်တင့်တို့မှ သထုံမြို့၌ မွေးဖွားသည်။

၁၉၃၈- ခုနှစ်တွင် သထုံမြို့မှ ၁၀-တန်းအောင်မြင်ခဲ့ပြီး ၁၉၄၂- ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေအောင်ခဲ့သည်။ ၁၉၄၅- ခုနှစ်မှ စ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လက်ထောက်မြို့ပိုင်၊ မြို့ပိုင်၊ နယ်ပိုင်ဝန်ထောက်၊ ခရိုင်ဝန်၊ ဒုတိယအတွင်းဝန်နှင့်တိုင်းမင်းကြီး စသည်ဖြင့် အမှုထမ်းခဲ့ပြီး ၁၉၇၈-ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

ဝန်ထမ်းအဖြစ် အမှုထမ်းရွက်စဉ်ကာလအတွင်း တာဝန်ကျရာ ဒေသရှိ တိုင်းရင်းသားများ၏ဘဝယဉ်ကျေးမှု၊ ဓလေ့ထုံးစံစသည်များကို လေ့လာမှတ်သားကာ ဆောင်းပါးနှင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင် စုသမ္မတနိုင်ငံတို့သို့ လေ့လာရေးအဖွဲ့နှင့်အတူ သွားရောက် လေ့လာ ခဲ့သည်။

၁၉၈၉- ခုနှစ်၊ စာပေဗိမာန်စာမူဆုဝတ္ထုရှည် တတိယဆုကို "နာဂမြေမှ ရတနာ" စာမူဖြင့် ရရှိခဲ့သည်။

**နေရပ်လိပ်စာ** - တိုက်၇၊ အခန်း၂၀၂၊ ခပေါင်းလမ်း၊ ၁၀ရပ်ကွက်၊ လှိုင်မြို့နယ်၊ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးဆွဲ (မောင်သစ္စာ-သမိုင်းသုတေသန)

အဘဦးဖိုးချွန်း၊ အမိဒေါ်ပဲသာတို့မှ ၁၂၈၂ ခုနှစ် တော်သလင်းလဆုတ် (၃)ရက် (၃၀-၉-၁၉၂၀)တွင်မွေးဖွားခဲ့သည်။ တိုင်းရင်းမြန်မာဘာသာ ဒသမတန်းနှင့် အထက်တန်းမြန်မာဆရာအဖြစ် (၁၉၄၀ နှင့်၁၉၄၁) ကိုအောင်မြင်ခဲ့သည်။

မူလတန်းကျောင်းအုပ်နှင့် အထက်တန်းမြန်မာစာပြဆရာ၊ လူထုပညာရေးမှူး၊ ကျောက်စာကူး အမှုထမ်း (အထက်တန်း)၊ သုတေသနလက်ထောက် ပထမအဆင့်၊ လှိုင်မြို့နယ်၊ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့တာဝန်များကို ထမ်းဆောင်ခဲ့ပြီး သမိုင်းသုတေသနဌာနမှ (၃-၈-၇၉)ရက်နေ့တွင် သက်ပြည့်အငြိမ်းစားယူခဲ့သည်။ ပညာတန်ဆောင်မဂ္ဂဇင်းတွင် (၁၆-၅-၈၁)မှ(၃၁-၅-၉၆) အထိ ရုံးအဖွဲ့မှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ကျောင်းသားဘဝနှင့် ကျောင်းဆရာဘဝက မိမိကျောင်းဆိုင်ရာ လက်ရေးမဂ္ဂဇင်းများကို ရေးသားထုတ်ဝေခဲ့သည်။

"ကယားတို့ဌာနီ" ဆောင်းပါးဖြင့် လူထုပညာမဂ္ဂဇင်းနှင့် စာပေဗိမာန်မဂ္ဂဇင်းတို့တွင် ရေးသား၍စာပေနှင့်စာနယ်ဇင်းလောကသို့ ရောက်ရှိခဲ့သည်။ညို့အေး(လူထုပညာရေး)၊ မောင်သစ္စာ (သမိုင်း



www.burmeseclassic.com

www.burmeseclassic.com

သုတေသန) ၊ မောင်ဆွဲ (ပညာတန်ဆောင်) ကလောင်အမည်တို့ဖြင့် လူထုပညာ၊ စာပေဗိမာန်၊ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်၊ ငွေတာရီ၊ စာပေလုပ်သား၊ ပညာတန်ဆောင်၊ စန္ဒာ၊ မြဝတီ၊ ရုပ်ရှင် စသည့်မဂ္ဂဇင်းများနှင့် ရုပ်ရှင်သတင်းစဉ်၊ သောကြာစာစောင်နှင့် မြန်မာ့အလင်းသတင်းစာများတွင် ကဗျာများ၊ ရှေးဟောင်းယဉ်ကျေးမှု ဆိုင်ရာနှင့် ရုပ်ရှင်၊ ဂီတ၊ အနုပညာဆိုင်ရာ ဆောင်းပါးများ ရေးသား ခဲ့သည်။

မြန်မာ့မြင်းခင်းတော်ပွဲ၊ မြန်မာ့လှေသဘင်ပွဲ၊ သီချင်းကပြော သော ရုပ်ရှင်သမိုင်း၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်၊ သီချင်းကြီးတေး သရုပ်ဖော် စသည့် အသံလွှင့်ဆောင်းပါးများကို ရေးသား၍ အခါ အားလျော်စွာ မြန်မာ့ရုပ်မြင်သံကြားဌာနမှ ကိုယ်တိုင်ပါဝင် ထုတ်လွှင့် ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၂ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေပြိုင်ပွဲတွင် “မြန်မာ့ရှေးဟောင်းမင်စာနှင့် မြန်မာ့ယဉ်ကျေးမှု” စာမူဖြင့် သုတေသနစာပေဘာသာရပ်တွင် ပထမဆု ရရှိခဲ့သည်။

**နေရပ်လိပ်စာ** - အမှတ် (၄၂) (ခ)၊ မယ်စီကုန်းလမ်း၊ (၇)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ဖုန်း-၂၉၂၈၀၈



www.burmeseclassic.com

www.burmeseclassic.com



# ဒေါ်ကြန် (မကြန်)

အဖဦးကျော်ထွန်း၊ အမိ ဒေါ်ငွေနှစ်တို့မှ ၁၂၈၁ခုနှစ် ဝါဆိုလဆန်း (၁) ရက် (၁-၇-၁၉၁၉)နေ့ တွင် သံတွဲခရိုင်၊ တောင်ကုတ်မြို့၌ မွေးဖွားသည်။ သံတွဲမြို့ အစိုးရဟိုက်စကူးကျောင်းမှ ဟိုက်စကူး ဖိုင်နယ် ခေါ် ဆယ်တန်းကို ၁၉၃၅ ခုနှစ်တွင် (က) အဆင့်မှ အောင်မြင်ခဲ့သည်။

၁၉၅၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်၍ ပညာဆက်လက်ဆည်းပူးခဲ့သည်။ S.class ခေါ် အထူးတန်းအခွင့်အရေးရသဖြင့် သုံးနှစ်နှင့် ဝိဇ္ဇာဘွဲ့ကို ၁၉၅၄ ခုနှစ်တွင် ရခဲ့သည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြအဖြစ် (၂) နှစ် ဝင်ရောက်လုပ်ကိုင်သည်။ ၁၉၅၆ ခုနှစ်တွင် သမိုင်းကော်မရှင် (နောင်သမိုင်းသုတေသနဦးစီးဌာန) တွင် ကျမ်းပြုအရာရှိအဖြစ် ခန့်ထားခံရသည်။ ထိုသို့ အမှုထမ်းရင်း သမိုင်းမဟာဝိဇ္ဇာတန်းကို တက်ရောက်၍ ၁၉၅၉ ခုနှစ်တွင် မဟာဝိဇ္ဇာ (သမိုင်း) ဘွဲ့ရသည်။

နိုင်ငံသမိုင်းသုတေသနဦးစီးဌာနတွင် အကြီးတန်းသုတေသနမှူးအဖြစ် အမှုထမ်းစဉ် မြန်မာ့သမိုင်းကူးယူစုဆောင်းရေး စီမံကိန်းအရ ၁၉၅၇ ခုနှစ်နှင့် ၁၉၅၉ ခုနှစ်များတွင် အင်္ဂလန်နိုင်ငံသို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့ရသည်။ ၁၉၇၇ ခုနှစ်တွင် Cultural Award Scheme



www.burmeseclassic.com

ဖြင့် ဩစတြေးလျနိုင်ငံမြို့ကြီးများသို့ သွားရောက် လေ့လာရသည်။ သက်ပြည့်အငြိမ်းစားယူပြီးနောက် သမိုင်းသုတေသနဦးစီးဌာနမှာပင် အကြံပေးပုဂ္ဂိုလ်အဖြစ် (၄) နှစ် ဆက်လက် တာဝန်ထမ်းသည်။

သမိုင်းသုတေသန စာတမ်းကြီးငယ်များ၊ ဆောင်းပါးများ ရေးသားသည်။ မြန်မာနိုင်ငံအခြေအနေ (၁၈၈၅-၈၆) နှင့် ပဒေသရာဇ် မြန်မာနိုင်ငံ ဇာတ်သိမ်းစာအုပ်တို့ကို ပြုစုသည်။ 'ဘင်္ဂလားသွားစာတမ်း' ၊ 'ရတနာသိခ်ထွက် ရဲတင်းမော်ကွန်း'တို့ကို တည်းဖြတ်သည်။ 'ရွှေတိဂုံစေတီတော်ကြီးမှ ကြေးအုတ်များ' စာတမ်းကို ဒေါက်တာရီရီနှင့် ပူးတွဲတင်ပြသည်။ မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေး (၁၈၈၆-၁၈၉၇) လက်ရေးစာမူကို အငြိမ်းစားယူစဉ်က ရုံးသို့အပ်ခဲ့သည်။ ပုံမနှိပ်ဖြစ်သေးပါ။ မြန်မာနိုင်ငံအခြေအနေ (၁၈၈၅-၈၆) စာအုပ်ဖြင့် ၁၉၇၈ခု အမျိုးသားစာပေဆု (သုတပဋ္ဌာဆု) ချီးမြှင့်ခံရသည်။

အငြိမ်းစားယူပြီးနောက် အမှတ် (၁) စက်မှုဝန်ကြီးဌာနတွင် 'မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်း' (၆အုပ်) ကို အကြံပေးပုဂ္ဂိုလ်အဖြစ် ဝင်ရောက်ရေးသားပြုစုခဲ့သည်။

အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီဝင်၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်း ဆောင်လျက် ရှိသည်။

မြန်မာစာအဖွဲ့ဦးစီးဌာနတွင် အချိန်ပြည့်မြန်မာစာအဖွဲ့ဝင် အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**နေရပ်လိပ်စာ -** တိုက် ၅၊ အခန်း ၂၀၂၊ ရတနာမွန်လမ်းမကြီး၊ ၄ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဒေါက်တာသန်းထွန်း

၁၂၈၄ ခုနှစ် တန်ခူးလဆုတ် ၆ ရက်နေ့ (၆-၄-၁၉၂၃) တွင် ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ငါးသိုင်းချောင်းမြို့နယ် အနောက်ဘက် ကမ်းဒေါင့်ကြီးရွာ၌ အဖ ဦးဘိုးတွေ၊ အမိ ဒေါ်သင်တို့မှ မွေးဖွားသော ဒုတိယသားရတနာဖြစ်သည်။ အစိုးရအထောက်အပံ့ခံ ငါးသိုင်းချောင်း အမျိုးသားအထက်တန်းကျောင်းမှ ၁၉၃၈ ခုနှစ်တွင် ဆယ်တန်း အောင်ပြီး ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်သင်ကြားသည်။ ၁၉၄၁ ခုနှစ်တွင် ဥပစာတန်းအောင်မြင်သည်။

ဂျပန်ခေတ်တွင် အာရှလူငယ် အတွင်းရေးမှူးအဖြစ် ဖက်ဆစ် တော်လှန်ရေးတွင် ပါဝင်ခဲ့သည်။ တော်လှန်ရေးအပြီး ၁၉၄၅ ခုနှစ်တွင် ငါးသိုင်းချောင်း ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေး (ဖတပလ)အဖွဲ့၏ ပထမဆုံးဥက္ကဋ္ဌဖြစ်ခဲ့သည်။ စစ်ပြီးခေတ်တွင် ရွှေဘုံသာလမ်း အရေးပေါ်တက္ကသိုလ်သို့တက်ရောက်သင်ကြားပြီး ၁၉၄၆ ခုနှစ်တွင် ဘီအေဘွဲ့ ရခဲ့သည်။ ထိုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနတွင် အချိန်ပိုင်းနည်းပြတာဝန်ထမ်းဆောင်သည်။ ၁၉၄၇ ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌဖြစ်ခဲ့ပြီး ထိုနှစ်မှာပင် ဝိဇ္ဇာ ဂုဏ်ထူးတန်း (သမိုင်း) အောင်မြင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၄၈ ခုနှစ်တွင် ဒေါ်ခင်ရီနှင့် လက်ထပ်ခဲ့ပြီး သားတစ်ဦး၊ သမီးလေးဦး ရရှိသည်။ ၁၉၅၀ ပြည့်နှစ်တွင် မဟာဝိဇ္ဇာ (သမိုင်း) ဘွဲ့ရသည်။ ၁၉၅၂ ခုနှစ်တွင် ဥပဒေ (ဝိဇ္ဇာ) ဘွဲ့ရသည်။

၁၉၅၂ မှ ၁၉၅၆ ခုနှစ်အတွင်း လန်ဒန်တက္ကသိုလ်တွင် ပုဂံခေတ် ဗုဒ္ဓသာသနာဝင်ကျမ်းကို ရေးသားတင်သွင်းရာ ဒေါက်တာဘွဲ့ (Ph.D.) ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် သမိုင်းဌာန၌ လက်ထောက် ကထိက၊ တပ်မတော် မော်ကွန်းတိုက်တွင် သုတေသန အရာရှိချုပ်၊ စာတည်းချုပ်တာဝန်များ ထမ်းဆောင်ခဲ့သည်။


၁၉၅၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ကထိက၊ ၁၉၆၀ တွင် မြန်မာနှင့်အရှေ့တိုင်း သမိုင်းဌာန ကထိက၊ ၁၉၆၅ မှ ၁၉၈၂ ခုနှစ်အထိ မန္တလေးတက္ကသိုလ် သမိုင်းဌာန ပါမောက္ခ တာဝန်များထမ်းဆောင်ခဲ့သည်။ ၁၉၈၂ မှ ၁၉၈၉ ခုနှစ်ထိ ကျိုတို တက္ကသိုလ်၊ တိုကျိုတက္ကသိုလ်၊ တိုကျိုနိုင်ငံတကာ ခရစ်ယာန်တက္ကသိုလ်၊ မြောက်အီလီနွိုက်တက္ကသိုလ်၊ မစ်ရှီဂန်တက္ကသိုလ် စသည်တို့တွင် ဧည့်ပါမောက္ခအဖြစ် တာဝန် ထမ်းဆောင်သည်။ ၁၉၉၁ ခုနှစ်တွင် မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ဆရာကြီးသည် သမိုင်းဆိုင်ရာ စာအုပ်စာတမ်းများစွာ ရေးသားထုတ်ဝေခဲ့ရာ "အမိန့်တော်ပေါင်းချုပ်" (မြန်မာ-အင်္ဂလိပ်နှစ်ဘာသာ) အတွဲ ၁၀ တွဲပါ စာအုပ်များပါဝင်သည်။

ဆရာကြီးသည် ၂၀၀၀ပြည့်နှစ်အတွက် ဂျပန်နိုင်ငံ ဖူကုအိုက အာရှယဉ်ကျေးမှုဆု ချီးမြှင့်ရေးကော်မတီက ချီးမြှင့်သော ဖူကုအိုက အာရှယဉ်ကျေးမှုဆု (ပညာရေးကဏ္ဍ) ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

**နေရပ်လိပ်စာ**- အမှတ် ၁၅၅ (က)၊ ယောဂီကျောင်းလမ်း၊
(၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း ၅၂၆၁၃၇

www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးထွန်းရှိန် (တက္ကသိုလ်စန်း)

ဟံသာဝတီခရိုင်၊ သန်လျင်မြို့၌ ၁၂၇၉ခု၊ ဝါဆိုလဆန်း ၉ရက် (၂၇-၆-၁၉၁၇)၌ ဦးဖိုးခိုနှင့်ဒေါ်စိန်မြတို့မှ မွေးဖွားခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ(မြန်မာ့အနုစာပေ)ဘွဲ့နှင့်ပညာရေးတက္ကသိုလ်မှပညာရေးဒီပလိုမာဘွဲ့ (မြန်မာစာနှင့်သမိုင်းသင်ကြားနည်းအထူး) ရရှိခဲ့သည်။

ပညာမဂ္ဂဇင်း၌လက်ထောက်အယ်ဒီတာလုပ်ရင်း၁၉၃၉-၄၀ခုနှစ်တွင်နာမည်ရင်းဖြင့်စတင်ရေးသားခဲ့သည်။ ‘ရှုမဝမဂ္ဂဇင်း’နှင့် ‘သတင်းစုံ’ ဂျာနယ်တို့၌ ၁၉၄၇ခုနှစ်တွင်စတင်ရေးသားခဲ့သည်။‘ရှုမဝ၊သွေးသောက်၊ မြဝတီ၊ ကလေးဂျာနယ်၊ ပညာတန်ဆောင်၊ မြို့တော်မဂ္ဂဇင်း၊ ယဉ်ကျေးမှုမဂ္ဂဇင်း၊ ဒို့ကျောင်းသားဂျာနယ်’ စသည်တို့၌ ရေးသားခဲ့သည်။

ကျောင်းသုံးမြန်မာဖတ်စာအုပ်များနှင့် ကိုယ်တွေ့စစ်ဝတ္ထုများ၊ ပန်းမျိုးတစ်ရာကဗျာပေါင်းချုပ်၊ အခြေခံစာရေးနည်းပညာ၊ စာအုပ်များကို ရေးသားခဲ့သည်။ ‘အမျိုးသားဆောင်ပုဒ်များ ကဗျာပြိုင်ပွဲ (၁၉၉၃)ခု ပထမဆု၊ ၄င်းပြိုင်ပွဲ၌ပင် (၁၉၉၄ ခု) ပထမဆု၊ တပ်မတော်နေ့ကဗျာပြိုင်ပွဲများ၌ တတိယဆုနှင့် နှစ်သိမ့်ဆုများ ရရှိခဲ့သည်။

**နေရပ်လိပ်စာ** - ၃၁၉၊ အောင်မေတ္တာလမ်း၊ ၂ ရပ်ကွက်၊
လှိုင်သာယာမြို့နယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဗိုလ်ကလေးတင့်အောင်

ဖျာပုံခရိုင်၊ဘိုကလေးမြို့၊ ဒုတိယလမ်းနေ ဦးဘသင်၊ ဒေါ်ဖွားသိန်း တို့မှ ၁၂၈၄ခု၊ နယုန်လဆန်း ၉ရက်(၃-၆-၁၉၂၂)နေ့တွင်ဖွားမြင်သည်။

ဘိုကလေးမြို့၊ ကျုံမငေးမြို့၊ ကျိုက်လတ်မြို့များတွင် ပညာ သင်ကြားခဲ့သည်။ ၁၉၃၈ခုနှစ် (၈)တန်းအထိ ပညာသင်ယူခဲ့ပြီး၊ကျောင်း ထွက်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်၌ ဂီတပညာ လေ့လာ၍ သီချင်းများကို စတင်ရေးသားခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ရေဘေးပြဿနာသီချင်းရေးသား အသံလွှင့်ခဲ့ သည်။ ၁၉၄၈-၄၉တွင် ဘိုကလေးမြို့၌ စင်တင်ပြဇာတ်များ တင်ဆက် ခဲ့သည်။

၁၉၄၉ ခုနှစ်တွင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာကာ ဒဂုန်ဆရာတင် ထံ၌ ပြဇာတ်ပညာသင်ကြား၍ ပြဇာတ်သီချင်းရေး ဆရာ၊ ဇာတ်ညွှန်းရေး ဆရာ၊ တွဲဖက်-ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သည်။ ဝင်းဝင်းပြဇာတ် ရုံ၌ ပြဇာတ်ဇာတ်ညွှန်းပေါင်း (၅၀) ခန့် ရေးသားတင်ဆက်ခဲ့သည်။

၁၉၅၇ ခုနှစ်တွင် ရုပ်ရှင်ဘက်သို့ကူးပြောင်းကာ ဇာတ်ညွှန်း (၂၂) ထုပ်ရေးသားခဲ့ပြီး ကိုယ်တိုင်ဒါရိုက်တာအဖြစ် ဇာတ်ကား (၁၂) ထုပ်



www.burmeseclassic.com

www.burmeseclassic.com

ရိုက်ကူးခဲ့သည်။

၁၉၅၈ ခုနှစ်တွင် မြတ်မွန်ရတနာ ပြဇာတ်ရေးသားကာ စာအုပ်အဖြစ် စာပေဗိမာန်မှ ထုတ်ဝေခဲ့သည်။ သတင်းစာဆောင်းပါးများစွာ ရေးသားခဲ့သည်။ (၁၉၈၀-၈၂) အထိ ဂီတပဒေသာမဂ္ဂဇင်း၌ ပန်းဝက်ပါ ဆောင်းပါးရှည်ရေးသားခဲ့သည်။ အဆိုပါ ဆောင်းပါးများကို စုပေါင်း၍ စာအုပ်အဖြစ် ထုတ်ဝေခဲ့ရာ ၁၉၉၆ ခုနှစ်အတွက် အမျိုးသားစာပေ (စာပဒေသာ) ဆု ရရှိခဲ့သည်။

မဟေသီမဂ္ဂဇင်းတွင် "ပန်းဝက်ပါမှ ဇာတ်လမ်းများ" ဆောင်းပါးရှည်ကို ရေးသားခဲ့သည်။ လှည်းတန်းလမ်း ကိုတင့်အမည်ဖြင့်လည်း ကဗျာများကို ရေးသားလျက်ရှိသည်။

မြန်မာ့အသံ၌ အကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။ နိုင်ငံတော်မှ လူမှုထူးချွန် ပထမအဆင့် ချီးမြှင့်ခြင်းခံရသည်။

**နေရပ်လိပ်စာ** - အမှတ် (၉)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာမကြီးဒေါ်အုန်းကြည် (စာပေဗိမာန်)

၁၂၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄-ရက် (၉-၁၁-၁၉၂၄)ရက်နေ့တွင် ပေါင်းတည်မြို့ (၁၀)လမ်း၌ ဖခင်ဦးဝိ (ရေဝန်မင်းကြီးရုံး ကျန်းမာခြင်းအင်စပိတ်တော်)နှင့် မိခင်ဒေါ်ညွန့်တိုးတို့မှ မွေးဖွားသည်။

၁၉၂၉ ခုနှစ်တွင် ရန်ကုန်မြို့၊ ရွှေတောင်တန်း ဆရာဦးဘိုမှိန်မူလတန်းကျောင်း၌ ပညာသင်ကြားခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် မြို့မနေရှင်နယ် အမျိုးသမီးအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၄၀ပြည့်နှစ်တွင်ဆယ်တန်းစာမေးပွဲ အောင်မြင်ခဲ့သည်။ထိုနှစ်တွင်ပင် ရန်ကုန်တက္ကသိုလ်တွင်ပညာသင်ကြားခဲ့သည်။ ဥပစာအပိုင်း(ခ)(ဝိဇ္ဇာပညာရပ်)ကို ၁၉၄၁ခုနှစ်တွင်အောင်မြင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြောင့်(၄)နှစ်နားခဲ့ရပြီး ၁၉၄၇ခုနှစ် ဇူလိုင်လတွင် ရန်ကုန်တက္ကသိုလ်၌ဆက်လက်သင်ယူခဲ့ရာဝိဇ္ဇာဘွဲ့ကိုရရှိခဲ့သည်။ ၁၉၄၉ခုနှစ်တွင် ဥပဒေသင်တန်းတက်၍ ၁၉၅၁ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ရသည်။

၁၉၄၈ခုနှစ်၌မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းတွင် စာပြုအဖြစ်အမှုထမ်းခဲ့သည်။ လက်ထောက်စာတည်း၊ စာတည်း၊ စာတည်းမှူး၊ တွဲဖက်ညွှန်ကြားရေးမှူး (စာတည်း)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် သက်ပြည့်ပင်စင်ယူသည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၅၀ပြည့်နှစ်တွင်၊ တိုင်းရင်းမေဂျာနယ်၌ရှင်မဟာရဋ္ဌသာရ၏ နှမလက်လျှော့နေလေတော့ ရတုကို အခြေခံသောဝတ္ထုဖြင့် စာပေနယ်၌ စတင်ခြေချခဲ့သည်။ တိုင်းရင်းသူ၊ တိုင်းရင်းမေ၊ သင့်ဘဝ၊ စံပယ်ဖြူလုံမလေး၊ငွေတာရီ၊ အတွေးအမြင်စသည့်မဂ္ဂဇင်းနှင့် စာစောင်များတွင် ကျန်းမာရေးဆောင်းပါးများနှင့် ခရီးသွားဆောင်းပါးများ ရေးသားခဲ့သည်။ လုံးချင်းစာအုပ်(၈)အုပ် ရေးသားခဲ့သည်။

ပြည်သူ့လက်စွဲစာစဉ်နှင့် စွယ်စုံကျမ်းများတို့တွင် ရေးသားခဲ့သည်။ နှစ်ငါးဆယ်စာစဉ်၊ စွယ်စုံနှစ်ချုပ်တို့ကို တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၉၇၅ နှင့် ၁၉၇၆ ခုနှစ်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသော ယူနက်စကိုဆိုင်ရာ ထုတ်ဝေရေး အစည်းအဝေးများကို တက်ရောက်ခဲ့သည်။

၁၉၇၈ မှ ၁၉၈၅ ခုနှစ်အထိ အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး၊ ၁၉၇၈ မှ ၁၉၈၅ ခုနှစ်အထိ စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်၊ ၁၉၈၆ မှ ၁၉၈၈ခုနှစ်အထိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အဖွဲ့ဝင်၊ ၁၉၈၅ မှ ၁၉၈၇ခုနှစ်အထိ စာပေဗိမာန် စာမူစိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ၊ ၁၉၈၅ မှ ၁၉၈၈ ခုနှစ်အထိ မြန်မာနိုင်ငံ ရုပ်ရှင်မြှင့်တင်ရေးစိစစ်မှု (အကယ်ဒမီ)အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ယခုအခါ အလုံမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် နာယကအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**နေရပ်လိပ်စာ**။ ။အမှတ်-၁၆၄(ဘီ)၊ အလုံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးထင်ဖတ် (မောင်ထင်)

၁၂၇၀ ပြည့်နှစ်၊ တန်ခူးလဆန်း (၁) ရက် (၂၁-၃-၁၉၀၉) နေ့တွင် အဖ ဦးတရောင်၊ အမိ ဒေါ်စိန်ဘွင့်တို့မှ ဖွားမြင်သည်။ ဇာတိမှာ ဧရာဝတီတိုင်း၊ လပွတ္တာမြို့ဖြစ်သည်။

၁၉၃၃-တွင် ဝိဇ္ဇာဘွဲ့ရသည်။ ၁၉၃၅ ခုနှစ်တွင် မြောင်းမြမြို့ တိုင်းရင်းသားကျောင်းတွင် အထက်တန်းပြဆရာ လုပ်ခဲ့သည်။ ၁၉၃၆ ခုနှစ်မှ ၁၉၄၂ ခုနှစ်ထိ ဧရာဝတီတိုင်းနှင့် ရခိုင်တိုင်းတို့တွင် မြို့ပိုင်၊ ၁၉၄၄ - ၄၉ ခုနှစ်တွင် မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံခြားရေးဝန်ကြီး ဌာန၊ ဒုတိယအတွင်းဝန် တာဝန်များထမ်းခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် အသံလွှင့်ဌာန ညွှန်ကြားရေးဝန်၊ ၁၉၄၈-၄၉ ခုနှစ်တွင် ပြန်ကြားရေး ဌာန၊ ညွှန်ကြားရေးဝန်၊ ရခိုင်တိုင်း ပြန်လည်ထူထောင်ရေးမင်းကြီး အဖြစ် အမှုထမ်းခဲ့ပြီးနောက် ရာထူးမှ နှုတ်ထွက်ခဲ့သည်။

၁၉၅၀-၅၅ ခုနှစ်တွင် ရန်ကုန်သတင်းစာ အုပ်ချုပ်မှုအယ်ဒီတာ၊ ၁၉၅၅-၅၈ ခုနှစ်တွင် စာပေဗိမာန်စွယ်စုံကျမ်း အတိုင်ပင်ခံ၊ ၁၉၅၄-၇၇ ခုနှစ်လန်ဒန်တိုင်း သတင်းထောက်နှင့် အလွတ်သတင်းစာ ဆရာအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၅၄ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။



www.burmeseclassic.com

၁၉၄၇ ခုနှစ်တွင် 'ငဘ' ဝတ္ထုရှည်ကို ထုတ်ဝေခဲ့ရာ ယနေ့တိုင် အကြိမ်ကြိမ်ရိုက်နှိပ်ထုတ်ဝေခဲ့ရသည်။ ထိုဝတ္ထုရှည်ကို ဗြိတိသျှ ဘားမားမှ ရုပ်ရှင်ရိုက်ခဲ့သည်။ ထို့ပြင် 'ငဘ' ဝတ္ထုကိုပင် တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ဂျပန်ဘာသာများဖြင့် ပြန်ဆိုထုတ်ဝေခြင်းခံခဲ့ရသည်။


၁၉၈၁ ခုနှစ်တွင် အမျိုးသားစာပေဆု (ဘာသာပြန်) ကို 'ဂါလီဗာ၏ ခရီးစဉ်' ဖြင့် ရရှိခဲ့သည်။ ရေးသားခဲ့သောစာအုပ်များမှာ ကိုဒေါင်း (၁၉၃၉)၊ ဘာအရေးကြီးဆုံးလည်းနှင့် အာဇာနည်မိခင်ပြဇာတ် (၁၉၄၄)၊ ငဘ (၁၉၄၇)၊ ယောမင်းကြီးဦးဖိုးလှိုင် (၁၉၆၀)၊ မျိုးဖျက်ရန်သူ (၁၉၆၀)၊ ဗမာ့နိုင်ငံရေးသုခမိန် (၁၉၆၅)၊ မုန်တိုင်းထဲကနဖူးစာ (ဘာသာပြန်) (၁၉၆၅)၊ မြန်မာ့လယ်ယာမြေစနစ် (၁၉၆၆)၊ မိုပါဆွန့် ဝတ္ထုတိုများ (ဘာသာပြန်) (၁၉၆၆)၊ လောကအမြင် (၁၉၆၆)၊ မောင်ထင်၏ဝတ္ထုတိုများ (၁၉၆၈)၊ ကမ္ဘာ့ဝတ္ထုတိုများ (ဘာသာပြန်) (၁၉၇၂)၊ အံ့ဖွယ်ပုံပြင် (ဘာသာပြန်) (၁၉၇၄)၊ ကမ္ဘာ့စာပေအညွှန်း (အိန္ဒိယ၊ အီရန်၊ အာရတ်) (၁၉၇၄)၊ မြို့အုပ်ပုံပြင် (၁၉၇၆)၊ ကမ္ဘာ့စာပေအညွှန်း (တရုတ်နှင့်ဂျပန်) (၁၉၇၆)၊ ကမ္ဘာ့စာပေအညွှန်း (ဟေးဗရူး၊ ဂရိ၊ ရောမ) (၁၉၇၇)၊ အနာဂတ္တိကျမ်း (သာဘာပြန်) (၁၉၇၇)၊ မြင်ဝါတောင် (၁၉၇၇)၊ ကမ္ဘာ့စာပေအညွှန်း (အင်္ဂလိပ်) (၁၉၈၁)၊ ဂါလီဗာ၏ခရီးစဉ် (၁၉၈၁) တို့ဖြစ်သည်။

ပထမအကြိမ် ပခုက္ကူဦးအုံးဖေစာပေဆု (တစ်သက်တာ စာပေဆု) ကို ဦးဦးဖျားဖျား ထူးထူးခြားခြား ဆွတ်ခူးရရှိခဲ့သည်။

မြန်မာစာကော်မရှင်အဖွဲ့ဝင်၊ ရန်ကုန်တက္ကသိုလ်သမိုင်းဌာန သမိုင်းဖြစ်ရပ်မှန်ပြုစုရေး အဖွဲ့ဝင်အဖြစ် တာဝန်ယူနေဆဲဖြစ်သည်။

**နေရပ်လိပ်စာ** - အမှတ် ၂၄၈၊ ၄လမ်း၊ မြို့သစ် (က) ရပ်ကွက်၊ အင်းစိန်မြို့နယ်။

www.burmeseclassic.com



# ဆရာကြီး ဦးချစ်ကိုကို (ချစ်ကိုကို)

၁၂၇၉ ခုနှစ်၊ ကဆုန်လဆန်း (၃) ရက် (၂၃-၄-၁၉၁၇) နေ့တွင် အဖ ဦးဘကျော်နှင့် အမိ ဒေါ်တင်တင်တို့မှ မကွေးတိုင်း၊ မင်းဘူးမြို့နယ်တွင်မွေးဖွားခဲ့သည်။ ရန်ကုန်မြို့ရေကျော်ရပ် မက်သောဒစ် အင်္ဂလိပ်-မြန်မာအထက်တန်းကျောင်းတွင် ၁၀တန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၄၃-၁၉၅၂ ခုနှစ်တွင် မြန်မာနိုင်ငံသစ်တောဌာန၌ တောခေါင်း၊ ဒုတိယတောအုပ်အဖြစ် အမှုထမ်းခဲ့သည်။ ၁၉၅၀-၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ သတ္တဗေဒဌာန၌ အသေးစိတ် ရုက္ခဗေဒဘာသာရပ်ကို သုံးနှစ်ခန့်တက်ရောက်သင်ယူခဲ့သည်။ ၁၉၅၃-၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံ သစ်တောပန်းပုံစံ ပြတိုက်မှူးအဖြစ်ဖြင့် ကမ္ဘာကျော် ရုက္ခဗေဒပါရဂူ သစ်ပင်ပန်းမန် ရှာဖွေရေးဝိဇ္ဇာမစ္စတာအက်ဖ် ကင်းဒန်းဝ့ါ တို့ ဇနီးမောင်နှံနှင့်အတူ ကချင်ပြည်နယ် မေခနှင့်မေလိခ မြစ်နှစ်သွယ် အကြား ပေတစ်သောင်းကျော်မြင့်သော တောင်ကြီးများပေါ်သို့ တက်ရောက်၍ သုတေသနပြုခဲ့သည်။

၁၉၅၆ ခုနှစ်တွင် မစ္စတာကင်းဒန်ဝ့ါ ဇနီးမောင်နှံနှင့်အတူ ဝိတိုရိယတောင်သို့ တက်၍ ရုက္ခဗေဒသုတေသန ပြုခဲ့သည်။ ၁၉၅၇-၁၉၅၈ခုနှစ်တွင် ကိုလံဘိုစီမံကိန်းအစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံ ဒေရာဒွန်းမြို့ သစ်တောသုတေသနဗိမာန်နှင့် တက္ကသိုလ်တွင် အသေးစိတ်



www.burmeseclassic.com

www.burmeseclassic.com

ရုက္ခဗေဒဘာသာရပ်၊ ပန်းပုံစံပြတိုက် ထိန်းသိမ်းရေးနှင့် သစ်တော စိုက်ပျိုးရေးဘာသာရပ်များကို ၆ လ ကျော်မျှသွားရောက်သင်ယူခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် အမေရိကန်နိုင်ငံ နယူးဟေဗင်မြို့ယေးလ် တက္ကသိုလ် ပေဗိုဒီပြတိုက်မှသားငှက်တိရစ္ဆာန်လေ့လာရေးအဖွဲ့နှင့်အတူနာဂတောင်တန်း 'စာရာမေတိ' တောင်ထိပ်သို့ တက်ရောက်၍ သုတေသနပြုခဲ့သည်။

၁၉၆၀ပြည့်နှစ်တွင် ဝန်ကြီးချုပ်ရုံးနယ်ခြားဒေသ အုပ်ချုပ်ရေးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး ဖိမော်၊ ဂေါ်လန်၊ ကန်ဖန်တောင်ကြား တောင်ကြော၌ ရုက္ခဗေဒသုတေသန လုပ်ငန်းများ ပြုလုပ်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဗိုးဂေါရုက္ခဗေဒဥယျာဉ်တွင် သစ်ခွနှင့်ပရ ဆေးစိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာသင်ကြားခဲ့သည်။ ၁၉၆၄ ခုနှစ် တွင် ကိုလံဘိုစီမံကိန်းအစီအစဉ်ဖြင့် ဂျပန်နိုင်ငံသို့ သွားရောက်၍ သစ်သီးဝလံစိုက်ပျိုးရေးဘာသာရပ်ကိုသုံးလမျှသွားရောက်လေ့လာခဲ့သည်။

၁၉၆၅-၁၉၇၂ခုနှစ်တွင် မြေယာကျေးလက်ကြီးပွား တိုးတက် ရေးကော်ပိုရေးရှင်း၌ ဥယျာဉ်ခြံသီးနှံနှင့် ပရဆေးဌာန လက်ထောက် အမှုဆောင်အရာရှိအဖြစ်နှင့် ၁၉၇၂-၁၉၈၃ ခုနှစ်တွင် လယ်ယာ စိုက်ပျိုးရေးကော်ပိုရေးရှင်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ရုက္ခဗေဒသုတေသန ဆောင်းပါးများစွာ ရေးသားခဲ့သည်။ ၁၉၈၃ ခုနှစ် အမျိုးသားစာပေဆု (စာပဒေသာဆု) ကို 'စာရာမေတိ ခရီးသည်' ၁၉၉၁ခုနှစ် စာပေဗိမာန်စာမူဆု (စာပဒေသာဆု) ကို 'ခေါ်နုစုမ်မှ ပန်းမုဆိုး' တို့ဖြင့် ရရှိခဲ့သည်။ ပြုစုခဲ့သော စာအုပ်များမှာ 'မြန်မာနိုင်ငံ သစ်ပင်ကြီး၊ သစ်ပင်ငယ်နှင့်နွယ်များ'၊ 'ရုက္ခမုဆိုး'၊ 'စာရာမေတိ ခရီးသည်'၊ 'ခေါ်နုစုမ်မှ ပန်းမုဆိုး' တို့ဖြစ်သည်။

လွတ်လပ်ရေး မော်ကွန်းဝင် တတိယအဆင့် ရရှိခဲ့သည်။

**နေရပ်လိပ်စာ-** အမှတ် ၁၇၀၊ တည င်းကုန်းမြောက်ပိုင်း၊ ခရေပင်လမ်း၊ တည င်းကုန်းရပ်ကွက်၊ အင်းစိန်။

www.burmeseclassic.com



# ဆရာကြီးဦးတင်မောင် (တက္ကသိုလ်-ဇော်မင်း)

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့တွင် အဖ ဦးမောင်မောင်ကြီး၊ အမိဒေါ်ရွှေတို့မှ ၁၂၈၄-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၇)ရက် (၈-၃-၁၉၂၃)နေ့တွင် မွေးဖွားခဲ့သည်။

ဝိဇ္ဇာဘွဲ့၊ ပညာရေးဒီပလိုမာဘွဲ့များ ရရှိခဲ့ပြီး လူထုပညာရေးလက်ထောက်တိုင်းမှူး၊ အထက်တန်းပြဆရာ၊ အလယ်တန်းကျောင်းအုပ်ကြီး စသည့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၅၀-၅၁ ခုနှစ်တွင် လူထုပညာရေးမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် လူထုပညာစာစောင်၌ စတင်ရေးသားခဲ့သည်။ ၁၉၆၁ခုနှစ်တွင် စုံထောက်မဂ္ဂဇင်းတွင် 'အရိုင်း၏သစ္စာ' ဝတ္ထုတိုဖြင့် စာပေနယ်သို့ ရောက်ရှိခဲ့သည်။ 'သိပ္ပံသူရဲကောင်းများ' ပထမတွဲနှင့် ဒုတိယတွဲ၊ 'ဆိုင်ပန်ကျွန်းတိုက်ပွဲ'ဘာသာပြန်စာအုပ်များမှာ ထင်ရှားသည်။ သရဖူမဂ္ဂဇင်း၊ ရွှေပုဇွန်မဂ္ဂဇင်း၊ သုတပဒေသာစာစောင်၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊မနောကြာဖြူမဂ္ဂဇင်း၊ မနုစာရီမဂ္ဂဇင်းနှင့် အကျိုးဆောင်ဂျာနယ်တို့တွင် စာပေများရေးသားဆဲဖြစ်သည်။

**နေရပ်လိပ်စာ။** ။အမှတ်(၈၅၅)၊ အောက်မင်္ဂလာဒုံ (၂)လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးမွေးလှအောင် (ရွှေဝ)

၁၂၈၄ ခုနှစ် သီတင်းကျွတ်လဆန်း (၇)ရက်(၂၂-၉-၁၉၂၂)တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ စနဲကျေးရွာ၌ မွေးဖွားသည်။

၁၉၅၅ ခုနှစ်တွင် ရန်ကုန်မြို့ စာပေဗိမာန်၌ နယ်လှည့်ဝန်ထမ်းမှူးအဖြစ် အမှုထမ်းကာ စာပေဖြန့်ချိရေးကိစ္စများ ဆောင်ရွက်ခဲ့သည်။ သင့်ဘဝမဂ္ဂဇင်း၌ ဟာသများကို ရွှေဝ အမည်ဖြင့် စတင်ရေးသားသည်။ စာပန်းချီ၊ နဝဒေး၊ မီးရထားမဂ္ဂဇင်း၊ ငွေတာရီ၊ မြဝတီစသော မဂ္ဂဇင်းများတွင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများ ရေးသားခဲ့သည်။ တေးထပ်ပုဒ်ရေ ငါးရာကျော် ရေးသားခဲ့သည်။၁၉၈၂ခုနှစ်တွင်မြန်မာနိုင်ငံ၌ နိုင်ငံရေး၊ လူမှုရေးတွင်ထင်ရှားသူ ပုဂ္ဂိုလ်များအကြောင်းကို "လဝန်းထိန်ထိန် ကဗျာများ" အမည်ဖြင့် လုံးချင်းကဗျာစာအုပ် ထုတ်ဝေခဲ့သည်။ အသုရာ စာစောင်၌လည်း ဆောင်းပါးများရေးသားခဲ့သည်။

၁၉၇၅ ခုနှစ်တွင် ရခိုင်ပြည်နယ်စာစောင်နှင့် ရခိုင်ယဉ်ကျေးမှု မဂ္ဂဇင်း အယ်ဒီတာချုပ် တာဝန်ထမ်းဆောင်ခဲ့သည်။ ရခိုင်ဝေါဟာရ အဘိဓာန် စီမံချက်ရေးဆွဲပြီး အဘိဓာန် အတွဲ (၁) နှင့် (၂) ကို စာမူ အဖြစ်စီစဉ်ပေးခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ရခိုင်ယဉ်ကျေးမှုအဖွဲ့တွင် အကြံပေးအဖြစ် ဆောင်ရွက်ခဲ့သည်။

**နေရပ်လိပ်စာ**- အောင်မြေရာ ဆ/ခ ရပ်ကွက်၊ သဃ်န်းကျွန်း။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးဌေးမြိုင် (ဒဂုန်တာရာ)

ကျိုက်လတ်မြို့နယ်၊ထိုင်ကူမြစ်တန်းရွာ(မွန်ရွာ)တွင် အဘဦးဘအုံး၊ အမိဒေါ်ဖွားရှင်တို့မှ၁၂၈၁ခုနှစ်ကဆုန်လဆန်း(၁၂)ရက်(၁၀-၅၁၉၁၉) စနေနေ့တွင်ဖွားမြင်သည်။ ရန်ကုန်မြို့ (၇) လမ်းရှိ အောင်ဇေယျမင်္ဂလာ မြန်မာစာသင်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ထို့နောက် ၁၉၂၇-၃၆ ခုနှစ်တွင် ကျိုက်လတ်အမျိုးသားကျောင်း၊ ၁၉၃၆-၃၇ ခုနှစ်တွင် ရန်ကုန်၊ ရေကျော်မက်သဒစ်ကျောင်းတို့၌ ဆက်လက်ပညာသင်ကြားခဲ့ပြီး ၁၉၃၇ခုနှစ်တွင် (၁၀) တန်း အောင်မြင်သည်။ ၁၉၃၇-၄၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက် ပညာသင်သည်။

၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်တွင် ကျိုက်လတ်မြို့ ကျောင်းသားကိုယ်စားလှယ်၊ ၁၉၃၈ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ရေနံမြေစည်းရုံးရေးကိုယ်စားလှယ်၊ ၁၉၃၉ ခုနှစ်တွင် တကသ အမှုဆောင်၊ ၁၉၄၀ ပြည့်နှစ်တွင် ဗမာနိုင်ငံလုံး ဆိုင်ရာကျောင်းသားများ သမဂ္ဂဖြန့်ချိရေးမှူး၊ အိုးဝေမဂ္ဂဇင်း အယ်ဒီတာနှင့် မျိုးညွန့်မဂ္ဂဇင်းအယ်ဒီတာချုပ်၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၊ စာပေဖြန့်ချိရေးဌာန အတွင်းရေးမှူး၊ ၁၉၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံစာရေးဆရာ အသင်းဥက္ကဌ၊ ၁၉၅၁ ခုနှစ်တွင်



www.burmeseclassic.com

www.burmeseclassic.com

စာပေမဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၅၁-၆၃ခုနှစ်တွင် တရုတ်-မြန်မာ မိတ်ဆွေဖြစ်အသင်းချုပ် အသင်းအမှုဆောင်၊ မြန်မာ-ဆိုဗီယက်ယဉ်ကျေးမှုနှင့် မိတ်ဆွေဖြစ်အသင်းချုပ် အမှုဆောင်၊ ၁၉၆၃ ခုနှစ်စ၍ ဒုတိယဥက္ကဋ္ဌ၊ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် မြန်မာနိုင်ငံ အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ၁၉၆၂ ခုနှစ် အမျိုးသားစာပေ ညီလာခံ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရေးဆရာ စာပေကလပ်အတွင်းရေးမှူး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကဗျာဆရာ သမဂ္ဂဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၃၄ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် တက္ကသိုလ်သိပ္ပံမဂ္ဂဇင်း၌ "မြိုင်သဇင်" ကလောင်အမည်ဖြင့် "မှုံပြာရီ" ဝတ္ထုတိုကို စတင်ရေးသားသည်။ ထို့နောက် ဒဂုန်တာရာအမည်ခံသည်။ ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလတွင် တာရာမဂ္ဂဇင်းကို စတင်ထုတ်ဝေသည်။ စာပေသစ်မဂ္ဂဇင်း စတင်ထုတ်ဝေသူနှင့် အယ်ဒီတာလည်းဖြစ်သည်။ ဂန္ထဝင်ဂျာနယ်တွင် အယ်ဒီတာလည်းဖြစ်သည်။

၁၉၄၁ ခုနှစ်တွင် "မေ" ဝတ္ထုကို ထုတ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီအထိ မြိုင်သဇင်၊ မောင်နန်းနွယ်၊ စောထွတ်၊ ဦးတိုး၊ စောတင်မှူ၊ မောင်လင်းထက်၊ မောင်ကြာညွန့်၊ ဗညားသီဟ၊ မောင်စိမ်းမြ၊ ဦးဒဂုန် ကလောင်အမည် အမျိုးမျိုးကို သုံးခဲ့ပြီး ဒုတိယကမ္ဘာစစ် နောက်ပိုင်းတွင် ငွေမြိုင်၊ မောင်သစ္စာ၊ မောင်ဘတင့်၊ မောင်စစသည့် ကလောင်အမည်များဖြင့် စာပေ၊ ရုပ်ရှင်၊ ပန်းချီ၊ ဂီတ၊ အနုပညာ၊ နိုင်ငံရေးဝေဖန်ရေးဆိုင်ရာ ဆောင်းပါးများ ရေးသားခဲ့သည်။

ဒဂုန်တာရာ၏ ဒဂုန်တာရာ (၁၉၅၀)၊ ရုပ်ပုံလွှာ (၁၉၅၅)၊ စံပယ်ဦး (၁၉၆၁)၊ အလင်္ကာ (၁၉၆၂)၊ ကြာပန်းရေစင် (၁၉၆၃)၊ လရောင်ရွှန်းမြသောညတစ်ည(၁၉၆၄)၊ စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု (၁၉၆၇)၊ ဒဂုန်တာရာ နှင့်သူ့၏ကဗျာ (၁၉၆၇)၊ မှူးယစ်ဝေသော နွေဦးညများ (၁၉၆၈)၊ ဒဂုန်တာရာ ဝတ္ထုတိုပေါင်းချုပ် (၁၉၆၉)၊ အယ်ဒီတာစားပွဲ၊ စာပေအနုပညာ



www.burmeseclassic.com

www.burmeseclassic.com

ဝေဖန်ရေးနှင့် ပန်းနုရောင်အိပ် (၁၉၇၁)၊ ဧရာဝတီ၊ ယန်စီ၊ ဗော်လဂါ (၁၉၇၂)၊ စာလုံး၊ ဆေးစက်၊ စောင်းကြိုးနှင့် ကတ္တီပါကားလိပ် (၁၉၇၄)၊ သဇင်သင်းပြန်တော့ (၁၉၇၄)၊ ဒို့ခေတ်ကိုရောက်ရမည်မှာ မလွဲပါ (၁၉၇၉)၊ မာယာ (၁၉၉၁)၊ ကြယ်ရိပ်ပန်းနု (၁၉၉၃)၊ စိမ်းမြ ဧရာ (၁၉၉၄)၊ လရောင်ရွှန်းမြသောညတစ်ညနှင့် အခြားဝတ္ထု ရှည်များ (၁၉၉၅)၊ စန္ဒယားဆရာသို့မဟုတ် မဟာအချစ် (၁၉၉၅)၊ သုနာပရန္တ (၁၉၉၅)၊ အိပ်မက်အပြင်ကလူ (ကြည်အေးနှင့်ပူးတွဲ) (၁၉၉၆)၊ ဖျပ်ခနဲတွေ့ရသော ရုပ်ပုံလွှာကားချပ်များ (၁၉၉၇)တို့ကို ရေးသားထုတ်ဝေခဲ့သည်။ "စံပယ်ဦး"ဖြင့် စာပေဗိမာန်ဝတ္ထုတိုပေါင်းချုပ်ဆု (၁၉၆၁) ရရှိခဲ့သည်။ ၁၉၉၉ ခုနှစ်အတွက် အမျိုးသားစာပေဆု (စာပဒေသာဘာသာရပ်)ကို အလှူဗေဒစာအုပ်ဖြင့် ရရှိခဲ့သည်။

၂၀၀၁ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေတစ်သက်တာ စာပေဆုချီးမြှင့်ခြင်းခံရသည်။

**နေရပ်လိပ်စာ**- တစ်ဆင့်- ဒေါ်မြင့်မြင့်စိန် (သင်းမြစန္ဒီ)၊
ပြည်သူ့ဆေးရုံကြီး၊ ကလောမြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဦးထွေးမောင် (ခ) ဦးအောင်နိုင်

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့ အထက်ပိုင်း၊ ကမ်းနားလမ်းတွင် အဖ ဦးစံဖိုး၊ အမိ ဒေါ်ပိုတို့မှ ၁၂၇၉ ခုနှစ်၊ တပို့တွဲလဆန်း (၃)ရက် (၁၄-၁-၁၉၁၈) ရက်နေ့တွင် မွေးဖွားသည်။

ဘိုကလေးမြို့၊ မြို့လယ်ဓမ္မာရုံ ကျောင်းဆရာကြီး ဦးကျော်ရှိန် ထံတွင် ပညာဆည်းပူးခဲ့ရာ စတုတ္ထတန်းအောင်မြင်ပြီးနောက် ဘိုကလေးမြို့ မိတ္ထီလာဘုန်းတော်ကြီးကျောင်းဆရာတော်ထံအပ်နှံ၍ ပရိတ်ကြီးအထိ သင်ကြားခဲ့သည်။မြို့မအလယ်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ရာ အင်္ဂလိပ်၊ မြန်မာ (၇)တန်းအောင်မြင်သည်။ ဘိုကလေးမြို့ (၁) ရပ်ကွက်၊ လူငယ်အလင်းရောင်စာကြည့်တိုက်ကို ဖွင့်လှစ်ပြီး စာကြည့်တိုက်မှူး အဖြစ် (၂)နှစ်တာဝန်ယူဆောင်ရွက်ခဲ့သည်။

၁၉၅၀ ပြည့်နှစ် ဘိုကလေးမြို့ မီးသတ်တပ်ဖွဲ့တွင် ဗိုလ်ကလေးမှ တာဝန်ခံဗိုလ်ကြီးအဆင့်အထိ (၁၀)နှစ် လုပ်ဆောင်ခဲ့သည်။

မြန်မာ့အလင်း၊ ကြေးမုံ၊ ပြည်ထောင်စု၊ နေးရှင်း၊ သမာဓိ၊ ကြယ်နီ စသည့် သတင်းစာများတွင် ဘိုကလေးသတင်းထောက် အဖြစ် လုပ်ကိုင်ခဲ့သည်။

**နေရပ်လိပ်စာ-** အမှတ် (၁၃)၊ (၃) ဖြတ်လမ်း၊ (၁) ရပ်ကွက်၊ ဘိုကလေးမြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးဦးအောင်ကြွင်(သတင်းထောက်)

ဧရာဝတီတိုင်း၊မြောင်းမြမြို့ စံကားဝါလမ်းတွင် နေထိုင်သော အဖဦးဖိုးသင်း၊ အမိဒေါ်ဖွားတို့က ၁၂၈၇-ခုနှစ်၊နတ်တော်လဆန်း (၃)ရက် (၁၇-၁၁-၁၉၂၅)တွင် မွေးဖွားခဲ့သည်။

မြောင်းမြမြို့ နေရှင်နယ်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာခဲ့သည့်အတွက် ကျောင်းပညာရပ်နားခဲ့ရသည်။မြို့လုံခြုံရေးအတွက် လူကြီးများနှင့်အတူပါဝင်ဆောင်ရွက်ခဲ့သည်။

ဂျပန်ခေတ်တွင် သတင်းယူခြင်း၊မြို့ပေါ်သို့ပြန်လည်၍သတင်းဖြန့်ဝေခြင်း ပြုလုပ်ခဲ့သည်။ လွတ်လပ်ရေးရပြီးချိန်တွင် 'အောင်ကြွင်' စာအုပ်ဆိုင်ထူထောင်ခဲ့သည်။ မြန်မာ့အလင်းနှင့် ဟံသာဝတီ သတင်းစာတို့တွင် သတင်းထောက်ဖြစ်လာသည်။ထူးခြားဖြစ်စဉ်နှင့် သတင်းများကို သတင်းစာတိုက်ကြီးများသို့ ပေးပို့နိုင်ခဲ့သည်။

မိုးကြိုး၊ ကြေးမုံ၊ ဗိုလ်တထောင် သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ ယနေ့အထိသတင်းထောက်လုပ်ငန်းကို ဆောင်ရွက်ဆဲဖြစ်ပြီး မြောင်းမြမြို့နယ်စာပေ နှင့်စာနယ်ဇင်းအဖွဲ့၏ နာယကအဖြစ် တာဝန်ယူလျက်ရှိသည်။

**နေရပ်လိပ်စာ**။ ။အောင်ကြွင်စာပေ၊ ဈေးအတွင်း၊ မြောင်းမြမြို့။



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၁၃၆၆ ခုနှစ် စာဆိုတော်နေ့ အခမ်းအနားနှင့် စာပေဟောပြောပွဲများ ကျင်းပရာတွင် စနစ်တကျ ဆောင်ရွက်ရန် ညွှန်ကြားချက်

## နိဒါန်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ 'စာဆိုတော်နေ့'ကို အကြောင်းပြု၍ စာဆိုတော်နေ့အခမ်းအနားများနှင့်စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများကို နှစ်စဉ်ကျင်းပသော အစဉ်အလာရှိပါသည်။ သို့ဖြစ်၍ စီစဉ်ကျင်းပနိုင်သော မြို့နယ်များတွင် စာပေဟောပြောပွဲများကို နှစ်စဉ်ကျင်းပလေ့ရှိပါသည်။

၂။ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်း စည်းရုံးရေးကော်မတီဖွဲ့စည်းပြီး မြို့နယ်အသီးသီးတွင် စာဆိုတော်နေ့အခမ်းအနားနှင့်စာပေဟောပြောပွဲများ ကျင်းပရာ၌ သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်များအားအသိပေးတင်ပြပြီး ၎င်းတို့၏ ဦးဆောင်မှုကိုခံယူလျက် မြို့နယ်အဖွဲ့အစည်းအသီးသီးက ကြီးကြပ်၍လည်းကောင်း၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းထားခြင်းမရှိသေးသောမြို့နယ်များတွင် စာပေဝါသနာရှင်များနှင့်ပညာရေးဆိုင်ရာဌာနများမှ ပုဂ္ဂိုလ်များမှကြီးကြပ်၍လည်းကောင်း ကျင်းပနိုင်ပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းလက်တွဲ၍လည်း ကျင်းပနိုင်ပါသည်။ ထိုသို့ကျင်းပရာတွင် မြို့နယ်အဖွဲ့အစည်းများက စီမံချက်များ ရေးသားပြီး သက်ဆိုင်ရာမြို့နယ်အာဏာပိုင် အဖွဲ့အစည်းများသို့ ကြိုတင်တင်ပြကာ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။



www.burmeseclassic.com

၃။ မြို့နယ်အဖွဲ့ ဖွဲ့စည်းထားပြီးသော မြို့နယ်များနှင့် မြို့နယ်အဖွဲ့ မဖွဲ့ရသေးသော်လည်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက ကြီးမှူး ကျင်းပသော စာပေဟောပြောပွဲများတွင် ဆောင်ရွက်မှုအခြေအနေ များကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)သို့ မပျက်မကွက် အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

**စာပေဆိုင်ရာအခမ်းအနားကျင်းပခြင်း**

၄။ စာဆိုတော်နေ့ကို အကြောင်းပြု၍ဖြစ်စေ၊ စာပေဟောပြော ပွဲများ ကျင်းပရာတွင်ဖြစ်စေ အောက်ပါအစီအစဉ် များပါဝင်သင့် ပါသည်။

(က) မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌထံမှ ပေးပို့သော 'စာဆိုတော်နေ့ သဝဏ်လွှာ'ကို ဖတ် ကြားခြင်း၊

(ခ) မြန်မာစာပေ၏ကျေးဇူး (သို့မဟုတ်) ရှေးစာဆို တော်ကြီးများ၏ ဂုဏ်ကျေးဇူးများကို ဖော်ပြသော အကြောင်းအရာများကို ဟောပြောခြင်း၊

(ဂ) မြို့နယ်စာပေနှင့်စာနယ်ဇင်းအဥက္ကဋ္ဌဖြစ်စေ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းစည်းရုံးရေးကော်မတီ ၏ ဥက္ကဋ္ဌဖြစ်စေ(သို့မဟုတ်) မြို့နယ်အာဏာပိုင် တို့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်တစ်ဦးဦးက ဖြစ်စေ၊ မြန်မာစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ အမှာစကားပြောကြားခြင်း၊

(ဃ) လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အမျိုးသား နေ့စသော နေ့ကြီး၊ ရက်ကြီးများကို အကြောင်း ပြု၍ ကျင်းပရလျှင် ထိုနေ့ရက်များနှင့် သက်ဆိုင်သော စာပေသမိုင်း နောက်ခံအချက်အလက်များကို နိုင်ငံ



www.burmeseclassic.com

တော်က သတ်မှတ်ထားသောဦးတည်ချက်ဘောင်အတွင်းမှ ဟောပြောခြင်း၊

(င) စာပေနှင့်နှီးနွှယ်သော အကြောင်းရပ်များဆိုင်ရာ စာပေပြိုင်ပွဲများ၊ လူငယ်များအတွက် ဉာဏ်စမ်းပြိုင်ပွဲများကိုလည်း မိမိမြို့နယ်အလိုက် အဆင်ပြေသလို စီစဉ်ထည့်သွင်းကျင်းပခြင်း။

စာပေဟောပြောပွဲများ ကျင်းပခြင်း

၅။ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများကို ဖြစ်နိုင်လျှင် စာဆိုတော်နေ့ (၁၂-၁၂-၂၀၀၄) နတ်တော်လဆန်း(၁) ရက်နေ့၏ အကြိုကာလ သို့မဟုတ် စာဆိုတော်နေ့ သို့မဟုတ် စာဆိုတော်နေ့နောက်ပိုင်းကာလများတွင် မိမိတို့မြို့နယ်အခြေအနေအရ အဆင်ပြေမည့်နေ့ရက်များ၌ မြို့နယ်အာဏာပိုင်အဖွဲ့အစည်း များ၏ ခွင့်ပြုချက်ကို ရယူ၍ စီစဉ်ကျင်းပနိုင်ပါသည်။

၆။ စာပေဟောပြောပွဲများကျင်းပရာတွင် ဟောပြောမည့် စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာနှင့် ကာတွန်းဆရာများကို ညှိနှိုင်းရွေးချယ်၍ အဆိုပါ ပုဂ္ဂိုလ်များက အောက်ပါဦးတည်ချက်များ၏ ဘောင်အတွင်းမှ တိကျစွာလိုက်နာ၍ သိက္ခာရှိရှိ ဟောပြောကြရန်အတွက် စာပေပညာရှင်များအား ကြိုတင်၍ အသိပေး မေတ္တာရပ်ခံထားရန် လည်းလိုအပ်ပါသည်။

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ဖြစ်စေရေး၊

(ခ) နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ ဖြစ်စေရေး၊



www.burmeseclassic.com

(ဂ) မြန်မာစာပေအစဉ်အလာနှင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများကို တိုးတက်ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးတွင် စာပေဖြင့်တစ်တပ်တအား တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး၊

(င) စာဖတ်ပရိသတ်များ တိုးပွားရေးနှင့်စာကြည့်တိုက်များဖွံ့ဖြိုးရေး၊

(စ) စာပေရေးသားမှုဖွဲ့ဆိုမှု အတတ်ပညာဖွံ့ဖြိုးရေး၊

၇။ စာပေဟောပြောပွဲများကျင်းပရာ မြို့နယ်အာဏာပိုင်တို့က သဘောတူခွင့်ပြုသော ဟောပြောမည့်ပုဂ္ဂိုလ်များကို ဟောပြောပွဲကျင်းပရာတွင် စီစဉ်သူတို့က မိမိတို့အစီအစဉ်ဖြင့် တိုက်ရိုက်ဆက်သွယ်ဖိတ်ကြားနိုင်ပါသည်။

၈။ ဟောပြောမည့်ပုဂ္ဂိုလ်များကိုသက်ဆိုင်ရာမြို့နယ်ကော်မတီ က ကိုယ်စားလှယ်စေလွှတ်၍ခေါ်ယူစေရန်နှင့် ဟောပြောမည့်ပုဂ္ဂိုလ်များ၏ ခရီးသွားလာမှု အဆင်ပြေစေရေး၊ ဧည့်ဝတ်ကျေပွန်ရေးတို့ကိုလည်း ဖိတ်ကြားသည့်မြို့နယ်က တာဝန်ယူရပါမည်။

၉။ စာပေဟောပြောပွဲနှင့်အတူ စာရေးသူနှင့် စာဖတ်သူများတွေ့ဆုံလျက် အထက်ပါဦးတည်ချက်များ အထောက်အကူပြုမည့် စာပေဟောပြောပွဲများကိုလည်း သက်ဆိုင်ရာတို့၏ ခွင့်ပြုချက်ရပါက ပူးတွဲကျင်းပနိုင်ပါသည်။

၁၀။ မြို့နယ်အတွင်း အကောင်အထည်ဖော်နေသော တည်ဆောက်ရေးအစီအစဉ်များရှိပါက အချိန်ရလျှင် အဆင်ပြေသလို ထည့်သွင်းလေ့လာသင့်ပါသည်။

၁၁။ စာပေဟောပြောပွဲများ ကျင်းပရာတွင် လုံခြုံကိစ္စကို ဦးစားပေး



www.burmeseclassic.com

၍ ပြည်နယ်/တိုင်းအဆင့်၊ ခရိုင်အဆင့် သဘောတူညီမှုအရ မြို့နယ်အဆင့် တာဝန်ခံများ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

၁၂။ စာပေဟောပြောပွဲများကို နီးစပ်ရာ (သို့မဟုတ်) လမ်းပန်းဆက်သွယ်ရေး အဆင်ပြေရာ မြို့နယ်ချင်းညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်နိုင်ပါက ပို၍အဆင်ပြေမည်ဖြစ်ပါသည်။

၁၃။ မြို့နယ်အဖွဲ့များ၏ မူလဟောပြောရန် လျာထားသည့်ပုဂ္ဂိုလ်များအား ဆက်သွယ်အကူအညီ တောင်းခံ အသိပေးပြီးနောက်မှ အခြားဟောပြောမည့်သူ တစ်ဦးချင်းနှင့်ဆက်သွယ်ကာ အစားထိုးဖိတ်ကြားမှုကို ရှောင်ရှားရန် လိုအပ်ပါသည်။

၁၄။ စာပေဟောပြောမည့်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ခံတစ်ဦးထားရှိပြီး၊ ဟောပြောပွဲစနစ်တကျ ပြီးမြောက်စေရေးအတွက် ထိုပုဂ္ဂိုလ်နှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

၁၅။ စာပေဟောပြောပွဲများကျင်းပရာတွင် စာရေးဆရာများက အခြေအတင် စကားရည်လုပွဲအသွင် ပြောဆိုခြင်းမျိုးကို လုံးဝမပြုလုပ်ကြရန်ဖြစ်ပါသည်။

၁၆။ စာပေဟောပြောပွဲများသို့ ကြွရောက်ဟောပြောမည့် ပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ မြို့နယ်အဖွဲ့မှတစ်ဆင့် အောက်ပါအတိုင်း မေတ္တာရပ်ခံ အသိပေးထားရန် လိုအပ်ပါသည်။

(က) စာပေဟောပြောပွဲများသို့ သွားရောက်ချီးမြှင့်ရာ တွင် အတူသွားကြသည့် စာပေရောင်းရင်းအချင်း ချင်း စည်းကမ်းရှိရှိ စည်းလုံးညီညွတ်စွာဆောင်ရွက်ကြရန်၊

(ခ) သတ်မှတ်ထားသော ဦးတည်ချက်ဘောင်အတွင်း မှ တည်တည်ကြည်ကြည် သိက္ခာရှိရှိ ဟောပြော ကြရန်၊



www.burmeseclassic.com

www.burmeseclassic.com

(ဂ) မူးယစ်သောက်စားမှုကို ရှောင်ကြဉ်ကြရန်၊

(ဃ) တိုင်းရင်းသားရိုးရာဝတ်စုံဖြစ်စေ၊ အမျိုးသားဝတ်စုံဖြစ်စေ ဝတ်ဆင်၍ ဟောပြောကြရန်၊

(င) မိမိအား ဟောပြောရန် တာဝန်ပေးခြင်းမရှိသော အခြားမြို့နယ်များသို့ ကူးပြောင်း၍ သွားရောက် ဟောပြောခြင်းမပြုရန်၊

၁၇။ မြို့နယ်များတွင် စာပေဟောပြောပွဲများ ကျင်းပပြီးစီးပါက ရှေ့လာမည့်နှစ်များအတွက် ကျင်းပမည့် စာပေဟောပြောပွဲများကို ပိုမိုတိုးတက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျင်းပပြီးစီးမှု အခြေအနေ၊ သုံးသပ်ချက်၊ အကြံပြုချက်များပါဝင်သော အစီရင်ခံစာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ (သို့မဟုတ်) မြို့နယ်စည်းရုံးရေး ကော်မတီက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)သို့ မပျက်မကွက်(မပျက်မကွက်) ပေးပို့ရန်ဖြစ်ပါသည်။

## နိဂုံး

၁၈။ နိုင်ငံတော်က ချမှတ်ထားသော စာပေဆိုင်ရာမူဝါဒများနှင့် အညီ နိုင်ငံနှင့်ပြည်သူ့အကျိုးပြု စာပေအရပ်ရပ် ထွန်းကား ရေးအတွက် ‘စာဆိုတော်နေ့အခမ်းအနား’ နှင့်‘စာပေဟောပြောပွဲ’များကို စနစ်တကျ ကျင်းပပြီးမြောက်ကြစေရန် စည်းရုံးလှုံ့ဆော်လျက် စည်းကမ်းတကျ အောင်မြင်ပြီးမြောက်အောင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ နှင့်စာပေချစ်မြတ်နိုးသူများက ပူးပေါင်းကူညီ ဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံပါသည်။

**ဗဟိုအမှုဆောင်ကော်မတီ**
**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့**

ရက်စွဲ၊ ၂၀၀၄ခုနှစ်၊ အောက်တိုဘာလ ၃၀ရက်၊ ရန်ကုန်မြို့။



www.burmeseclassic.com

# မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့
# ၁၃၆၆ ခုနှစ်တွင် ကန်တော့ခံမည့် သက်ကြီးစာပေပညာရှင်
# (အသစ်တိုးစာရင်း)

| စဉ် | အမည် | ကလောင်အမည် | ပြည်နယ်/တိုင်း | မြို့နယ် |
|---|---|---|---|---|
| ၁။ | ဆရာကြီးဦးလှမြိုင် | ကိုဆောင်း | ရန်ကုန်တိုင်း | ရန်ကင်း |
| ၂။ | ဒေါ်ရင်ရင်မော် | ရင်ရင်မော်(အာမခံ) | ရန်ကုန်တိုင်း | ဒဂုံ(မြောက်) |
| ၃။ | ဆရာကြီးဦးမြင့်အောင် (ဝိဇ္ဇာ၊ဥပဒေဝိဇ္ဇာ၊စီးပွားရေးစီမံကိန်းဒီပလိုမာ) | | ။ | ရန်ကင်း |
| ၄။ | ဦးတင်မောင် | တက္ကသိုလ်ဇော်မင်း | ။ | အင်းစိန် |
| ၅။ | ဆရာကြီး ဦးစဝ်ထွန်းမှတ်ဝင်း | အရှင်ဝဏ္ဏဓဇသီရိ | ။ | မရမ်းကုန်း |
| ၆။ | ဆရာမကြီးဒေါ်မြင့်သန်း | ကထိကဒေါ်မြင့်သန်း | ။ | ပုဇွန်တောင် |
| ၇။ | ဆရာကြီးဦးစန်ဝင်း | | ။ | ဗိုလ်တထောင် |
| ၈။ | ဦးအောင်ကြင် | သတင်းထောက်ကြီး | ဧရာဝတီတိုင်း | မြောင်းမြ |
| ၉။ | ဒေါ်မေသန်းတင် | ပြင်ဦးလွင်သဇင် | မန္တလေးတိုင်း | ပြင်ဦးလွင် |



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့
# ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများအနက်
# ၁၃၆၅-၆၆ ခုနှစ်အတွင်း ကွယ်လွန်သူများစာရင်း

| စဉ် | အမည်/ကလောင်အမည် | မြို့နယ် | ကွယ်လွန်သည့်ရက် |
|---|---|---|---|
| ၁။ | ဒေါ်အုန်း (အမ်အေ ဒေါ်အုန်း) | မန္တလေး | ၂၈ · ၁၁ · ၂၀၀၃ |
| ၂။ | ဦးအုန်းဖေ (တက်တိုး) | ဒဂုံ | ၇ · ၁၂ · ၂၀၀၃ |
| ၃။ | ဦးကိုကိုကြီး (ကကြီးသုံးလုံး) | တာမွေ | ၂၈ · ၁၂ · ၂၀၀၃ |
| ၄။ | ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး) | တောင်ဥက္ကလာ | ၁၁ · ၁ · ၂၀၀၄ |
| ၅။ | ဦးတော် (အမရပူရဦးတော်) | ဒဂုံ( အရှေ့ ) | ၁၃ · ၁ · ၂၀၀၄ |
| ၆။ | ဦးဖေခင် (ပင်လုံဖေခင်) | ဗဟန်း | ၂၅ ၂ · ၂၀၀၄ |
| ၇။ | ဦးစိုးရင် (သိပ္ပံစိုးရင်) | အင်းစိန် | ၁၈ · ၄ · ၂၀၀၄ |
| ၈။ | ဦးထင် (မြေလတ်ဖိုးကျူး) | သရက် | ၁၈ · ၆ · ၂၀၀၄ |
| ၉။ | ဦးလှမြင့် (လုပ်သားနေ့စဉ်) | ရန်ကင်း | ၉ · ၇ · ၂၀၀၄ |
| ၁၀။ | ဦးခင်မောင်လတ် | မကွေး | ၁၁ · ၇ · ၂၀၀၄ |
| ၁၁။ | ဦးသာညွန့် | စမ်းချောင်း | ၂၇ · ၇ · ၂၀၀၄ |
| ၁၂။ | ဦးဘိုးကဲ (ကျော်ဇေ-ဇေယျာတမန်) | သင်္ဃန်းကျွန်း | ၄ · ၈ · ၂၀၀၄ |
| ၁၃။ | ဦးဝန်(မင်းသုဝဏ်) | ကမာရွတ် | ၁၅ ၈ · ၂၀၀၄ |
| ၁၄။ | ဦးတင်စိုး(စစ်ကိုင်းတင်စိုး) | စစ်ကိုင်း | ၁၈ · ၅ · ၂၀၀၄ |
| ၁၅။ | ဦးလှကျော်(လှကျော်-ပညာရေး) | သင်္ဃန်းကျွန်း | ၂၃ · ၄ · ၂၀၀၄ |
| ၁၆။ | ဦးတင်လှ(မောင်မြန်မာ) | မရမ်းကုန်း | · ၂၀၀၄ |
| ၁၇။ | ဦးတင်ဟိန်း(မောင်မဲ) | ဘားအံ | ၁၈ · ၁၁ · ၂၀၀၄ |



www.burmeseclassic.com